www.burmeseclassic.com

# ဘုန်းကြွယ်

ကျ း ယု ၏ လျှို တိ ဝု း ဝု

သိုင်းရှောက်ဒိမ်

ပထမပိုင်း

BURMESE CLASSIC .com



www.burmeseclassic.com

www.burmeseclassic.com

BURMESE CLASSIC .com

# ဘုန်းကြွယ်

# သိုင်းလောကအိမ်

(ပထမပိုင်း)

www.burmeseclassic.com

www.burmeseclassic.com

## အမုန်းသံသရာ

အချိန်ကာလဟူသည် ရပ်တန့်နေရိုး မရှိခဲ့ပါ။

အမြဲတစေ ပြောင်းလဲနေသည်မှာ ဓမ္မတာပင် ဖြစ်သည်။

အချိန်ပြောင်းလဲသည်နှင့်အမျှ အခြေအနေ အရပ်ရပ်သည်လည်း ပြောင်းလဲလာခဲ့ရပေသည်။

ယနေ့ သိုင်းလောကဝယ် အနာဂတ် လူငယ်မျိုးဆက်သစ်များက ဦးဆောင်လာသည်ဟု ထင်ရပေသည်။

နဂါးမားထင်းလင်း...

နဂါးမားထင်းလင်းသည် အသက်နှစ်ဆယ် ဝန်းကျင်သာ ရှိသေးသော လူငယ်တစ်ယောက် ဖြစ်သည်။

သို့သော် သိုင်းလောကသို့ ခြေချပြီး နှစ်နှစ်အတွင်းမှာပင် လျှမ်းလျှမ်းတောက် ကျော်ကြားခဲ့သည်။

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



နောက်ဆုံးဝယ် လူငယ်သိုင်းသမားများစွာအနက် အတော်ဆုံးသော ပထမတားသမား ဖြစ်သည်ဟု ထိပ်သီးသိုင်းသမားကြီးများကိုယ်တိုင် လက်ခံအသိအမှတ်ပြုခဲ့ကြလေသည်။

* * *

သက်ချွေဓားဝမ်းဝေရှန်း...

သူသည်လည်း ထင်းလင်းနှင့်အပြိုင် ကျော်ကြားနေသော လူငယ်ဓားသမားတစ်ဦး ဖြစ်သည်။

သူ၏ဓားပညာမှာ ထင်းလင်းနှင့် မတိမ်းမယိမ်း ရှိသော်လည်း တဇွတ်ထိုးလုပ်တတ်ခြင်း၊ တစ်ခါတစ်ရံတွင် ရက်စက်တတ်ခြင်း တို့ကြောင့် ထင်းလင်းလောက် မကျော်ကြားဘဲ အမြဲနောက်ချန်နေခဲ့ရပေသည်။

နဂါးဓားထင်းလင်းနှင့် သက်ချွေဓားဝမ်းဝေရှန်း အကြောင်း ဖော်ပြလျှင် နတ်မိမယ်ကြူးယွင် အကြောင်းလည်း ဖော်ပြရပေမည်။

လူငယ်လူရွယ် သိုင်းမောင်မယ်များထဲ၌ နတ်မိမယ်ကြူးယွင်သည်လည်း ထင်ရှားကျော်ကြားသူတစ်ဦး ဖြစ်သည်။

သူမသည် အသက်နှစ်ဆယ်ပင် မပြည့်သေးပါ။

သို့သော် သိုင်းပညာ၌ကား အစွမ်းထက်မြက်သူတစ်ဦး ဖြစ်သည်။

ရုပ်ရည်ချောမောလှပခြင်းကြောင့်လည်း လူငယ်သိုင်းသမား၏ ပါးစပ်ဖျား၌ အလွန်ပင် ရေပန်းစားလေသည်။



နတ်မိမယ်ကြူးယွင်သည် သိုင်းလောကဒုစရိုက်သမားများအား နှိမ်နင်းနေသူလည်း ဖြစ်၍ သူမသည်လည်း စံပြထိုက်သည့် လုံမငယ်တစ်ဦးဟု အားလုံး လက်ခံထားကြ၏။

သို့သော် ခြွင်းချက်တစ်ခုကား သူမသည် မာနကြီးကာ တစ်ခါတစ်ရံ သူမ၏စိတ်အား မှန်းဆရခက်လှသည်။

အလွန်စိတ်ထားထူးဆန်းသော မိန်းကလေး ဖြစ်သည်ဟုလည်း သတင်းကြီးနေပေတော့သည်။

* * *

မြင့်မားမတ်စောက်သော တောင်တစ်လုံး ဖြစ်သည်။

တောင်ပေါ်၌ ကျယ်ပြန့်သော မြေကွက်လပ်တစ်ခု ရှိသည်။

မြေကွက်လပ်ထဲ၌ လူငယ်နှစ်ယောက် ရပ်နေ၏။

ထိုလူငယ်နှစ်ယောက်ကား သိုင်းလောက၌ အပြိုင်အဆိုင် ကျော်ကြားနေသော နဂါးဓားထင်းလင်းနှင့် သက်ချွေဓားဝမ်းဝေရှန်း တို့ပင် ဖြစ်သည်။

ဝမ်းဝေရှန်းသည် အမြဲတစေ ထင်းလင်း၏နောက်၌သာ နေခဲ့ရသောကြောင့် မနာလို မရှုစိမ့် ဖြစ်ခဲ့သည်။

သူသည် ထင်းလင်းထက် ကျော်ကြားချင်၏။ ထို့ကြောင့်... နောက်ဆုံးဝယ် ယှဉ်ပြိုင်တိုက်ခိုက်ရန် စိန်ခေါ်ခဲ့ခြင်း ဖြစ်ပေတော့သည်။

* * *

www.burmeseclassic.com

www.burmeseclassic.com



လေတဟူးဟူး တိုက်ခတ်နေသည်။

အဝတ်အစားများမှာ လေနှင့်အတူ လွင့်ပျံ့နေ၏။

ထင်းလင်း သက်ပြင်းချလိုက်၏။

တည်ငြိမ်သော ဟန်မူရာဖြင့် ဝမ်းဝေရှန်းအား ကြည့်ယင်း..

"မင်း ဘာကြောင့် ငါနဲ့ သဲကြီးမဲကြီး ယှဉ်ချင်ရတာလဲ"

ဝမ်းဝေရှမ်း မဲ့ပြုံးပြုံးလိုက်၏။

"ဘာကြောင့်လဲ ဟုတ်လား၊ ပထမဓားသမားလို့ မင်းက ကျော်ကြားနေတယ် မဟုတ်လား၊ မင်းကို ယှဉ်ပြိုင်ပြီး ပထမဓား သမားအဖြစ် ခံယူမလို့ပေါ့"

ထင်းလင်း ခေါင်းခါယမ်းလိုက်၏။

"မင်းမှားနေပြီ၊ လောကမှာ ဘယ်အရာမှ ပထမဆိုတာ မရှိဘူး၊ အချိန်တန်ယင် ကိုယ့်ထက်သာတဲ့လူ ပေါ်လာစမြဲပဲ"

"အပိုတွေ မပြောနဲ့တော့ ဓားထုတ်လိုက်ပါ"

"မဟုတ်သေးဘူး၊ ပထမနေရာအတွက် ယှဉ်ပြိုင်တာဆို ယင် အဓိပ္ပါယ်မှမရှိဘဲ၊ ပြီးတော့ ငါ မင်းနဲ့ မယှဉ်ချင်ဘူး"

ဝမ်းဝေရှန်း၏မျက်နှာ တင်းမာသွားသည်။

"မင်းက ငါ့ကို အထင်သေးတာလား"

"ငါ ဘယ်သူ့ကိုမှ အထင်မသေးဘူး"

"ဒါဖြင့် ဓားထုတ်ပါ"

"ငါ မင်းနဲ့ မယှဉ်ချင်ဘူး"

"မင်းကြောက်နေပြီလား၊ မင်းဟာ ပထမဓားသမား ဖြစ် မဖြစ် ငါကတော့ စမ်းကြည့်မှာပဲ"



ဝမ်းဝေရှန်းက စိတ်အားထက်သန်စွာဖြင့် ပြောလာ၏။

ထင်းလင်း သက်ပြင်းချလိုက်သည်။

သူက အဘယ်ကြောင့်မှန်းမသိ ဝမ်းဝေရှန်းအား တွေ့တွေ့ ချင်း ခင်မင်ရင်းနှီးလိုစိတ်များ ဖြစ်ပေါ်ခဲ့၏။

ဝမ်းဝေရှန်းနှင့် မယှဉ်ပြိုင်လိုပါချေ။

သို့သော် ဝမ်းဝေရှန်းအား ဖျောင်းဖျမရန်မှန်း သဘော ပေါက်သွားသည်။

"ကောင်းပြီ၊ မင်း ဒီလောက် စိတ်ထက်သန်နေမှတော့ ငါ မငြင်းတော့ပါဘူး၊ ဒါပေမယ့်.."

"ဒါပေမယ့် ဘာဖြစ်လဲ"

"ရန်သူလို ယှဉ်ပြိုင်တာ မဟုတ်ဘဲ ပညာဖလှယ်တဲ့ ယှဉ် ပြိုင်မှုမျိုးပဲ လိုချင်တယ်"

ဝမ်းဝေရှန်း မဲ့လိုက်၏။

"ငါကတော့ ပထမဓားသမားနေရာအတွက် ယှဉ်ပြိုင်ရမှာ ပဲ"

ထင်းလင်း စိတ်ပျက်သွားမိသည်။

ထိုစဉ်...

"သတိထား"

အော်ဟစ်သတိပေးယင်း ဝမ်းဝေရှန်းက စတင်တိုက်ခိုက် လာလေသည်။

ထင်းလင်း မတတ်သာဘဲ ဓားခွဲထုတ်ကာ ပြန်လည်ခုခံ ပေးလိုက်ရသည်။

www.burmeseclassic.com

www.burmeseclassic.com



ဝမ်းဝေရှန်း သဘောကျသွားသည်။

"ဒီလိုမှပေါ့၊ ကဲ နောက်ထပ် လာပြီ"

သူက အစွမ်းထက်သော ဓားကွက်များအား ထုတ်ဖော်အသုံးပြုလာပြန်သည်။

ထင်းလင်းမှာ ပြန်လည်တိုက်ခိုက်လိုက်ရသည်။

ဤသို့ဖြင့်…

မြေကွက်လပ်၌ တိုက်ပွဲ ဖြစ်ပေါ်လာလေတော့သည်။

* * *

တိုက်ခိုက်မှုမှာ တဖြည်းဖြည်း ပြင်းထန်မြန်ဆန်လာ၏။

ဝမ်းဝေရှန်းသည် အထက်မြက်ဆုံး သိုင်းကွက်များအား အသုံးပြုလာသောကြောင့် ထင်းလင်း မပေါ့ဆဝံ့တော့ချေ။

သူကလည်း အစွမ်းထက်သော သိုင်းကွက်များအား ထုတ်ဖော်ကာ ပြန်လည်တိုက်ခိုက်လိုက်ရတော့၏။

သူတို့သည် လက်ရည်တူကာ သိုင်းကွက်တစ်ရာ ကျော်လာခဲ့သည်။

သိုင်းကွက်နှစ်ရာ ပြည့်လာသောအခါ ထင်းလင်းမှာ အသာစီးရလာသည်။

သူသည် အစကတည်းက ယိန်းထိန်းသိမ်းသိမ်း တိုက်ခိုက်လာခဲ့ခြင်းသာ ဖြစ်သည်။

နှစ်ယောက်သား တိုက်ခိုက်ယင်း ချောက်နှုတ်ခမ်းဝသို့ ရောက်ရှိလာသည်။



ထင်းလင်းအား ဝမ်းဝေရှန်းက ပြင်းပြင်းထန်ထန် တိုက်ခိုက်လာသည်။

သူသည် အသေသတ်ရန် စိတ်စောနေသဖြင့် ချောက်နှုတ်ခမ်းအား သတိမပြုမိတော့ချေ။

"ယား"

ညာသံပေးကာ တရကြမ်း တိုက်ခိုက်လိုက်၏။

ထင်းလင်းမှာ မြေပေါ်လှိမ့်ကာ ရှောင်ပေးလိုက်ယင်း…

"ဝမ်းဝေရှန်း သတိထား ရှေ့မှာ ချောက်ရှိတယ်"

ကပျာကယာ အော်ဟစ်သတိပေးလိုက်၏။

ထိုအခါမှ ဝမ်းဝေရှန်း သတိပြုမိသွားကာ အထိတ်တလန့်ဖြင့် နောက်ပြန်ဆုတ်လိုက်သည်။

သို့သော် အနည်းငယ် နောက်ကျသွားချေပြီ။

ယာဘက်ခြေက ကျောက်ခဲလေးကို နင်းမိသွားကာ ဟန်ချက်ပျက်သွားပြီးနောက် ချောက်ထဲ ထိုးကျသွားတော့သည်။

"ဝမ်းဝေရှန်း"

ထင်းလင်း ကျယ်လောင်စွာ အော်ဟစ်လိုက်သံသည် ဝန်းကျင်တစ်ခုလုံး ပျံ့နှံ့သွားလေတော့သည်။

* * *

www.burmeseclassic.com

www.burmeseclassic.com



ဝမ်းဝေရှန်း ချောက်ထဲ ကျသွားခဲ့ခြင်းကြောင့် ထင်းလင်းမှာ စိတ်မကောင်း ဖြစ်ခဲ့ရသည်။

သူသည် စိတ်ညစ်ညစ်ဖြင့် ခြေဦးတည့်ရာ လျှောက်သွားယင်း ဒုစရိုက်သမားများ၏ အကောက်ကြံ တိုက်ခိုက်မှုအား ခံခဲ့ရသည်။

ဒုက္ခရောက်မည့်ဆဲဆဲတွင် လူတစ်ယောက်က ကူညီသဖြင့် အသက်ချမ်းသာရခဲ့သည်။

သူ၏အသက်အား ကယ်တင်ခဲ့သူမှာ နတ်မိမယ်ကြူးယွင်ပင် ဖြစ်သည်။

မာနကြီးသော ကြူးယွင်သည် ထင်းလင်းအား မြင်မြင်ချင်းပင် သံယောဇဉ် ဖြစ်ခဲ့သည်။

ထင်းလင်းနှင့် ရင်းရင်းနှီးနှီး ရှိခဲ့ပြီးနောက် ထင်းလင်းအတွက် နဂါးကြေးခွံကိုယ်ကြပ်အင်္ကျီ လက်ဆောင်ပေးခဲ့သည်။

သံမဏိချည်မျှင်ဖြင့် ယက်လုပ်ထားသော နဂါးကြေးခွံကိုယ်ကြပ်အင်္ကျီသည် ဓားလှံလက်နက် ထိုးမဖောက်နိုင်ပါချေ။

ထင်းလင်းနှင့် ကြူးယွင်သည် စိတ်တူကိုယ်တူဖြင့် မကောင်းမှုများအား ဖြေရှင်းခဲ့ကြသည်။

ကြူးယွင်သည် သဘောထားကြီးသော ထင်းလင်းအား ပို၍ အထင်ကြီးလာပြီး တစ်ဘက်သတ် မေတ္တာသက်ဝင်လာခဲ့သည်။

ထိုအချိန်တွင် ထင်းလင်းမှာ မိတ်ဆွေဖြစ်သူ မိန်းကလေးတစ်ဦးအား အကူအညီပေးယင်းမှ တပူးတတွဲတွဲ ရှိခဲ့သည်။

ဤတွင် ကြူးယွင်မှာ အလွန်ပင် စိတ်ဆိုးသွားပြီး အထင်



အမြင်လွဲခဲ့သည်။

သူမသည် မာနကြီးသူတစ်ဦးပီပီ ထင်းလင်းအား စိတ်နာကာ ခြေဦးတည့်ရာ ထွက်သွားခဲ့၏။

ထင်းလင်းမှာ ရှင်းပြခွင့် မရသောကြောင့် လက်မှိုင်ချခဲ့ရတော့သည်။

သူ့တွင်လည်း တာဝန်များ ရှိနေခြင်းကြောင့် ကြူးယွင်အားလိုက်မရှာအားခဲ့ချေ။

သူ၏တာဝန်မှာ တစ်ချိန်က သိုင်းလောကတစ်ခုလုံး ဂယက်ရိုက်စေခဲ့သော အမုန်းမိစ္ဆာအား သုတ်သင်ရန်နှင့် မိဘဖစ်မြစ်အား စုံစမ်းရန်ပင် ဖြစ်ပါတော့သည်။

* * *

www.burmeseclassic.com

www.burmeseclassic.com



ထင်းလင်းသည် သိုင်းလောကဝယ် ကျက်စားယင်းမှ မိမိ၏ ဘဝဇစ်မြစ်ကို စုံစမ်းခဲ့သည်။

သူသည် ငယ်စဉ်ကပင် မိဘမျိုးရိုးဇာတိ မည်သူမှန်း မသိရဘဲ ဆရာဖြစ်သူက ကောက်ယူမွေးစားခဲ့သည် မဟုတ်ပါလား။

ထင်းလင်းသည် စုံစမ်းယင်းမှ တစ်ချိန်က လုပ်ကြံခံခဲ့ရသော သတ္တိခဲမောင်နှံနှင့် ပတ်သက်နေနိုင်သော အချက်အလက်များအား စုဆောင်းထားခဲ့နိုင်သည်။

သတ္တိခဲမောင်နှံသည် သူ၏မိဘများ ဖြစ်နိုင်ကြောင်းလည်း ထင်မြင်လာခဲ့သည်။

ထို့ကြောင့် မိတ်ဆွေဖြစ်သူ မုရသေ့အား အကူအညီတောင်းကာ သတ္တိခဲမောင်နှံရှိစဉ်က အိမ်ထိန်းကြီး လုပ်ခဲ့သော ယီကုံးဆိုသူထံ ခရီးထွက်လာခဲ့ကြလေသည်။

မုရသေ့သည် ယီကုံးနှင့် အလွန်ရင်းနှီးသော မိတ်ဆွေများပင် မဟုတ်ပါလား။

* * *

## ဇစ်မြစ်မှန်

နေလုံးကြီးသည် ပို၍ မြင့်တက်လာပြီ ဖြစ်သည်။

နေပူရှိန်ကလည်း ပို၍ ပြင်းထန်လာသည်။

အရိပ်အာဝါသ ကင်းမဲ့သည့် တစ်ခုသော လမ်းမပေါ်တွင် မြင်းနှစ်ကောင် ရင်ဘောင်တန်းလျက် ပြေးလွှားနေ၏။

မြင်းပေါ် စီးနင်းလိုက်ပါလာသူနှစ်ယောက်မှာ ထင်းလင်းနှင့် မုရသေ့တို့ ဖြစ်ပါသည်။

မုရသေ့က လေပူတစ်ချက် မှုတ်ထုတ်ယင်း...

"အား တကယ်ပူတဲ့နေပဲ၊ တို့ ခဏလောက် နားကြယင်ကောင်းမယ် ထင်တယ်"

ထင်းလင်း၏အင်္ကျီမှာလည်း ချွေးများဖြင့် စိုရွဲနေပြီ ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



မျက်နှာပေါ်တွင်လည်း ချွေးများ စို့နေသည်ကို တွေ့မြင်ရလေသည်။

သို့သော် သူ၏မျက်နှာတွင် နွမ်းနယ်မောပန်းဟန် အလျဉ်းမရှိချေ။

တစ်စုံတစ်ခုအတွက် စိတ်အားထက်သန်နေပုံရလေသည်။

ထို့ကြောင့် မုရသေ့သည် သက်ပြင်းချလိုက်ပြီး...

"အင်း နားမနေတော့ပါဘူးကွာ၊ ခရီးတစ်ဝက် ကျိုးနေပြီပဲ၊ မြန်မြန်ခရီးဆက်ကြတာပဲ ကောင်းပါတယ်"

မုရသေ့သည် တစ်ကိုယ်တည်း ရေရွတ်သလို ပြောပြီး မြင်းတင်ပါးကို ဖနောင့်နှင့် အသာပေါက်လိုက်၏။

မြင်းမှာ တရှိန်ထိုး ပြေးထွက်သွားလေတော့သည်။

ယင်းသို့ဖြင့် မရပ်မနား ခရီးနှင်ခဲ့ကြရာ ညနေစောင်းအချိန်တွင် ရွာကလေးတစ်ရွာသို့ ရောက်ရှိလာခဲ့ကြ၏။

မြစ်ကမ်းအနီး တည်ဆောက်ထားပြီး အိမ်ခြေသုံးဆယ်ခန့်မျှသာ ရှိသော ရွာကလေး ဖြစ်သည်။

ထင်းလင်းတို့ ရွာထဲ ဝင်ရောက်လာသော အချိန်သည် ရွာသားများ အလုပ်သိမ်း ပြန်လာသောအချိန်ပင် ဖြစ်၏။

ကိုယ်အထက်ပိုင်း အင်္ကျီမပါ။

ပခုံးထက်တွင် အချို့က လှော်တက်ကို ထမ်းလျက် ပြန်လာကြသည်ကို တွေ့မြင်ရသည်။

မုရသေ့သည် ရွာလမ်းမအတိုင်း မြင်းကို စိုင်းနှင်လာခဲ့ရာ မကြာမီ ရွာကို လွန်ကာ ခြံဝင်းတစ်ခုသို့ ရောက်ရှိလာလေသည်။



ခြံဝင်းရှေ့သို့ ရောက်သောအခါ မုရသေ့သည် မြင်းပေါ်မှ လွှားခနဲ ခုန်ဆင်းလိုက်ပြီး...

"ထင်းလင်း ဒီအိမ်ပဲ"

ထင်းလင်းလည်း မြင်းပေါ်မှ ခုန်ဆင်းလိုက်သည်။

မုရသေ့က တံခါးမရှိသော ခြံဝင်းထဲသို့ မြင်းကိုဆွဲကာ ဝင်ရောက်သွားသည်။

ထင်းလင်းလည်း နောက်မှ လိုက်၍ ဝင်ရောက်သွားလေသည်။

* * *

www.burmeseclassic.com

www.burmeseclassic.com



မုရသေ့က အိမ်တံခါးကို အသာအယာ ခေါက်လိုက်၏။

တံခါးခေါက်သံနှင့် မရှေးမနှောင်းမှာပင် အတွင်းမှ လှုပ်ရှားသံများ ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။

ထို့နောက် တံခါးပွင့်လာပြီး ဖြူဖွေးသော ဦးခေါင်းတစ်လုံး ပြူးထွက်လာသည်ကို တွေ့လိုက်ရလေသည်။

အသက်ခြောက်ဆယ်နီးပါး ရှိသော အဘိုးအိုတစ်ဦးပင် ဖြစ်သည်။

အဘိုးအိုသည် မုရသေ့ကိုတွေ့မြင်လိုက်ရမှ တံခါးကို ကျယ်ကျယ်ဖွင့်လိုက်သည်။

နှုတ်မှလည်း ဝမ်းသာအားရ နှုတ်ဆက်လိုက်သည်။

"ဟာ..မင်းကိုး မတွေ့ရတာ အတော်ကြာပြီပဲ၊ လာ လာ အထဲဝင်"

မုရသေ့က ရယ်မောယင်း...

"မသေသေးလို့ တွေ့ရတာပေါ့ဗျာ"

မုရသေ့က ရယ်မောပြောဆိုယင်း အခန်းထဲ လှမ်းဝင်လိုက်သည်။

ထင်းလင်းလည်း နောက်မှလိုက်ဝင်လိုက်သည်။

အဘိုးအိုက စားပွဲ ကုလားထိုင်များ နေရာချထားပေးပြီး နံရံတွင် ချိတ်ဆွဲထားသော မီးအိမ်ကိုထွန်းညှိလိုက်၏။

မှောင်ကုပ်ကုပ်ဧည့်ခန်းသည် မီးရောင်ကြောင့် လင်းလင်းချင်းချင်း ဖြစ်လာ၏။

ထင်းလင်းက ဧည့်ခန်းကို အကဲခတ်လိုက်သည်။



ဧည့်ခန်းအတွင်းဝယ် သူတို့ထိုင်နေသည့် ခုံတစ်လုံးအပ အခြားမရှိပါချေ။

ထွန်းလက်စ အမွှေးတိုင်သုံးချောင်းကိုလည်း အငွေ့တလူလူနှင့်တွေ့မြင်ရသည်။

အဘိုးအိုသည် အရက်တစ်အိုးကိုဆွဲကာ စားပွဲတွင် ဝင်ထိုင်လိုက်သည်။

ထို့နောက်...

မုရသေ့နှင့်ထင်းလင်းအတွက် အရက်ငှဲ့ပေးသည်။

ပြီးမှ...

"မင်း ဘယ်ကနေလှည့်လာတာလဲ၊ ငါတို့ မတွေ့ကြတာ အတော်ကြာပြီနော်"

အဘိုးအိုက မုရသေ့အား လှမ်းပြောသည်။

မုရသေ့ ခေါင်းညိတ်ယင်း...

"အင်း..ဆယ့်ခြောက်နှစ်တောင် ရှိပြီပဲ"

ဟုဖြည့်စွက် ပြောလိုက်၏။

"နေပါဦး..ငါမေးတာ မင်းမဖြေသေးဘူးနော်"

မုရသေ့က ရယ်မောယင်း..

"ဒီကို တမင်လာခဲ့တာပဲ"

အဘိုးအို အံ့ဩဟန်ဖြင့် မျက်မှောင်ကုပ်သွားသည်။

"ငါ့ကို သတိရလို့လာတာဆိုယင် ငါမယုံဘူး"

"သိပ်ဟုတ်တာပေါ့"

"ဒါဆို ဘာကိစ္စလဲ"

www.burmeseclassic.com

www.burmeseclassic.com



မုရသေ့က ထင်းလင်းဘက် မေးဆတ်ပြလိုက်သည်။

"ငါ့ကိစ္စတော့ မဟုတ်ဘူး၊ သူ့ကိစ္စပါ"

အဘိုးအိုသည် ယခုမှပင် ထင်းလင်းကို ဂရုတစိုက်အကဲခတ် ကြည့်လိုက်မိသည်။

ထင်းလင်း၏မျက်နှာကို အတန်ကြာ ကြည့်လိုက်ပြီးနောက် သက်ပြင်းတစ်ချက် လေးပင်စွာချလိုက်လေသည်။

မုရသေ့က ထင်းလင်းဘက် လှည့်လိုက်ပြီး..

"ထင်းလင်း..ငါပြောတဲ့ သတ္တိခဲမောင်နံရဲ့ အိမ်ထိန်းကြီးယီကုံးဆိုတာ သူပဲ"

ထင်းလင်းသည် ယီကုံးကိုကြည့်ယင်း ရင်မှာ တထိတ်ထိတ် ခုန်လာ၏။

သူသိလိုသော အကြောင်းအရာများ သိနိုင်တော့မည်ဟု မျှော်လင့်ယုံကြည်မိသောကြောင့် ဖြစ်သည်။

မုရသေ့က..

"ယီကုံး..သူက မင်းကိုမေးစရာတွေရှိတယ်၊ ငါကလည်း သူ့ကိုကူညီပါ့မယ်လို့ ကတိပေးထားတယ်၊ ဒီတော့ သူမေးတာတွေကို အတတ်နိုင်ဆုံး အမှန်ပြောပြဖို့ ငါကြားကပဲ မေတ္တာရပ်ခံပါတယ်"

မုရသေ့၏လေသံက လေးနက်တည်ကြည်နေ၏။

ယီကုံး မျက်မှောင်ကြုတ်သွားပြီး ထင်းလင်းကို ကြည့်လိုက်သည်။

"မောင်ရင်လေးက ဘာတွေသိချင်လို့လဲ"



"ကျွန်တော် သတ္တိခဲမောင်နံအကြောင်း သိချင်လို့ပါ"

ထင်းလင်းက မဆိုင်းမတွပင် ဖြေလိုက်၏။

ယီကုံး သက်ပြင်းချကာ..

"မင်း ဘာကြောင့်သိချင်ရတာလဲ"

"ကျွန်တော့် ကိုယ်ရေးကိုယ်တာနဲ့ ပတ်သက်နေလို့ပါ"

"ဟုတ်တယ် ယီကုံး သူသိချင်တာတွေ ပြောပြလိုက်ပါ"

မုရသေ့က ကြားမှဝင်ရောက် တိုက်တွန်းလိုက်သည်။

ယီကုံး၏မျက်လုံးများ ရီဝေမှုန်မှိုင်းသွား၏။

အတန်ကြာမှ သက်ပြင်းချလိုက်ပြီး...

"ဒီအကြောင်းတွေ ပြန်တွေးမိယင် ရင်နာတယ်၊ ဒါကြောင့် ဘယ်သူ့ကိုမှလည်း မပြောချင်ဘူး၊ ဒါပေမယ့် မင်းကိုယ်တိုင် တိုက်တွန်းတာကြောင့် ငါပြောပါ့မယ်၊ ဒီတော့ မင်းသိချင်တာတွေ မေးပါ၊ ငါဖြေပါ့မယ်"

ယီကုံးသည် မုရသေ့ကိုပြောရာမှ တဆက်တည်းပင် ထင်းလင်းကို လှည့်၍ပြော၏။

ထင်းလင်းက သူစုံစမ်းရမိသော အချက်အလက်များအား စုစည်း၍ ဖြစ်နိုင်ချေရှိသော ကွင်းဆက်များအား မေးမြန်းရန် စိတ်ကူးလိုက်၏။

သူက သက်ပြင်းချကာ...

"သတ္တိခဲမောင်နံ လုပ်ကြံခံခဲ့ရတာ အမှန်ပဲလား"

ယီကုံး၏မျက်နှာ နီမြန်းသွားသည်။

သူက ခံပြင်းစွာဖြင့်...

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်"

"သတ္တိခဲမောင်နံ့ထဲက ဇနီးဖြစ်တဲ့ မိုးစွေငှက်အလောင်းကို ဦးက ယူသွားတယ်ဆိုတာ မှန်ပါသလား"

ထင်လင်းက ထပ်မံမေးလိုက်၏။

ယီကုံး ပြန်မပြောပါ။

ခေါင်းညိတ်၍သာ အဖြေပေးလိုက်၏။

"ဦးအနေနဲ့ ဇာမဏီသိုင်းသမားရဲ့အလောင်းကိုကော ဘာလို့ယူမသွားတာလဲ"

ယီကုံး လက်သီးဆုပ်လိုက်၏။

"သခင်လေးကို ရှာမတွေ့လို့ပဲ၊ မင်းက ငါ့အပေါ် သံသယဝင်တဲ့ မေးခွန်းတွေ ဘာကြောင့်မေးနေရတာလဲ"

ထင်လင်း အားတုံ့အားနာဟန်ဖြင့် လက်နှစ်ဘက်ဆုပ်၍ အရိုအသေပြုလိုက်သည်။

"ကျွန်တော် တောင်းပန်ပါတယ်၊ လောကြီးသွားတာ ခွင့်လွှတ်ပါ"

ယီကုံး လေပူတစ်ချက် မှုတ်ထုတ်လိုက်၏။

ထင်လင်းအား စေ့စေ့ကြည့်ကာ...

"ငါ အမှန်အတိုင်းပြောပြမယ်၊ သခင်လေးတို့ ဇနီးမောင်နှံဟာ ဓားနှစ်လက်စင်းလုံ ချိန်းဆိုမှုကြောင့် ခရီးထွက်ခဲ့တယ်၊ ငါလည်းလိုက်သွားတယ်၊ ဒါပေမယ့် ရှေ့ပြေးအနေနဲ့ အရင်သွားတာ၊ ငါရောက်တော့ ရန်သူဟာ ဓားနှစ်လက်စင်းလုံကို လုပ်ကြံသွားခဲ့ပြီ၊ ဒါကြောင့် ငါပြန်လာခဲ့တယ်၊ လမ်းတစ်ဝက်မှာ သခင်မလေးအလောင်းကို တွေ့ခဲ့ရတယ်"



ထင်လင်း စိတ်ဝင်စားစွာ နားထောင်နေ၏။

မုရသေ့က ဘာမျှဝင်မပြောဘဲ နားစွင့်နေသည်။

ယီကုံးက ဆက်ပြောလိုက်သည်။

"သခင်လေး အလောင်းကိုရှာမတွေ့ဘူး၊ ဒါနဲ့ သခင်မလေးအလောင်းကို သယ်ပြီး ငါ ဒီကိုပြန်လာခဲ့တယ်၊ ဒီမှာဂူသွင်းပြီး သခင်လေးကို အမြန်ဆုံးရှာဖွေတယ်၊ ဒါပေမယ့် ဒီနေ့အထိ ရှာမတွေ့ခဲ့ဘူး၊ သေသလားရှင်သလားဆိုတာလည်း မသိသေးဘူး၊ ငါဟာ ဒီက ထွက်မသွားတော့ဘဲ သခင်လေး ဒါမှမဟုတ် တစ်ယောက်ယောက် ရောက်လာယင် ပြောပြနိုင်ဖို့ စောင့်နေခဲ့တာပဲ၊ ကဲ မင်းသိချင်တာတွေ ကုန်ပြီလား"

"တစ်ခုပဲ ကျန်ပါတော့တယ်ခင်ဗျာ"

ထင်လင်းက တောင်းတောင်းပန်ပန်ဖြင့် ပြောလိုက်သည်။

ယီကုံးက...

"ဘာများလဲ"

"သတ္တိခဲဇနီးမောင်နှံမှာ သားသမီးရှိပါသလား"

ထိုမေးခွန်းကြောင့် ယီကုံး၏ခန္ဓာကိုယ် ဆတ်ခနဲ တုန်ခါသွားလေသည်။

ထင်လင်းကို စူးစိုက်ကြည့်ယင်း....

"ဘာကြောင့် မေးရတာလဲ"

သူ၏လေသံက အေးစက်မာကျောနေ၏။

သူ့မျက်လုံးကလည်း ထင်လင်းကို စူးစမ်းသောအကြ

www.burmeseclassic.com

www.burmeseclassic.com



ဖြင့် စိုက်ကြည့်နေ၏။

ထင်းလင်းက သက်ပြင်းချယင်း...

"ကျွန်တော့ကိုယ်ကျွန်တော် ဘယ်သူဘယ်ဝါမှန်း မသိသေးဘူး၊ ကျွန်တော့်ကို ကျွေးမွေးစောင့်ရှောက်ခဲ့တဲ့ ဆရာရဲ့စကားအရတော့ သူဟာ လွန်ခဲ့တဲ့ နှစ်ပေါင်းနှစ်ဆယ်လောက်က သတ္တိခဲမောင်နံ့လုပ်ကြံခံရတဲ့ ဝန်းကျင်အနီးမှာ ကျွန်တော့်ကိုကောက်ရခဲ့တာလို့ဆိုပါတယ်"

ယီကုံး ငိုင်သွားသည်။

တစ်စုံတစ်ရာ တွေးတောစဉ်းစားဟန်ဖြင့် မျက်မှောင်ကြုတ်သွား၏။

အတန်ကြာမှ...

"မင်း အင်္ကျီချွတ်စမ်း"

ယီကုံး၏စကားကြောင့် ထင်းလင်း ကြောင်အမ်းအမ်းဖြစ်သွားသည်။

"ဘာဖြစ်လို့လဲ"

"ချွတ်မှာသာ ချွတ်စမ်းပါ၊ မင်းရဲ့ကျောကို ငါကြည့်ချင်လို့"

ယီကုံး စိတ်လှုပ်ရှားဟန်ဖြင့် ပြောသည်။

ထင်းလင်းလည်း ဘုမသိဘမသိဖြင့်ပင် အင်္ကျီချွတ်လိုက်လေသည်။

ထို့နောက်...

ယီကုံးဘက်သို့ ကျောပေးလိုက်သည်။

ယီကုံးသည် ထင်းလင်း၏ကျောပြင်ကို အတန်ကြာ စိုက်



ကြည့်လိုက်၏။

အားမရသဖြင့် နံရံတွင် ချိတ်ဆွဲထားသော မီးအိမ်ကိုဖြုတ်ကာ အနီးကပ် သေချာစွာကြည့်သည်။

ထို့နောက်...

ချက်ချင်းပင် အခန်းတစ်ခုအတွင်း ဝင်သွား၏။

ပြန်ထွက်လာသောအခါ မှင်အိုးနှင့်ကလောင်တံ ပါလာသည်ကို တွေ့ရလေသည်။

ယီကုံးက ထင်းလင်းကို စိုက်ကြည့်ပြီး...

"မင်းကျောပေါ်မှာ အစက်ကလေးတွေရှိတာကို မင်းသိသလား"

ထင်းလင်း ခေါင်းညိတ်ပြသည်။

"ဆရာပြောပြလို့ သိထားပါတယ်၊ ဒါပေမယ့် ဘာလဲဆိုတာတော့ သေသေချာချာ မသိပါဘူး"

ယီကုံးသည် ထင်းလင်း၏နောက်ကျောကို လှည့်နိုင်းပြီး ကျောပြင်ရှိ အစက်ကလေးများကို ကလောင်တံဖြင့် ဆက်သွယ်ရေးချလိုက်၏။

ဤတွင် ဇာမဏီငှက်တစ်ကောင်၏ပုံ ပေါ်ထွက်လာသည်ကို အံ့သြဖွယ် တွေ့မြင်လိုက်ရတော့သည်။

အခန်းတွင်း၌ တိတ်ဆိတ်နေ၏။

မည်သူ့ထံကမျှ စကားသံ ထွက်မလာချေ။

ယီကုံးသည် ဇာမဏီငှက်ရုပ်အား သေချာစွာ အကဲခတ်ကြည့်နေသည်။

www.burmeseclassic.com

www.burmeseclassic.com



မုရသေ့မှာ ယီကုံး၏အပြုအမူကိုငေးကြည့်နေမိလေသည်။

ယီကုံးသည် အတန်ကြာ စစ်ဆေးပြီးနောက် ရုတ်တရက် ဒူးထောက်ချလိုက်ပြီး...

"သခင်လေး"

ယီကုံး၏နှုတ်မှ တုန်ယင်လှိုက်လှဲသော ခေါ်သံထွက်ပေါ်လာသည်။

ယီကုံး၏ခေါ်သံကြောင့် ထင်းလင်း၏ရင်ထဲ၌ သိမ့်ခနဲ တုန်ခါသွားသည်။

ယီကုံးမှာလည်း အကြီးအကျယ် စိတ်လှုပ်ရှားလျှက်ရှိသည်။

ဝမ်းသာခြင်း၊ ဝမ်းနည်းခြင်းတို့ ရောပြွန်းနေသည်။

"သခင်လေး..မသေလို့တွေ့ရတာပါလား၊ ကျုပ်လည်း သခင်လေးတို့ကို စောင့်မျှော်နေခဲ့တာ ကြာပါပြီ"

အံ့ဩဝမ်းသာမှုကြောင့် ယီကုံး၏လေသံမှာ တုန်ယင်နေသည်။

မျက်ဝန်းအိမ်၌လည်း မျက်ရည်များ ရစ်ဝဲနေလေသည်။

ထင်းလင်းမှာ ရုတ်တရက် ဘာမျှမပြောနိုင်အောင် ဖြစ်သွားသည်။

"ယီကုံး..ထစမ်းပါ၊ အကြောင်းစုံကို ငါတို့နားလည်အောင် လည်းပြောပြပါဦး"

မုရသေ့က ကြားမှ ဝင်ပြောလိုက်သည်။

ထိုအခါမှ ထင်းလင်းလည်း သတိဝင်လာပြီး...

"ဦး ထပါ၊ ကျွန်တော့်အပေါ် ဒီလောက် အရိုအသေပေးဖို့



မလိုပါဘူး၊ ကျွန်တော်ဟာ တကယ်ပဲ သတ္တိခဲဇနီးမောင်နှံရဲ့သားလားဗျာ"

ယီကုံးက လက်ခုံဖြင့် မျက်ရည်များကို သုတ်လိုက်ပြီး...

"ဟုတ်ပါတယ်၊ သခင်လေးကျောက အမှတ်အသားကို ဘယ်သူမှ အတုမလုပ်နိုင်ပါဘူး၊ သခင်လေးရဲ့ညီငယ်ထင်းယွင်ကော"

ယီကုံး၏စကားကြောင့် ထင်းလင်း မျက်မှောင်ကြုတ်သွားသည်။

"ဗျာ..ကျွန်တော့်မှာ ညီတစ်ယောက် ရှိသေးတယ် ဟုတ်လား"

ယီကုံး ခေါင်းညိတ်လိုက်သည်။

"ဟုတ်ပါတယ်"

"ကျွန်တော် ဘာမှနားမလည်နိုင်တော့ပါလား"

ယီကုံး ထရပ်လိုက်သည်။

နှစ်ပေါင်းများစွာ တအုံနွေးနွေးဖြစ်နေခဲ့သော ယီကုံးသည် ယခုအခါ၌ စိတ်လက်ပေါ့ပါးသွားဟန်တူသည်။

အမူအရာက ရွှင်လန်းတက်ကြွလာ၏။

"ကျွန်တော် နားလည်အောင် ပြောပြပါ့မယ်၊ ဒါပေမယ့် သခင်လေးတို့ စားသောက်ဖို့ အရင်စီစဉ်ပါရစေဦး"

ယီကုံးသည် ပြောပြောဆိုဆိုဖြင့် အိမ်အနောက်ဘက်ခန်းသို့ ပြေးဝင်သွားလေသည်။

အသက်ခြောက်ဆယ်အရွယ် အဘိုးအိုယီကုံးသည် [illegible]

www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်ပမာ တက်ကြွဖျတ်လတ်နေပေသည်။

ယီကိုးကိုကြည့်ယင်း မုရသေ့ ပြုံးလိုက်မိသည်။

လူဆိုသည်မှာ မျှော်လင့်ချက်ဖြင့် အသက်ရှင်နေကြသည် မဟုတ်ပါလား။

* * *

ထင်းလင်းနှင့်မုရသေ့တို့ ခရီးကြမ်းနှင်ခဲ့သဖြင့် မောပန်းနေကြသည်မဟုတ်ပါလား။

ထို့ကြောင့်...

စားသောက်ဖွယ်ရာများ ရောက်ရှိလာသည့်အခါ အားရပါးရ စားသောက်လိုက်ကြလေသည်။

ယီကိုးကမူ နံဘေးမှရပ်ကြည့်ယင်း သဘောကျကျေနပ်စွာ ပြုံးနေ၏။

"ဦးကော ဝင်စားလေ"

ထင်းလင်းက လှမ်းခေါ်လိုက်သည်။

ယီကိုးက ပြုံးပြလိုက်ယင်း...

"နေပါစေ၊ သခင်လေး မိဘတွေရှိတုန်းကလည်း အခုလို စားသောက်နေတာကိုကြည့်ယင်း ဦး အားရကျေနပ်ဖြစ်နေရတာပါ၊ ဦးက အိမ်ထိန်းကြီးဆိုလည်း ဟုတ်တယ်၊ စားဖိုမှူးဆိုလည်း ဟုတ်တဲ့ လူပေါ့ကွာ"

ယီကိုးက ဂုဏ်ယူစွာ ပြောလိုက်သည်။



ထင်းလင်းက ပလုတ်ပလောင်းစားယင်း...

"ကျွန်တော်တို့ မိသားစုအကြောင်း ပြောပြတော့လေ"

ယီကိုး ပြုံးလိုက်သည်။

"သခင်လေး အားရပါးရစားပါဦး၊ ပြီးတဲ့အခါ ပြောပြတာပေါ့"

ထင်းလင်းမှာ မိဘနှစ်ပါးအကြောင်း သိချင်နေပြီဖြစ်သဖြင့် စားလက်စ အစားအသောက်များကိုသာ အမြန်ဆုံး လက်စသတ်လိုက်လေသည်။

* * *

ထမင်းဝိုင်း သိမ်းပြီးနောက် ယီကိုးက အချိုနှင့်တည်ခင်းပြန်သည်။

ယီကိုးက ရေနွေးကြမ်းတစ်ခွက် ငှဲ့သောက်နေယင်းမှ...

"သတ္တိခဲဇနီးမောင်နှံမှာ သားနှစ်ယောက်ရှိတယ်၊ တစ်နေ့ မိတ်ဆွေဖြစ်သူ ဓားနှစ်လက်စင်းလုံ ချိန်းဆိုမှုကြောင့် ခရီးထွက်ယင်း လုပ်ကြံခံခဲ့ရတယ်၊ သခင်မလေးအလောင်းနဲ့ ဓာမဏိဓားတစ်လက် ပြန်တွေ့ခဲ့ပေမယ့် သခင်လေးနဲ့ ကလေးနှစ်ယောက် စုန်းစုန်းမြုပ် ပျောက်ဆုံးသွားတယ်၊ ကျုပ်က ငါးနှစ်တိတိ အပူတပြင်းရှာဖွေခဲ့ပေမယ့် သခင်လေးထင်းကျုံးလွေနဲ့ သားနှစ်ယောက်ကို ဘယ်လိုမှ ရှာမတွေ့ခဲ့ဘူး၊ နောက်ဆုံး လက်လျှော့ပြီး ဒီမှာပြန်နေခဲ့တာပဲ"

"ဒါဆို ကျွန်တော့်မှာ ညီတစ်ယောက် ရှိသေးတာပေါ့"

www.burmeseclassic.com

www.burmeseclassic.com



ထင်းလင်းက သက်ပြင်းချယင်း လှမ်းမေးသည်။

ယီကိုး ခေါင်းညိတ်လိုက်သည်။

"ဟုတ်ပါတယ်"

"ကျွန်တော့မိခင် အလောင်းကို ဦးပြန်ယူလာနိုင်တယ်ဆိုတော့ ရန်သူ ဘယ်သူဆိုတာ ဦးစစ်ဆေးကြည့်မိမှာပေါ့"

ယီကိုး ဆတ်ခနဲ ခေါင်းညိတ်လိုက်ပြန်သည်။

"သခင်လေးရဲ့မိဘတွေဟာ ဓားပညာမှာ ထူးချွန်တဲ့သူတွေပါ၊ သူတို့ကို လုပ်ကြံနိုင်အောင်လည်း မလွယ်ပါဘူး၊ အခု သူတို့ဟာ ဓားချက်ကြောင့် သေဆုံးရတယ်ဆိုပေမယ့် အဓိကလက်နက်ဟာ အဆိပ်ပဲ"

"ဗျာ...အဆိပ်ဟုတ်လား"

ထင်းလင်း အံ့သြစွာ မေးလိုက်သည်။

ယီကိုး သက်ပြင်းချကာ...

"ဟုတ်တယ်၊ ဒီအဆိပ်ဟာလည်း အခြားလူရဲ့အဆိပ်မဟုတ်ဘူး၊ အမုန်းမိစ္ဆာရဲ့အဆိပ်ပဲ"

"ခင်ဗျာ"

ထင်းလင်း ပို၍အံ့သြသွားတော့၏။

ဆရာဖြစ်သူပေးအပ်လိုက်သော တာဝန်တွင် အမုန်းမိစ္ဆာကိုသိုင်းလောကမှ ဖယ်ရှားရေးလည်း တစ်ခုအပါအဝင် ဖြစ်နေသည်မဟုတ်ပါလား။ တိုက်ဆိုင်သည်ဟု ဆိုရပေတော့မည်။

"ကျုပ်စိတ်ထင် ပေ့ကျင်းကျင်းဟာ သခင်ကြီးထင်းကျုံးလွေနဲ့ ဓားနှစ်လက်စင်းလုံတို့ဟာ မိတ်ဆွေတွေဖြစ်ခဲ့ကြမယ်၊ နောက်မှ



အကြောင်းတစ်ခုခုကြောင့် ရန်ငြိုးထားခဲ့တာ ဖြစ်ရမယ်"

ထင်းလင်း မျက်မှောင်ကုပ်သွားသည်။

"ပေ့ကျင်းကျင်း ဟုတ်လား"

"ဟုတ်တယ်"

"သူက ဘယ်သူလဲ"

ယီကိုး မဲ့ပြုံးပြုံးကာ...

"အမုန်းမိစ္ဆာဆိုတာ ပေ့ကျင်းကျင်းပဲပေါ့"

ထင်းလင်း ပါးစပ်ပိတ်ထားလိုက်တော့သည်။

အတန်ကြာမှ ထင်းလင်းက...

"ဦးက အမုန်းမိစ္ဆာကို လိုက်မရှာဘူးလား"

ယီကိုးက...

"ဘယ်ရမလဲ၊ ကျုပ်ဟာ သိုင်းပညာအဆင့် မမြင့်ပေမယ့် သခင့်အပေါ် အသက်ပေးဝံ့တဲ့သူပါ၊ အမုန်းမိစ္ဆာကို လိုက်ရှာခဲ့တာပေါ့၊ ဒါပေမယ့် ဘယ်လိုမှ သတင်းမရခဲ့ဘူး၊ သူဟာ သခင်ကြီးကို လုပ်ကြံပြီးတာနဲ့ ဖောက်မြုပ်သွားပုံရတယ်"

ထင်းလင်းမှာ အံတင်းတင်းကြိတ်ထားမိသည်။

သူ သိုင်းလောကထဲ ခြေချလာသည်မှာ မိဘအကြောင်း စုံစမ်းရန်နှင့် အမုန်းမိစ္ဆာအား သုတ်သင်ရန်ဖြစ်သည်။

ယခု မိဘအား လုပ်ကြံသွားသူမှာ အမုန်းမိစ္ဆာပင် ဖြစ်နေသည်။ အမုန်းမိစ္ဆာအား ဖော်ထုတ်သုတ်သင်ရန် ခိုင်မာသော ဆုံးဖြတ်ချက်ချလိုက်လေတော့သည်။

* * *

www.burmeseclassic.com

www.burmeseclassic.com



## အမွေခံသိုင်းပညာ

နံနက်ခင်းသည် သာယာလှပနေ၏။

ရောင်စုံပန်းများသည် သူ့ထက်ငါ အသွေးအရောင်စုံစွာ အပြိုင်ပွင့်လန်းနေကြသည်။

အိမ်ငယ်လေးရှေ့ရှိ ပန်းဥယျာဉ်သည် အလှပေါင်းစုံ စုဝေးလျှက် ကျက်သရေမင်္ဂလာအပေါင်းနှင့် ပြည့်စုံနေသည်။

သို့သော်...

ထိုအလှအပများနှင့် မလိုက်ဖက်သော အရာတစ်ခုကလည်း ပန်းဥယျာဉ်အတွင်း ရှိနေပြန်သည်။

ထိုအရာသည် အခြားအရာ မဟုတ်ပါ။

ကုန်းမြေမို့မို့ကလေးတစ်ခုသာ ဖြစ်သည်။



ထိုကုန်းမြေမို့မို့ပေါ်တွင် သစ်သားတိုင်တစ်တိုင် စိုက်ထူထားသည်။

ထို့ကြောင့်...

ယင်းမြေပုံသည် ကွယ်လွန်သူတစ်ဦးကို မြေမြှုပ်သင်္ဂြိုလ်ထားသည့်နေရာဖြစ်ကြောင်း အလွယ်တကူ သိနိုင်ပေသည်။

မြေပုံရှေ့တွင် လူငယ်တစ်ဦး ဒူးထောက်လျှက် ရှိနေပေသည်။

ထိုလူငယ်ကား ထင်းလင်းပင် ဖြစ်သည်။

ထင်းလင်းသည် သူတစ်သက်တာ၌ မိဘနှစ်ပါး၏သွင်ပြင် မည်သို့ရှိသည်ကို မှတ်မိလိုက်ခြင်းမရှိချေ။

ယုတ်စွအဆုံး မိမိ၏မိဘများ မည်သူမည်ဝါဖြစ်သည်ကိုပင် မသိခဲ့ရပါ။

ယခုမူ...

သူ၏မွေးမိခင် ထာဝရလဲလျောင်းရာ မြေပုံကလေးကို တွေ့မြင်ရပြီ ဖြစ်၏။

ထင်းလင်းသည် ဆိုးရွားလှသော ကံကြမ္မာကိုတွေးကာ မျက်ရည်များ ရစ်ဝဲလာလေသည်။

သူသည် မိတကွဲဖတကွဲ ညီအစ်ကိုတကွဲဖြင့် ကြီးပြင်းလာခဲ့ရသည်။

မိဘနှစ်ပါးကို တွေ့လိမ့်နိုး ရှာခဲ့ရာမှ ယခုအခါ သေဆုံးခဲ့ပြီဖြစ်သော မိခင်၏မြေပုံကို တွေ့မြင်ခွင့်ရခဲ့ခြင်း ဖြစ်ပေသည်။

"မေမေ..မေမေ့ကို သတ်ဖြတ်သွားတဲ့ အမုန်းမိစ္ဆာကို [illegible]

www.burmeseclassic.com

www.burmeseclassic.com



တော်မတွေ့တွေ့အောင် ရှာဖွေဖော်ထုတ်ပါ့မယ်၊ ဖေဖေနဲ့ညီလေးကို လည်း မတွေ့တွေ့အောင် ရှာဖွေပါ့မယ်လို့ ကတိပေးပါတယ် မေမေ"

ယင်းသို့ သန္နိဋ္ဌာန်ချ ရေရွတ်လိုက်စဉ် သူ၏မျက်ရည် တစ် ပေါက်သည် မြေပေါ်သို့ လွင့်စဉ်ကျသွားလေသည်။

ယင်းအခိုက်မှာပင်...

မုရသေ့သည် သူ၏အနီးသို့ ရောက်ရှိလာပြီး..

"ဦးလည်း မင်းအတွက် စိတ်မကောင်းပါဘူး၊ သေတဲ့လူ လည်း သေသွားခဲ့ပြီးပြီပဲ၊ ပူဆွေးနေရုံနဲ့ မပြီးသေးဘူး၊ ရှေ့ဆက်ပြီး လုပ်စရာတွေ အများကြီးရှိသေးတယ်"

ဖျောင်းဖျနှစ်သိမ့်စကား ပြောလိုက်သည်။

ထင်းလင်းက ခေါင်းညိတ်လိုက်သည်။

ရစ်ဝဲနေသော မျက်ရည်စများကို အင်္ကျီလက်ဖြင့် သုတ် လိုက်ပြီး...

"ကျွန်တော် သဘောပေါက်ပါတယ်၊ ကျွန်တော့်တာဝန်တွေ ကို ပြီးတဲ့အထိ ဆောင်ရွက်မှာပါ"

စိတ်ထိခိုက်ကြေကွဲနေသော်လည်း ထင်းလင်း၏လေသံက တည်ငြိမ်လှသည်။

မုရသေ့သည် ထင်းလင်းကိုကြည့်ကာ လေးစားသွား၏။

ထင်းလင်းသည် ငယ်ပင်ငယ်သော်လည်း စိတ်လှုပ်ရှားမှု ရင်တွင်းဆန္ဒများကို ကောင်းစွာ ချုပ်တည်းနိုင်စွမ်းရှိသူ ဖြစ်ပေသည်။

သူသည် မုရသေ့အား ဂါရဝပြုလိုက်ပြီး...



"ဦးအခုနေနဲ့ ကျွန်တော့်ကို ကူညီခဲ့တာတွေ ကျွန်တော် ဘယ် တော့မှမမေ့မှာ မဟုတ်ပါဘူး၊ ကျွန်တော် ဒီနေ့ပဲ ဒီကသွားတော့မယ်၊ တာဝန်တွေအားလုံး ပြီးဆုံးသွားယင်တော့ ကျွန်တော် ဒီကိုပဲ ပြန်လာ မှာပါ"

မုရသေ့ မျက်မှောင်ကုပ်သွားသည်။

"မင်းက ဘယ်သွားမှာလဲ"

ထင်းလင်း တစ်ချက်စဉ်းစားလိုက်သည်။

ထို့နောက် ခေါင်းယမ်းပြကာ..

"ဘယ်ဆီလို့တော့ အတတ်ပြောလို့ မရသေးဘူး၊ အမုန်း မီးတောက်မြှုပ်နေတုန်းပဲ မဟုတ်လား"

ထိုအခိုက်..

ယီကုံး ရောက်ရှိလာလေသည်။

ယီကုံးကို မြင်သည်နှင့် ထင်းလင်း အရိုအသေပြုလိုက်၏။

"ဦးရောက်လာတာနဲ့ အတော်ပဲ၊ ကျွန်တော် ဒီနေ့ပဲ ထွက် သွားတော့မယ်၊ ဦးကို ကျေးဇူးအများကြီး တင်ပါတယ်၊ ကျွန်တော် ပြန်လာတဲ့အထိ ဒီအိမ်ကလေးကိုဆက်ပြီး ကြည့်ရှုပေးဖို့ ကျွန်တော် တောင်းပန်ပါတယ်"

ယီကုံး ခေါင်းယမ်းလိုက်သည်။

"သွားလို့ မဖြစ်သေးဘူး သခင်လေး"

ထင်းလင်း မျက်မှောင်ကုပ်ကာ...

"ဘာဖြစ်လို့လဲ"

ယီကုံး က မဖြေဘဲ ပြန်မေးလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



"သခင်လေးဟာ အမုန်းမိစ္ဆာကိုရှာဖို့ သွားမှာမဟုတ်လား"

ထင်းလင်း ခေါင်းညိတ်လိုက်သည်။

"ဟုတ်ပါတယ်"

ယီကိုးက…

"အမုန်းမိစ္ဆာကို မရှာခင် သခင်လေးအနေနဲ့ ဇာမဏီဓားကွက်ကို အရင်လေ့ကျင့်ဖို့လိုမယ် ထင်တယ်"

ထင်းလင်း ပြုံးလိုက်သည်။

"ဒီအတွက် မပူပါနဲ့ ကျွန်တော့်ဓားပညာက ရန်သူကိုရင်ဆိုင်ဖို့ လုံလောက်နေပါပြီ၊ အဖိုးတန်တဲ့အချိန်တွေကို မဖြုန်းနိုင်တဲ့အတွက် ကျွန်တော့်ကို ခွင့်လွှတ်ပါ"

ယီကိုးက ခေါင်းကို ညင်သာစွာ ခါယမ်းလိုက်၏။

"သခင်လေးရဲ့ဓားရေးဟာ ဘယ်လောက်ပဲ ထက်မြက်နေပါစေ၊ ဇာမဏီသိုင်းသမားရဲ့ဓားကွက် မဟုတ်ပါဘူး၊ သခင်လေးဟာ ဇာမဏီသိုင်းသမားရဲ့မျိုးဆက်ပါ၊ ကိုယ့်မိဘအမွေအနှစ်ဖြစ်တဲ့ ဇာမဏီဓားသိုင်းကိုတော့ စွန့်လွှတ်ဖို့မသင့်ပါဘူး"

ထိုစကားကြားသည့်အခါ ထင်းလင်း တွေဝေသွား၏။

အတန်ကြာမှ…

သက်ပြင်းတစ်ချက် မသိမသာ ချလိုက်ပြီး…

"ကျွန်တော် ဒီဓားပညာကို သင်မှာပါ၊ ဒါပေမယ့် အခုတော့ မဟုတ်သေးဘူး"

ထင်းလင်းမှာ အမုန်းမိစ္ဆာအား ရှာဖွေရန် စိတ်စောနေသဖြင့် ဘာကိုမျှ စိတ်ဝင်စားခြင်းမရှိကြောင်း ယီကိုး ရိပ်မိလိုက်၏။



ထို့ကြောင့်…

အမုန်းမိစ္ဆာကို ရှာရန် မလွယ်ကြောင်း ထပ်မံရှင်းပြလိုက်လေသည်။

"ကျုပ်ဟာ ငါးနှစ်လုံးလုံး အမုန်းမိစ္ဆာကို ခြေရာခံခဲ့တယ်၊ နောက်ထပ် ဆယ့်ငါးနှစ်နီးပါး အမုန်းမိစ္ဆာရဲ့သတင်းကို နားစွင့်ခဲ့သေးတယ်၊ အခုထက်ထိ သတင်းအစအနတောင် မရခဲ့ပါဘူး"

ထင်းလင်း ခေါင်းယမ်းလိုက်သည်။

"ကျွန်တော်ကတော့ မတွေ့မချင်း ရှာမှာပဲ"

ဟု ပြတ်သားစွာ ပြောလိုက်၏။

ယီကိုး ခေါင်းညိတ်ယင်း…

"ဒါပေမယ့် ရှာတွေ့ဖို့ဆိုတာ တစ်ရက်နှစ်ရက်လည်း ဖြစ်နိုင်သလို တစ်နှစ် နှစ်နှစ်လည်း ဖြစ်နိုင်တယ်၊ ဆယ်နှစ် ဆယ့်ငါးနှစ်လည်းဖြစ်နိုင်ပါတယ် သခင်လေး"

ထင်းလင်း ပင့်သက်ရှိုက်ကာ…

"ကျွန်တော် သဘောပေါက်ပါတယ်၊ ဒါပေမယ့် သူ့ကိုရှာရမှာကတော့ ကျွန်တော့် တာဝန်ပဲလေ"

"မှန်ပါတယ်၊ ဒါကြောင့် ကျုပ်က သခင်လေးကို တစ်ခုပြောချင်တယ်"

"ပြောပါ"

"ဇာမဏီဓားကွက်ကို သင်မယ်ဆိုယင် တစ်နှစ်မကြာပါဘူး၊ သင်ပြီးတော့မှသာ အမုန်းမိစ္ဆာကိုရှာသင့်ပါတယ်၊ သူဟာ ဘယ်မှာရှိနေမှန်းမှမသိဘဲ အချိန်ကုန်မယ့်အစား ဇာမဏီဓားကွက်ကို အရင်

www.burmeseclassic.com

www.burmeseclassic.com



ဆုံး သင်ယူပြီး ကြိုက်သလောက် အချိန်ကုန်ခံပြီး ရှာစေချင်ပါ တယ်၊ နို့မဟုတ်ယင် ဓာမဏီဓားကွက်ဟာ တိမ်မြုပ်သွားမှာ စိုးလို့ပါ"

ယီကုံးက ဓာမဏီဓားကွက်ကို သင်ယူသင့်ကြောင်း လုံ့လုံ့ ပတ်ပြောဆိုသည်။

သူ၏အကြောင်းပြချက်ကလည်း လက်ခံနိုင်လောက်ဖွယ် ရှိသည်။

ထို့ကြောင့်...

ထင်းလင်း တစ်ချက် တွေဝေသွားသည်။

ပြီးမှ သက်ပြင်းတစ်ချက်ချကာ...

"ဒီဓားကွက်ကို ဘယ်သူက သင်ပေးမှာလဲ"

ယီကုံး မဖြေပါ။

အိတ်ထဲမှ စာအုပ်ကလေးတစ်အုပ်ကို ထုတ်ယူလိုက်ပြီး..

"ဟောဒီမှာ စာအုပ်ရှိတယ်၊ ဓာမဏီဓားကွက်အကြောင်း ရေးမှတ်ထားတဲ့ မှတ်စုစာအုပ်ပဲ၊ သခင်လေး လေ့ကျင့်မယ်ဆိုယင် လွယ်ကူမှာပါ"

ယီကုံးပြောယင်း စာအုပ်ကို ထင်းလင်းထံသို့ ကမ်းပေး လိုက်၏။

ထင်းလင်းက လှမ်းယူယင်း..

"အင်း..ကျွန်တော် တစ်ယောက်ထဲ လေ့ကျင့်.."

သူ၏စကား မဆုံးမီ မုရသေ့က ကြားဖြတ်ပြောလိုက်လေ သည်။

"ယီကုံးပြောတာ မှန်တယ်၊ မင်းက ဓာမဏီဓားကွက်ကို



အရင်လေ့ကျင့်ပါ၊ ငါကလည်း မင်းကို ကူညီပါ့မယ်"

မုရသေ့ကိုယ်တိုင် တိုက်တွန်းပြောဆိုနေပြီဖြစ်ရာ ထင်း လင်း အနေဖြင့် ငြင်းပယ်ရန် မဖြစ်နိုင်တော့ချေ။

ထို့ကြောင့်...

"ကောင်းပါပြီဗျာ၊ ကျွန်တော် ဓာမဏီဓားကွက်ကို လေ့ ကျင့်ပါ့မယ်"

သူက ဓာမဏီဓားကွက် လေ့ကျင့်ရန် သဘောတူလိုက်ရ လေတော့သည်။

* * *

ဓာမဏီဓားကွက်...။

ထင်းလင်းသည် ဓာမဏီဓားကွက်ကို စတင်လေ့လာတော့ သည်။

မုရသေ့ကလည်း သူ့အား ကူညီလေ့ကျင့်ပေးသည်။

ယီကုံးကမူ သူတို့အတွက် စားသောက်ဖွယ်ရာများကို လို လေသေးမရှိ အသင့်ပြင်ဆင်ပေးလေသည်။

ထင်းလင်းသည် ပထမတွင် ဓာမဏီဓားကွက်များကိုလေ့ လာသင်ယူရန် လုံးဝစိတ်ပါလှသည် မဟုတ်ပါ။

သို့သော်...

နောက်ပိုင်းတွင် သင်ယူလေ့လာယင်း စိတ်ဝင်စားလာလေ သည်။

www.burmeseclassic.com

www.burmeseclassic.com



ဇာမဏီစားကွက်သည် ကိုယ်ဖော့ပညာကို အခံကအခြေခံ ကြောင်း နားလည်လာသည်။

ထို့ကြောင့်..

ထင်းလင်းသည် ကိုယ်ဖော့ပညာကိုပါ ပြန်လည်လေ့ကျင့်ရ လေသည်။

သူသည် နဂါးစားသိုင်း လေ့လာစဉ်က သိုင်းကွက်များ ရိုး သော်လည်း စားကွက်များမှာ နက်နဲဆန်းကြယ်သဖြင့် မနည်းပင် လေ့လာခဲ့ရသည်။

ယခု ဇာမဏီစားကွက်မှာမူ ပေါ့ပါးပြီး ထူးခြားဆန်းကြယ် နေ၏။

အချိန်အဆ၊ လက်အနေအထား၊ ကိုယ်ဟန်၊ ခြေရွေ့ ကွက်တို့ စည်းကိုက်ဝါးကိုက် အံဝင်ခွင်ကျဖြစ်မှ အစွမ်းထက်ကြောင်း နားလည်လာသည်။

သင်ကြားလေ့လာရင်းမှ မိဘများ၏စားပညာကို လေးစား လာမိလေသည်။

ငါးလအတွင်း တတ်မြောက်အောင် လေ့ကျင့်မည်ဟုလည်း အခိုင်အမာ သန္နိဋ္ဌာန်ချလိုက်လေတော့သည်။

* * *

## အရှုံးသမားများ

လေက ဝေ့ယမ်းတိုက်ခတ်နေသည်။

မီးခိုးများလည်း လွင့်ပျံ့နေ၏။

တဲငယ်လေးအတွင်း၌ လူနှစ်ဦး ထိုင်နေသည်။

တစ်ဦးမှာ အသက်အရွယ်ကြီးရင့်ပြီး ဓားတိုတစ်ချောင်းကို အေးဆေးစွာပင် ပွတ်သပ်ကြည့်ရှုနေလေသည်။

ကျန်တစ်ယောက်မှာ အသက်နှစ်ဆယ်ခန့်ရှိ လူငယ်တစ်ဦး ဖြစ်သည်။

လူငယ်မှာမူ အဘိုးအိုကဲ့သို့ အေးဆေးပုံမရချေ။

သူ၏မျက်နှာမှာ နီရဲနေပြီး တင်းမာခက်ထန်နေ၏။

သူ၏မျက်လုံးအစုံမှာလည်း ဒေါသကြောင့် မီးဝင်းဝင်း တောက်နေလေသည်။

www.burmeseclassic.com

www.burmeseclassic.com



လူသတ်လိုသည့် အရိပ်အငွေ့များ လူငယ်၏ခန္ဓာကိုယ်တစ်ခုလုံး၌ ထွက်ပေါ်နေသည်ဟု ထင်ရ၏။

"တောက်"

လူငယ်ထံမှ ကျယ်လောင်စွာ ထွက်ပေါ်လာသော တက်ခေါက်သံကြောင့် အသက်အရွယ်ကြီးရင့်သူက ဓားကိုကြည့်နေရာမှ လူငယ်ကို တစ်ချက် လှမ်းကြည့်လိုက်သည်။

"မင်း ဘာတွေဖြစ်နေတာလဲ"

လူငယ်က...

"ဆရာပြောခဲ့ဖူးတာတွေ အမှန်ပဲလား"

အဘိုးအိုမှာ လူငယ်၏ဆရာဖြစ်သည်။

ဆရာဖြစ်သူက နှာခေါင်းရှုံ့လိုက်ပြီး...

"ငါက လိမ်ညာခဲ့တယ်လို့ မင်းထင်နေလား"

ပြန်မေးလိုက်သည်။

လူငယ်က...

"ကျွန်တော် လိုက်ရှာတာလည်း နှံ့နေပြီ၊ အခုထက်ထိ ခြေရာခံလို့မရသေးဘူး"

အဘိုးအို သက်ပြင်းချလိုက်၏။

"မင်းရဲ့ရန်သူဟာ အတော်ပါးနပ်တယ်ဆိုတာ မမေ့နဲ့"

ပြောပြောဆိုဆို လက်ထဲမှဓားတိုကို လူငယ်ထံ ပစ်ပေးလိုက်သည်။

နှုတ်မှလည်း လှမ်းပြောလိုက်သည်။

"ဒါ မင်းရဲ့ တစ်ခုတည်းသောအမွေပဲ"



လူငယ်က ဓားတိုကို ဖမ်းယူပြီး တယုတယနမ်းရှုံ့လိုက်လေသည်။

ထို့နောက်...

အင်္ကျီလက်ကြားတွင် ဝှက်ကာ ဆရာဖြစ်သူအား အရိုအသေပေးလိုက်သည်။

ဆရာဖြစ်သူက မျက်မှောင်ကြုတ်သွားသည်။

"မင်း ဘယ်သွားမလို့လဲ"

လူငယ်က အေးစက်စွာ ပြုံးယင်း...

"သွေးကြွေးဆပ်ရမယ်လေ၊ ကျွန်တော် မကျေနပ်သေးဘူး၊ သိုင်းလောကထဲ နောက်တစ်ခေါက် ထွက်ဦးမယ်"

ပြောယင်း ချာခနဲလှည့်ထွက်လိုက်၏။

ဆရာဖြစ်သူက သဘောကျစွာ ရယ်မောလိုက်သည်။

"မင်းက ဘယ်သွားရှာမှာလဲ"

လူငယ်၏ခြေလှမ်းများ တုန့်ခနဲ ရပ်သွားသည်။

တဲအတွင်းသို့ ပြန်လှည့်လိုက်ပြီး...

"ဘယ်သွားရှာရမယ်ဆိုတာ မသိဘူး၊ ဒါပေမယ့် ရအောင်ရှာမယ်"

လူငယ်၏အသံက ခက်ထန်လှသည်။

မျက်နှာထားကလည်း ရှုတင်းတင်းနှင့်ဖြစ်သည်။

ဆရာဖြစ်သူက သဘောကျစွာ ရယ်မောယင်း...

"မင်းတစ်ယောက်တည်း သွားဦးမလို့လား အကူအညီမတောင်းတော့ဘူးလား"

www.burmeseclassic.com

www.burmeseclassic.com



လူငယ်က…

"ကျွန်တော်က ဘယ်သူ့ဆီက အကူအညီတောင်းရမှာလဲ"

"ဘယ်သူရှိရမှာလဲ၊ ငါ့ဆီက တောင်းပေါ့"

ဆရာဖြစ်သူက ရင်ကော့ပြီး ပြောလိုက်သည်။

လူငယ် တစ်ချက်တွေဝေသွားပြီးမှ…

"ဆရာက သိုင်းလောကထဲ မထွက်ဘဲ ဇာတ်မြုပ်နေတဲ့ လူတစ်ယောက် မဟုတ်လား"

ဆရာဖြစ်သူက နှာခေါင်းရှုံ့လိုက်ပြီး…

"ငါ့ဘာသာငါ ထွက်တာ ဘာဖြစ်လဲ၊ ဘယ်သူ့ကိုမှ သိုင်းလောကထဲ မဝင်ပါဘူးလို့ ငါကတိပေးခဲ့တာ မဟုတ်ဘူး"

"ကျွန်တော် မတောင်းချင်ဘူး"

"ဘာဖြစ်လို့လဲ"

"ဆရာကော ရှာနိုင်မှာမို့လား"

ဆရာဖြစ်သူ၏မျက်နှာ ရဲခနဲ ဖြစ်သွားသသည်။

"ပေါ့ကောင် ငါ့ကို အထင်မသေးနဲ့၊ အဆိပ်ရာဇာဆိုယင် လူတိုင်းသိတယ်၊ ငါကိုယ်တိုင်ထွက်ပြီးရှာယင် ပုန်းနိုင်တဲ့လူ မရှိဘူး၊ ဒါဖြင့် ဘယ်သူအရင်တွေ့မလဲ ပြိုင်မလား"

အဆိပ်ရာဇာ ဒေါပွသွား၏။

"မင်းက ငါ့ကိုတောင် စိန်ခေါ်ဝံ့တယ် ကောင်းပြီ ပြိုင်မယ် ငါအရင်တွေ့ယင် မင်း ငါနဲ့အတူနေရမယ်၊ ဘယ်မှမသွားရဘူး"

"ကောင်းတယ် ကျွန်တော် အရင်တွေ့ယင်ကော"

"မင်းသေသွားမှာပဲ"



လူငယ် ပခုံးတွန့်လိုက်သည်။

အဆိပ်ရာဇာက….

"ရန်သူကို အထင်သေးလို့ တစ်ခါခံခဲ့ရပြီ မဟုတ်လား၊ ဝမ်းဝေရှန်း"

လူငယ်ကား သက်ချွေတားသမားအဖြစ် ကျော်ကြားနေသော ဝမ်းဝေရှန်းပင် ဖြစ်သည်။

သူက ထင်းလင်းနှင့်ယှဉ်ယင်း ချောက်ထဲကျကာ အရေးနိမ့်ခဲ့ရ၏။

ကံကောင်းထောက်မ၍ ချုံတစ်ခုပေါ်တွင်တင်ကာ အသက်ချမ်းသာရခဲ့ခြင်းပင် ဖြစ်သည်။

ထိုစကားကြောင့် ဝမ်းဝေရှမ်း ဒေါပွသွားသည်။

"ထင်းလင်းကိုလည်း အရှင်မထားဘူး"

အဆိပ်ရာဇာက…

"မင်းသာ ငါ့စကားနားထောင်မယ်ဆိုယင် ရန်သူတွေကို ချေမှုန်းပြီးတဲ့အပြင် သိုင်းလောကမှာ ပထမဖြစ်လာမှာပဲ"

ဝမ်းဝေရှန်းက မျက်မှောင်ကုပ်သွားသည်။

"ဆရာက ဘာကြောင့် ကိုယ်တိုင် သိုင်းလောကရဲ့ ပထမဘွဲ့ကို မယူတာလဲ"

"လူတစ်ယောက်ကို ကတိပေးခဲ့ရလို့ပေါ့"

ထိုစကားကြောင့် ဝမ်းဝေရှန်း အံ့ဩသွားသည်။

"လူတစ်ယောက် ဟုတ်လား"

အဆိပ်ရာဇာ ခေါင်းညိတ်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်၊ ငါ့ဒုက္ခတွေ့တုန်း ငါ့အသက်ကို ကယ်ခဲ့သူတစ်ယောက်ပေါ့"

"ဘယ်သူများလဲ"

"တစ်ချိန်က သိုင်းလောကမှာ ကျော်ကြားခဲ့တဲ့ မိန်းမလှချင်းလှုံပါပဲ၊ သူ့ကို ပေးခဲ့တဲ့ကတိစကားကြောင့် ငါက သိုင်းလောကပထမဘွဲ့ရယူဖို့ မကြိုးစားတော့ဘဲ ဖာတ်မြှုပ်ခဲ့တာပေါ့"

ဝမ်းဝေရှန်းက...

"သူ အခုရှိသေးလား"

အဆိပ်ရာဇာ ခေါင်းယမ်းလိုက်သည်။

"လွန်ခဲ့တဲ့ သုံးလေးနှစ်ကမှ ဆုံးသွားတယ်လို့ သတင်းကြားမိတယ်"

ဝမ်းဝေရှန်း ပခုံးတွန့်လိုက်သည်။

"ဒါကြောင့် ဆရာက သိုင်းလောကထဲ ပြန်ဝင်မလို့ပေါ့"

အဆိပ်ရာဇာ ဒေါပွသွားသည်။

"မင်းက ငါကတိမတည်တဲ့သူလို့ ပြောချင်တာလား၊ မင်းမှတ်ထား၊ ငါက မင်းအတွက် သိုင်းလောကထဲ ပြန်ဝင်မလို့ကွ၊ ငါကိုယ်တိုင် ပထမဘွဲ့မရပေမယ့် ငါ့တပည့်ကိုတော့ ပထမဘွဲ့ရစေချင်တယ်၊ မင်းရဲ့ရန်သူတွေကိုလည်း ရှင်းလင်းနိုင်မယ်ဆိုတာမြဲမြဲ မှတ်ထား"

ပြတ်သားသောလေသံဖြင့် ကြုံးဝါး ပြောဆိုလိုက်လေတော့သည်။

* * *

## ငရဲပွက်သံ

သိမ်းငှက်တစ်ကောင်...။

လေထဲတွင် ပျံဝဲနေသော သိမ်းငှက်တစ်ကောင် မဟုတ်ပါ။

သို့သော် လေထဲတွင်မူ လွင့်ပျံလျှက်ရှိနေ၏။

သက်ရှိစွန်မဟုတ်ပါ။

အလံတစ်ခုပေါ်တွင် ရေးဆွဲထားသော သိမ်းငှက်တစ်ကောင်သာ ဖြစ်ပါသည်။

ရွှေဝါရောင်အောက်ခံတွင် အနက်ရောင်ခြည်ဖြင့် သိမ်းငှက်တစ်ကောင်ပုံဖော်ထားခြင်း ဖြစ်သည်။

ထိုအလံကို မြင်သူတိုင်းက မည်သို့သောအလံ ဖြစ်ကြောင်း သိရှိကြသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုအလံသည် မြို့ကြီးတိုင်းတွင်ရှိသည်။

တစ်နည်းဆိုရသော် ထိုအလံစိုက်ထူသည့် အဆောက်အအုံ တိုင်းသည် မြို့ကြီးတိုင်းတွင် ရှိနေပေသည်။

ထိုသိမ်းငှက်ပုံနှင့်အလံသည် မည်သည့်အဓိပ္ပါယ်ကို ဆောင်ကျဉ်းနေပါသနည်း။

ထိုအလံသည် မည်သည့်အရာကို ကိုယ်စားပြုနေပါသ နည်း။

အမေးရှိသော် အဖြေရှိရပေမည်။

ထိုသိမ်းငှက်ပုံနှင့်အလံသည် အာမခံဌာနတစ်ခုကို ရည် ညွှန်းထားသော အထိမ်းအမှတ်တစ်ခုသာ ဖြစ်ပါသည်။

ထိုအာမခံဌာနမှာလည်း သိမ်းငှက်အာမခံဌာနပင် ဖြစ်ပါ သည်။

မြို့ကြီးတိုင်း၌ သိမ်းငှက်အာမခံဌာနအလံများ ရှိနေခြင်း ကြောင့် သိမ်းငှက်အာမခံဌာန၏အရှိန်အဝါကြီးမားမှုကို အလွယ်တ ကူပင် သိနိုင်မည်ဖြစ်ပေသည်။

သိမ်းငှက်အာမခံဌာနသည် အလွန်ပင်ကြီးမားတောင့်တင်း သော ဌာနကြီးတစ်ခု ဖြစ်ပါသည်။

အမြို့မြို့အနယ်နယ်တိုင်းတွင် ဌာနခွဲများ ဖွင့်လှစ်ထားရှိ သည်။

လွန်ခဲ့သော နှစ် နှစ်ဆယ်ကျော်ကမူ သိမ်းငှက်အာမခံဌာန သည် အလွန်ပင် သေးငယ်သော အာမခံဌာနတစ်ခု ဖြစ်ခဲ့၏။

သို့သော် သိမ်းငှက်ကို့ရှမ်း၏ မနားမနေကြိုးစားမှုကြောင့်



သူ၏အာမခံဌာနသည် တစ်နေ့တခြားတိုးတက်ကြီးပွားလာခဲ့ရခြင်း ဖြစ်ပေသည်။

သိမ်းငှက်အာမခံဌာနချုပ်သည် ယခင် စတင်ထူထောင်စဉ် က အခြေစိုက်ခဲ့သော ကျုံးကျုန်မြို့ကလေးတွင်ပင် ဖွင့်လှစ်ထားရှိ လေသည်။

သိမ်းငှက်ကို့ရှမ်းသည် နှစ်နှစ်ဆယ်အတွင်း ကြမ်းတမ်း သော ခရီးများကို ဖြတ်သန်းလာနိုင်ခဲ့ပြီး သစ္စာရှိသော ယယ်သား တစ်ထောင်ကျော်ကို စုစည်းနိုင်ခဲ့၏။

သူ၏သိုင်းပညာသည်လည်း သူ့အတွက် အားထား လောက်မည့် အထောက်အကူတစ်ရပ် ဖြစ်ခဲ့ပေသည်။

ယခုမူ သူသည် အသက်အရွယ်ကြီးရင့်လာခဲ့ပြီ ဖြစ်၏။

အာမခံလုပ်ငန်းကို ကိုယ်တိုင်မလုပ်ဆောင်နိုင်တော့ပါ။

သူ၏ လက်အောက်ယယ်သားများနှင့်ပင် လွှဲအပ်လုပ် ဆောင်စေခဲ့သည်။

ကို့ရှမ်း အနားယူခဲ့သည်မှာ နှစ်နှစ်မျှရှိပြီဖြစ်သည်။

သို့သော် သူ၏အာမခံလုပ်ငန်းမှာ ကျဆင်းသွားခြင်း မရှိ ခဲ့ပေ။

အရှိန်အဟုန်မပျက် ဆက်လက်ပင် တိုးတက်နေခဲ့၏။

အာမခံဌာနသားများမှာလည်း နားရက်မရှိအောင်ပင် တစ် နှစ်ပတ်လုံး အလုပ်များခဲ့ကြရပေသည်။

သူတို့အတွက် အလုပ်နားရက်မှာ တစ်နှစ်လျှင် ဆယ်ရက်မျှ သာဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုဆယ်ရက်မှာ ကို့ရှမ်း၏မွေးနေ့ မတိုင်မီ ဆယ့်နှစ်ရက်... လိုတွင်ဖြစ်၏။

သူတို့၏ခွင့်ကာလကုန်ဆုံးသည်နှင့် သိမ်းငှက်ကို့ရှမ်း... မွေးနေ့ပွဲအတွက် လှုပ်ရှားရပြန်လေသည်။

ကို့ရှမ်းသည် နှစ်နှစ်ဆယ်ကျော်မျှ သိုင်းလောကတွင်သ... မက နေရာအနှံ့ ခရီးဆန့်ခဲ့သူဖြစ်၍ အသိအကျွမ်းမိတ်ဆွေ ပေါများ... လှသည်။

နေရာအနှံ့ မိတ်ဆွေမရှိသည့်နေရာဟူ၍ မရှိသလော... ပင် ဖြစ်ပေသည်။

* * *

ကျုံးကျန်မြို့....!!

ကျုံးကျန်မြို့ကလေးမှာ သေးငယ်သည်ဟု မဆိုသာပါ။

တစ်နှစ်ပတ်လုံး နွေးထွေးသော ရာသီဥတုရှိသဖြင့် နေထို... ရန်လွန်စွာသင့်လျော် ကောင်းမွန်ပေသည်။

ရေလမ်း၊ ကုန်းလမ်းဆုံရာမြို့ ဖြစ်နေသည့်အတွက်လည်း... ကုန်စည်ကူးသန်းရောင်းဝယ်မှုထွန်းကား၏။

ကျုံးကျန်မြို့ကလေးသို့ဝင်ရာ မင်းလမ်းမပေါ်တွင် အလျ... ကြီးမားသော သိမ်းငှက်ပုံပါ အလံကို တွေ့မြင်ရမည်ဖြစ်ပေသည်...

ထိုအလံမှာ အလျား ပေသုံးဆယ်၊ အနံ ဆယ့်နှစ်ပေတိ... ရှိ၏။



အဝေးကပင် မြင်သာအောင် ထိုမျှကြီးမားသော အလံကို ...မြှုလုပ်ထားခြင်း ဖြစ်ပါသည်။

မြို့တွင်းသို့ ဝင်ဝင်ချင်း ထိုအလံကို တွေ့ရမည်ဖြစ်သော် ...လည်း ထိုအလံရှိရာသို့ရောက်ရန်မှာ အတော်အတန်ကြာဦးမည်ဖြစ် ...သည်။

အကြောင်းမှာ သိမ်းငှက်အာမခံဌာနချုပ်သည် ကျုံးကျန် ...မြို့၏ တစ်ဘက်အစွန်းတွင် တည်ရှိသောကြောင့် ဖြစ်ပါသည်။

ကြီးမားသော အလံသည် လေထဲတွင် တလူလူဝဲပျံနေ၏။

အလံစိုက်ထူထားရာ ခြံဝင်းမှာလည်း အလွန်ကျယ်ဝန်းလှ ...သည်။

ခြံဝင်းထဲတွင် အနီရောင်ဝတ်စုံဆင်တူ ဝတ်ဆင်ထားသော ...လူများ လှုပ်လှုပ်ရှားရှား ရှိနေသည်ကို တွေ့မြင်ရမည်ဖြစ်သည်။

သိမ်းငှက်အာမခံဌာနချုပ်သည် ယနေ့အဖို့ ပို၍စည်ကား ...နေသည်ကို တွေ့ရသည်။

အခြားကြောင့် မဟုတ်ပါ။

ကို့ရှမ်း၏အသက် ခြောက်ဆယ့်နှစ်နှစ်မြောက် မွေးနေ့ ...ချင်းပရန် လေးရက်မျှသာ လိုတော့ခြင်းကြောင့်ဖြစ်၏။

ကို့ရှမ်း၏မွေးနေ့ပွဲသို့ အနယ်နယ်အရပ်ရပ်မှ မိတ်သင်္ဂဟ ...များသည် တဖွဲဖွဲရောက်လာမစဲ ရှိနေကြပေသည်။

သိမ်းငှက်အာမခံဌာနသားများသည် အဖွဲ့လေးဖွဲ့ ဖွဲ့လျက် ...ပိုင်နိုင်တာဝန်များကို ထမ်းဆောင်နေကြရသည်။

ထိုအဖွဲ့လေးဖွဲ့မှာ ကြိုဆိုရေးအဖွဲ့၊ လက်ဆောင်ပစ္စည်း...

www.burmeseclassic.com

www.burmeseclassic.com



လက်ခံရေးအဖွဲ့၊ နေရာချထားရေးအဖွဲ့နှင့် ဧည့်ခံကျွေးမွေးရေးအဖွဲ့ တို့ပင် ဖြစ်ကြပေသည်။

ကျယ်ဝန်းလှသော ခြံကြီးထဲ၌ ယာယီအဆောင်များ ဆောက်လုပ်ထားသည်။

ဧည့်ခံပွဲကျင်းပရန် လေးရက်လိုသေးသော်လည်း ယာယီ ဧည့်ဆောင် တစ်ဝက်ကျော်တွင် ဧည့်သည်များဖြင့် ပြည့်နေပြီဖြစ်၏

ကုန်သည်များ၊ မှူးမတ်များ၊ သိုင်းလောကသားများ သည်ဖြင့် အလွှာစုံမှဧည့်သည်များ ပါဝင်တက်ရောက်ကြသည်။

ကို့ရှမ်းသည် မိတ်ဆွေပေါများခြင်းကို အမြဲဂုဏ်ယူသည်

ထိုသို့ မွေးနေ့ပွဲလုပ်တိုင်း သူ၏မိတ်ဆွေ ရှိသမျှအားလုံးကို ဖိတ်ကာ အလျှံပယ်ကျွေးမွေးဧည့်ခံသည်။

အိမ်ပြန်လက်ဆောင်များလည်း ပြန်လည်ဝေငှသည်။

ထို့ကြောင့် ကို့ရှမ်း၏မွေးနေ့ဧည့်ခံပွဲသည် အခြားသူများ၏ မွေးနေ့ဧည့်ခံပွဲထက် ပို၍စည်ကားနေလေ့ရှိလေသည်။

* * *



ခြံဝင်းထဲရှိ စားပွဲ ကုလားထိုင်အားလုံးတွင် လူပြည့်နေပြီ ဖြစ်သည်။

ခြံဝင်းအလယ်စင်မြင့်ပေါ်မှ တေးဂီတအဖွဲ့သည် ငြိမ့် ညောင်းသာယာသော တေးသွားတို့ဖြင့် ပရိတ်သတ်များကို သီဆို ဧည့်ခံဖျော်ဖြေနေသည်။

ကို့ရှမ်းသည် ဧည့်သည်များအကြား ကူးလူးသွားလာရင်း မအားမလပ်နိုင်အောင် နှုတ်ဆက်နေရလေသည်။

ယနေ့အဖို့ သူသည် အလွန်ပင် ပျော်ရွှင်နေမိသည်။

အသက်အရွယ်ကြီးရင့်လာခြင်းကိုပင် ခေတ္တမေ့လျော့ လျှက်ရှိသည်။

ယခုနှစ်တွင် ခါတိုင်းနှစ်များထက် တက်ရောက်သူများ ကြောင်း သူသတိထားမိ၏။

ထို့အတွက်လည်း ပို၍ဂုဏ်ယူမိ၏။

ပို၍ပျော်ရွှင်ကြည်နူးမိ၏။

နံနက်လင်းသည်နှင့် သူ၏မွေးနေ့ပွဲကို စတင်စေခဲ့သည်။

ယခုအခါ ကျင်းပချိန် တစ်နာရီကျော် ကြာခဲ့ပြီဖြစ်သည်။

သူ့အနေနှင့် ကြွရောက်လာသူများ တစ်ဝက်မဆိုထားနှင့် ငါးပုံတစ်ပုံမျှပင် စကားမပြောရသေးချေ။ မနှုတ်ဆက်ရသေးချေ။

သူ၏လက်အောက် ငယ်သားများကိုသာ ဧည့်သည်များ အား လိုလေသေးမရှိပြုစုရန် တတွတ်တွတ်မှာကြားလျှက် ရှိနေ လေသည်။

သူ၏မွေးနေ့ပွဲ ကျင်းပရခြင်း၏နောက်ကွယ်၌ သိမ်းငှက်

www.burmeseclassic.com

www.burmeseclassic.com



အာမခံဌာနအား သူ၏မိတ်ဆွေအများစုက ငွားရမ်းအသုံးချခြင်းရ လာဒ်ရှိနေသည်ကိုမူ သူအသိဆုံးဖြစ်သည်။

ထို့ကြောင့်လည်း ငွေကြေးအကုန်အကျများစွာခံကာ အမြဲ တစေ ကျင်းပခဲ့ခြင်းလည်း ဖြစ်ပါသည်။

* * *

နေမွန်းတည့်ပြီ ဖြစ်၏။

ကျုံးကျန်မြို့ကလေးအတွက် နေမွန်းတည့်ချိန်သည် ပူပြင်း လှခြင်းမရှိပါ။

ကို့ရှမ်း၏ မွေးနေ့ပွဲသည်လည်း မပြီးသေးပါ။

ဆက်လက် ကျင်းပနေဆဲ ဖြစ်သည်။

ကို့ရှမ်းသည် ဧည့်သည်များအကြား တစ်မနက်လုံး သွား လာနှုတ်ဆက်နေရသဖြင့် မောပန်းနေပြီဖြစ်သည်။

ထို့ကြောင့် စားပွဲတစ်လုံးတွင် ဝင်ရောက်ထိုင်ကာ အမော ဖြေလိုက်လေသည်။

ယင်းသို့ အနားယူလိုက်သည့်အခါမှ ဆာလောင်မွတ်သိပ် မှုကို သတိပြုမိလာသည်။

သူ တစ်မနက်လုံး ဘာမျှမစားရသေးကြောင်း သိလိုက်၏။

ထိုစဉ် သူ၏ညာလက်ရုံး ဝေလုရောက်ရှိလာပြီး စား သောက်စရာများနှင့် အရက်ကို တည်ခင်းပေးလိုက်သည်။

ကို့ရှမ်းအဖို့ အဆင်သင့်ဖြစ်သွားရပေသည်။



ကို့ရှမ်းသည် ဝေလုအား ချီးကျူးစကားဆိုပြီး စားသောက် [...]န့်ဟာန်ပြင်လိုက်၏။

ထိုစဉ် ရုတ်ရုတ်သဲသဲ အသံများထွက်ပေါ်လာသဖြင့် မျက် [...]မှောင်ကြုတ်သွားသည်။

အသံလာရာသို့ လှမ်းကြည့်လိုက်ရာ မျက်နှာတစ်ခုလုံး [...]ည်းမှောင်သွား၏။

ဝေလုသည်လည်း ချက်ချင်းပင် ပြေးထွက်သွားလေသည်။

* * *

မြင်းနက်နှစ်ကောင်သည် ခြံတွင်းသို့ ရုတ်တရက် ပြေးဝင် [...]ာ၏။

မြင်း၏နောက်တွင် လှည်းကို တပ်ဆင်ထားသည်။

လှည်းဟုဆိုသော်လည်း အိမ်မပါဘဲ လှည်းကြမ်းဖြစ်ပေ [...]ည်။

မြင်းမှာ ကြောက်လန့်တကြားဖြင့် ပြေးဝင်လာပုံရ၏။

အထဲမှလူများစွာကို တွေ့သောအခါ ပို၍ကြောက်ရွံ့သွားပုံ [...]ပြီး ခြေဦးတည့်ရာ စွတ်ရွတ်ပြေးတော့သည်။

ကဆုန်ပေါက် ပြေးဝင်လာသောမြင်းကြောင့် လူများ [...]ယာက်ယက်ခတ် ထပြေးကြလေသည်။

စားပွဲများလည်း ဂျွမ်းထိုးမှောက်ခုံဖြစ်ကုန်သည်။

ထိုစဉ် လူတစ်ယောက် လျှင်မြန်စွာရောက်ရှိလာပြီး မြင်း

www.burmeseclassic.com

www.burmeseclassic.com



ဇက်ကြိုးကိုဆွဲကာ ထိန်းသိမ်းလိုက်၏။

မြင်းသည် အားကုန်ရုန်းသော်လည်း ထိုလူ၏လက်မှ ရုန်း
ထွက်နိုင်ဘဲ ဖြစ်ကာ နောက်ဆုံး ငြိမ်ကျသွားလေသည်။

သိုင်းလောကသားများမှာထိုလူ၏အတွင်းအား ကောင်းမွ
ပုံကို တွေ့မြင်ရသောအခါ လက်ခုပ်လက်ဝါးတီးကာ ချီးကျူးလိုက်ကြ
လေသည်။

ထိုလူမှာ ကို့ရှမ်း၏ညာလက်ရုံး ဝေလုပင်ဖြစ်ပါသည်။

ဝေလုသည် မြင်းကို ရပ်တန့်အောင် ပြုလုပ်ပြီးနောက်
လှည်းပေါ် ပါလာသောအရာကို ကြည့်လိုက်၏။

ထိုအရာကို တွေ့မြင်လိုက်ရသောအခါ ဝေလု၏မျက်နှ
တစ်ခုလုံး မည်းမှောင်သွားရလေတော့သည်။

* * *



မြင်းနက်ကြီးမှာ ငြိမ်သက်စွာပင် ရပ်နေ၏။

ထို့အတူ မြင်းနက်ကြီးဆွဲလာသော လှည်းပေါ်မှအရာဝတ္ထု
သည်လည်း ငြိမ်သက်စွာပင် ရှိနေလေသည်။

ထိုအရာဝတ္ထုကို တွေ့မြင်ရသူအပေါင်းသည်လည်း မျက်
နှာပျက်သွားကြလေသည်။

ထိုအရာမှာ အခြားမဟုတ်ပါ။

အနက်ရောင် ခေါင်းတလားတစ်ခုပင် ဖြစ်ပါသည်။

"တောက်"

ဝေလု ခံပြင်းစွာဖြင့် တက်ခေါက်လိုက်သည်။

ထို့နောက် ဓားကိုဆွဲထုတ်ကာ ထိုခေါင်းတလားအား ခုတ်
ချရန် ဟန်ပြင်လိုက်၏။

သို့သော် မခုတ်ချဖြစ်ပါ။

လက်တစ်ဘက်၏ ဟန့်တားခြင်းကို ခံလိုက်ရခြင်းကြောင့်
ဖြစ်ပါသည်။

ဝေလုက ဒေါသတကြီးဖြင့် ဟန့်တားလာသူကို လှည့်ကြည့်
လိုက်သည်။

ကို့ရှမ်း ဖြစ်နေသည်ကို တွေ့ရသောအခါ စိတ်ကိုလျှော့ပြီး

"ဆရာ..ဒါ ကျွန်တော်တို့ကို စော်ကားတာပဲ"

ဟုပြောလိုက်သည်။

ကို့ရှမ်းက ပြုံးလိုက်၏။

"လက်ဆောင်ပေးတဲ့ပစ္စည်းကို မဖျက်ဆီးကောင်းပါဘူး၊
ဘယ်သူ့ဆီက လက်ဆောင်လဲဆိုတာ အရင်ကြည့်ပါဦး"

www.burmeseclassic.com

www.burmeseclassic.com



အေးစက်ငြင်သာစွာ ပြောလိုက်သည်။

သူ၏စကားကြောင့် ဝေလုမှာ ကြောင်အမ်းအမ်းဖြစ်သွားသည်။

အနီးရှိ သိုင်းလောကသားများမှာလည်း ကို့ရှမ်း၏ ထူးဆန်းသော စိတ်ထားကို နားမလည်နိုင်အောင် ဖြစ်သွားကြရလေသည်။

ကို့ရှမ်းက ဝေလုအား ပြောလိုက်သည်။

"ကဲ..သွားကြည့်လိုက်ပါဦး"

ဝေလုသည် ဓားကိုသိမ်းလိုက်ပြီး လှည်းပေါ်သို့ လျှပ်တပြက်ခုန်တက်လိုက်သည်။

ထို့နောက် ခေါင်းတလားကို သေချာစွာ အကဲခတ်ကြည့်လိုက်သည်။ ခေါင်းတလားမှာ အဖုံးပိတ်ထား၏။

ထို့ကြောင့် အတွင်းမှအရာကို တွေ့မြင်နိုင်ရန် အဖုံးကို ဆွဲဖွင့်လိုက်သည်။

ထိုတဒင်္ဂအတွင်းမှာပင် တိုက်ခိုက်မှုကို ကာကွယ်ရန်အတွက် လက်တစ်ဘက်ကို ရင်ဝတွင် အသင့်ကာကွယ်ထားလိုက်သည်။

သို့သော် မည်သည့်တိုက်ခိုက်မှုမျှ မရှိပါ။

ဝေလုသည် ခေါင်းအဖုံးကိုဘေးချပြီး ခေါင်းတွင်းသို့ကြည့်လိုက်သည်။

ခေါင်းအတွင်း၌ အရိုးခေါင်းပုံဆွဲထားသော စာရွက်တစ်ရွက်ကိုသာ တွေ့ရသည်။

သူထင်မှတ်ထားသလို လူသေအလောင်းကို တွေ့မြင်ရခြင်းမရှိပါ။



ဝေလု မျက်မှောင်ကုပ်သွားသည်။

စာရွက်ကို ကောက်ယူကာ ကို့ရှမ်းကို ပေးလိုက်သည်။

ကို့ရှမ်းက စာရွက်ကို လှမ်းယူဖတ်ကြည့်လိုက်၏။

"ကို့ရှမ်း..

ဒီနေ့သေရမယ်"

စာမှာ ခပ်တိုတိုသာဖြစ်သည်။

အဓိပ္ပါယ်ကား ရှင်းလင်းတိကျလှပေသည်။

ကို့ရှမ်းသည် စာဖတ်ပြီးနောက် သဘောကျစွာ ရယ်မောလိုက်လေသည်။

သိုင်းသမားတစ်ယောက်က ရှေ့တိုးလာပြီး..

"ဘာစာများလဲ၊ ကျုပ်တို့ကို ပြောပြနိုင်မလား"

ဟုမေးလိုက်သည်။

ကို့ရှမ်းက ရယ်မောရာမှ ရပ်တန့်ပြီး..

"သိရပါတယ်ဗျာ၊ စာကတော့ ကျုပ် ဒီနေ့သေရမယ်လို့ ရေးထားတာပါပဲ"

ကို့ရှမ်းက အရေးမစိုက်ဟန်ဖြင့် ခပ်ပေါ့ပေါ့ပင် ပြောလိုက်သည်။

သူ့စကားကြောင့် သိုင်းသမားများ မျက်လုံးပြူးသွားကြသည်။

"စာရွက်ပေါ်မှာ အဆိပ်ပါနေဦးမယ်"

သိုင်းသမားတစ်ယောက်က ထိတ်လန့်တကြားဖြင့် အော်ဟစ်သတိပေးလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုအခါမှ ကို့ရှမ်း သတိရသွားကာ စာရွက်ကို ကပျာကယာ စစ်ဆေးကြည့်လိုက်သည်။

အတန်ကြာ စစ်ဆေးပြီးမှ သက်ပြင်းချယင်း…

"စာရွက်မှာ အဆိပ်မပါပါဘူး"

ထိုစဉ် သိုင်းသမားများထဲမှ လူတစ်ယောက် တိုးထွက်လာ၏။

ထိုလူမှာ မြောက်ပိုင်းဓားသမားဟု သိုင်းလောကတွင် အမည်တွင်သူတစ်ဦး ဖြစ်ပါသည်။

* * *

ကို့ရှမ်းသည် သီးသန့်ခန်းတွင်း၌ ထိုင်နေ၏။

သူ၏ရှေ့ စားပွဲပေါ်တွင် လုံတိုတစ်ချောင်းနှင့် ဓားမြှောင် ခုနစ်လက်ကို စီ၍တင်ထားသည်။

ကျရောက်လာမည့် အန္တရာယ်ကို ရင်ဆိုင်ရန် အသင့်ပြင် ထားခြင်း ဖြစ်ပါသည်။

ထိုအခိုက် တံခါးခေါက်သံ ထွက်ပေါ်လာသည်ကို ကြား လိုက်ရ၏။

ကို့ရှမ်းက တံခါးကို စိုက်ကြည့်လိုက်ပြီး…

"တွန်းဝင်ခဲ့"

ကို့ရှမ်း၏စကားသံ အဆုံးတွင် တံခါးသည် ဖြည်းညင်းစွာ ပွင့်လာ၏။



လူတစ်ယောက် လှမ်းဝင်လာသည်။

ဝင်လာသူမှာ ညာလက်ရုံးဝေလုပင် ဖြစ်သည်။

"ဧည့်သည်အားလုံး ပြန်သွားပြီလား"

ကို့ရှမ်းက လှမ်းမေးလိုက်ခြင်း ဖြစ်သည်။

ဝေလုက အရိုအသေပြုယင်း…

"ဟုတ်ကဲ့ လူအတော်များများ ပြန်သွားကြပါပြီ"

ကို့ရှမ်း မျက်မှောင်ကြုတ်သွားသည်။

"ဒါဆို မပြန်သေးတဲ့လူတွေ ရှိသေးတယ်ပေါ့"

"ဟုတ်ကဲ့ မြောက်ပိုင်းဓားသမားဦးဆောင်တဲ့ သိုင်းသမား တစ်ရာကျော်လောက်ကတော့ ရန်သူနဲ့ရင်ဆိုင်ဖို့ နေရစ်ခဲ့ကြပါတယ်၊ သူတို့ကို ဘယ်လိုမှ ပြန်ခိုင်းလို့မရဘူး၊ မြောက်ပိုင်းဓားသမားက လည်း ဆရာနဲ့စကားပြောချင်တယ်တဲ့"

ဝေလုက အခြေအနေကို ရှင်းပြလိုက်သည်။

ကို့ရှမ်း တွေဝေသွားသည်။

အနည်းငယ် စဉ်းစားတွေးတောနေဟန်တူသည်။

အတန်ကြာမှ ဆတ်ခနဲ ခေါင်းညိတ်လိုက်ကာ…

"ကောင်းပြီလေ၊ လွှတ်လိုက်ပါ"

ဝေလု အရိုအသေပြုပြီး အပြင်သို့ ပြန်လည်ထွက်သွားလေ သည်။

မကြာပါချေ။

ကို့ရှမ်းထံသို့ မြောက်ပိုင်းဓားသမား ရောက်လာသည်။

အခန်းထဲ ဝင်ရောက်လာသည့် မြောက်ပိုင်းဓားသမားကို

www.burmeseclassic.com

www.burmeseclassic.com



ကို့ရှမ်းက ပြုံးပြလိုက်သည်။

"ခင်ဗျား ကျုပ်အတွက် စိတ်ပူနေတယ်ထင်တယ်"

မြောက်ပိုင်းဓားသမားက ခေါင်းညိတ်သည်။

"ဟုတ်တယ်၊ ဒီလိုအရေးကြီးတဲ့အချိန်မှာ ကျုပ်တို့ကို ပြန်နိုင်းဖို့တော့ မစဉ်းစားပါနဲ့"

ကို့ရှမ်း ရယ်မောလိုက်သည်။

"ကျုပ်အတွက် ဘာမှမပူပါနဲ့၊ အခု ကျုပ်လူတွေ ခြံဝင်းတစ်ခုလုံးကို စောင့်ကြပ်နေကြပါပြီ၊ ဘယ်လိုလူမှ ကျုပ်မသိဘဲ ဝင်လာလို့ မရပါဘူး"

ယုံကြည်စိတ်ချမှု အပြည့်ဖြင့် ကို့ရှမ်းက ပြောသည်။

"မိတ်ဆွေကောင်းဆိုတာ အရေးကြုံတဲ့အခါ ဘယ်တော့မှ ပစ်မပြေးကြဘူးဆိုတာ ခင်ဗျားသိမှာပါ"

ကို့ရှမ်းက ခေါင်းညိတ်လိုက်သည်။

"ဟုတ်ပါတယ်၊ အမုန်းမိစ္ဆာကို ကျုပ် ကောင်းကောင်း ရင်ဆိုင်နိုင်ပါတယ်၊ ခင်ဗျားတို့ စေတနာကိုလည်း လေးစားပါတယ်"

"အမုန်းမိစ္ဆာကို ကျုပ်တို့ တစ်ခါမှမတွေ့ခဲ့ဖူးသေးဘူး၊ ဒီတစ်ခါတွေ့ရမလားဆိုတဲ့ စိတ်လည်းရှိနေတယ်၊ ဒါကြောင့် ခင်ဗျား အနေနဲ့ အပန်းမကြီးရင် ကျုပ်တို့လည်း နေပါရစေ"

မြောက်ပိုင်းဓားသမားက တောင်းပန်လိုက်သည်။

ကို့ရှမ်းသည် မြောက်ပိုင်းဓားသမား၏ တောင်းဆိုမှုကို မည်သို့မျှ မငြင်းပယ်သင့်ကြောင်း နားလည်သည်။

မြောက်ပိုင်းဓားသမား၏ မိတ်ဆွေကောင်းပီသသော



စိတ်ဓာတ်ကိုလည်း လေးစားသွားမိ၏။

ထို့ကြောင့် မြောက်ပိုင်းဓားသမားကို နေထိုင်စောင့်ဆိုင်းရန် ခွင့်ပြုလိုက်သည်။

ကျေးဇူးတင်ကြောင်းကိုလည်း ပြောလိုက်လေ၏။

* * *

မြောက်ပိုင်းဓားသမားသည် အခန်းအပြင်သို့ ပြန်ထွက်လာသည်။

အပြင်တွင် အသင့်ရှိနေသော ဝေလုက မြောက်ပိုင်းဓားသမားအား ဦးညွှတ်အရိုအသေပြုလိုက်သည်။

မြောက်ပိုင်းဓားသမားသည် ဝေလုကို ခေါင်းညိတ်ပြပြီး..

"ဝေလု အခု မင်းဘာအစီအစဉ်တွေ လုပ်ထားသလဲ"

"ကျွန်တော် ခြံဝင်းတစ်ခုလုံးကို အစောင့်ချထားပါတယ်၊ ပြီးတော့ လိုရမယ်ရ ကင်းပုန်းနှစ်ဆယ်လောက်ကိုလည်း အသင့်စောင့်နိုင်းထားတယ်၊ ဂေဟာပတ်လည်မှာလည်း အစောင့်ငါးဆယ်ကို လှည့်ပတ်စောင့်နိုင်းထားတယ်၊ ပြီးတော့ ကျွန်တော်နဲ့ဌာနမှူး နှစ်ယောက်က ဆရာရဲ့အခန်းဝမှာ စောင့်ကြပ်ပါ့မယ်၊ ဆရာ့အခန်းဟာ ပြတင်းပေါက်မရှိဘူး၊ ဝင်စရာအပေါက်တစ်ခုပဲရှိတယ်၊ အဲဒီအထိ လာနိုင်ရင်တော့ ကျွန်တော်တို့နဲ့တွေ့မှာပါပဲ"

"ကောင်းတယ်၊ ငါလည်း မင်းတို့နဲ့အတူ စောင့်မယ်"

ထို့နောက် သူတို့နှစ်ယောက်သည် ကို့ရှမ်း၏တံခါးဝအနီးရှိ

www.burmeseclassic.com

www.burmeseclassic.com



စားပွဲတွင် ဝင်ထိုင်လိုက်ကြ၏။

ထိုစဉ် သိုင်းသမားငါးယောက်ခန့်နှင့် အာမခံဌာနမှူးနှစ်ယောက်တို့လည်း ရောက်ရှိလာကြလေသည်။

ဝေလုက စားသောက်ဖွယ်ရာများ၊ အရက်များဖြင့် ဧည့်ခံ၏။

လူအားလုံးမှာ အစားအသောက်တွင် စိတ်မဝင်စားနိုင်ကြပါ။

အမုန်းမိစ္ဆာကို တွေ့လိုစိတ်သာ ပြင်းပြနေကြသည်။

ဝေလုက မကြာခဏဆိုသလို ထိုင်ရာမှထ၍ အခန်းတံခါးကို ဟ၍ အထဲသို့ချောင်းကြည့်၏။

ကို့ရှမ်း ကောင်းမွန်စွာရှိကြောင်း တွေ့ရမှ တံခါးပြန်စေ့ကာ စားပွဲတွင်ဝင်ထိုင်သည်။

ဤသို့ဖြင့် စောင့်စားနေကြရာ အချိန်လည်း တဖြည်းဖြည်း ကုန်ဆုံးလာ၏။

ညဉ့်မိုးချုပ်လာပြီ ဖြစ်သည်။

အမှောင်ထုသည် ရန်သူများအတွက် လှုပ်ရှားရန်အကောင်းဆုံး အကာအကွယ်ပင်ဖြစ်သည်။

ထို့ကြောင့် ပို၍ သတိဝီရိယရှိရန် လိုအပ်လာပေတော့၏။

မြောက်ပိုင်းဓားသမားသည် ဓားကို ခါးမှဖြုတ်ကာ စားပွဲပေါ်သို့ အသင့်တင်ထားလိုက်၏။

သူကဲ့သို့ပင် ကျန်လူအားလုံးသည် အသင့်အနေအထားရှိနေကြောင်း တွေ့ရသည်။



အချိန်သည် စောင့်စားသူအတွက် ကြာရှည်လွန်းလှသည်။

စိတ်မပါသော တွေ့ရာလေးပါးစကားများကိုသာ မပျင်းမရိအောင်ပြောဆိုယင်း အချိန်ကို ကုန်လွန်စေခဲ့သည်။

အခြေအနေကား အေးချမ်းဆဲပင်။

ခြံဝင်းအတွင်း၌လည်း မသင်္ကာဖွယ်ရာ အရိပ်အခြည်တစ်စုံတစ်ရာမျှ မတွေ့ရသေးချေ။

“ဒေါင်...ဒေါင်”

အဝေးဆီမှ အုန်းမောင်းခေါက်သံ ဆယ့်နှစ်ချက် ထွက်ပေါ်လာသည်။ ဝေလု သက်ပြင်းချလိုက်ပြီး... .

“ဆယ့်နှစ်နာရီထိုးပြီ သူမလာရဲတော့ပါဘူး”

မြောက်ပိုင်းဓားသမားက ခေါင်းညိတ်လိုက်သည်။

“ဒီလောက်လုံခြုံရေး စီစဉ်ထားတဲ့နောက် သူဝင်လာရင် ကိုယ့်သေတွင်းကိုယ်တူးသလို ဖြစ်နေမှာပေါ့၊ ကဲ တို့ ကို့ရှမ်းဆီသွားရအောင်”

ဝေလုနှင့်မြောက်ပိုင်းဓားသမားတို့သည် နေရာမှထကာ တံခါးဆီသို့ လျှောက်သွားကြ၏။

ထို့နောက် တံခါးကိုဖွင့်ကာ အထဲဝင်လိုက်ကြသည်။

ကို့ရှမ်း၏ စားပွဲပေါ်မှ အရက်အိုးမှာ လဲကျနေ၏။

ကို့ရှမ်းမှာလည်း စားပွဲပေါ်တွင် ခေါင်းငိုက်စိုက်ကျနေလေသည်။ ထိုမြင်ကွင်းကို မြင်ရသည့်အခါ မြောက်ပိုင်းဓားသမားသည် စိတ်ပျက်စွာဖြင့် ခေါင်းခါယမ်းလိုက်မိသည်။

“အချိန်မရွေး အန္တရာယ်ကျရောက်နိုင်တဲ့အချိန်မှာ အရက်

www.burmeseclassic.com

www.burmeseclassic.com



ကို ဒီလောက်သောက်ဖို့ မကောင်းဘူး”

“ဆရာ”

ဝေလုက အသံပြုရင်း အနားသို့တိုးကပ်သွား၏။

ကို့ရှမ်းမှာ တုတ်တုတ်မျှပင် မလှုပ်ချေ။

အခြေအနေ ထူးခြားသလိုရှိသည်ဟု ထင်ကာ မြောက်ပိုင်းစားသမား ချက်ချင်းပင် ကို့ရှမ်းကို ဆွဲထူလိုက်၏။

“ဟင်”

ထိတ်လန့်သော အာမေဋိတ်သံ ထွက်ပေါ်လာသည်။

ကို့ရှမ်း တစ်ကိုယ်လုံး ပြာနှမ်းနေသည်ကို တွေ့မြင်လိုက်ရသောကြောင့်ဖြစ်သည်။

ထိတ်လန့်အံ့သြစွာဖြင့် ကပျာကယာ စစ်ဆေးကြည့်လိုက်သည်။ အသက် လုံးဝမရှိတော့ပါ။

“တောက်”

မြောက်ပိုင်းစားသမား ခံပြင်းစွာ တောက်တစ်ချက်ခေါက်လိုက်မိသည်။

ဝေလုမှာ မယုံကြည်နိုင်သော မျက်လုံးများဖြင့် ကို့ရှမ်းအလောင်းကို ငေးစိုက်ကြည့်နေသည်။

နှုတ်မှလည်း ကယောင်ကတမ်း ရေရွတ်လိုက်သည်။

“မဖြစ်နိုင်ဘူး”

မဖြစ်နိုင်ဘူးဟုသာ ရေရွတ်နေသည်။

ကို့ရှမ်းကား အမှန်တကယ်ပင် သေဆုံးခဲ့ချေပြီ။

* * *

## ဒုတိယလူ

စီချွမ်ပြည်နယ်…။

စီချွမ်ပြည်နယ်သည် ပင်လယ်ကမ်းခြေဒေသတစ်ခု ဖြစ်သည်။

ထို့ကြောင့် စီချွမ်ပြည်နယ်ရှိ ကျေးရွာများသည် များသောအားဖြင့် တံငါကျေးရွာများသာ ဖြစ်ကြပေသည်။

ထိုအထဲတွင် စံပယ်ကျေးရွာသည်လည်း တစ်ရွာအပါအဝင်ဖြစ်ပါသည်။

စီချွမ်ပြည်နယ်တွင် ကျေးရွာမြောက်များစွာရှိသည်။

သို့သော် ထိုကျေးရွာများသည် စံပယ်ကျေးရွာလောက် ထင်ပေါ်ကျော်ကြားခြင်းမရှိပါ။

www.burmeseclassic.com

www.burmeseclassic.com



စံပယ်ကျေးရွာသည် အဘယ်ကြောင့် အခြားရွာများထက် နာမည်ကြီးနေပါသနည်း။

စံပယ်ကျေးရွာ နာမည်ကြီးရခြင်းမှာ အခြားကြောင့်မဟုတ်ပေ။

လူတစ်ယောက်ကြောင့် ဖြစ်ပါသည်။

ထိုလူက တံငါသည်တစ်ယောက်သာ ဖြစ်သည်။

သူ၏အမည်မှာ ဝမ်းထင်းဖြစ်၏။

ဝမ်းထင်းသည် တံငါသည်တစ်ယောက်ဖြစ်သည်နှင့်အညီ အမြဲတစေ ငါးမျှားတံတစ်ချောင်းကို ကိုင်ဆောင်၏။

သို့သော် ထိုငါးမျှားတံကို ငါးမျှားရာတွင် တစ်ကြိမ်တစ်ခါမျှအသုံးပြုသည်ကို မတွေ့ရပါ။

ထိုသို့ဆိုလျှင် ထိုငါးမျှားတံအား မည်သည့်နေရာတွင် အသုံးချပါသနည်း။

အဓိပ္ပါယ်မဲ့ကိုင်ဆောင်မည်တော့ မဟုတ်ပါ။

အသုံးပြုသောနေရာ ရှိပါလိမ့်မည်။

မှန်ပါသည်။

ထိုနေရာမှာ အခြားမဟုတ်ပါ။

ရန်သူကို တိုက်ခိုက်သော နေရာတွင် အသုံးချခြင်းဖြစ်ပါသည်။

ဝမ်းထင်းသည် အသက်ငါးဆယ်ခန့်ရှိပြီး စံပယ်ကျေးရွာတွင် သခင်တစ်ယောက်ဖြစ်သည်။

သိုင်းလောကတွင် ဆယ်နှစ်ကျော် လှုပ်ရှားခဲ့ပြီးနောက် စံပယ်ကျေးရွာသို့ ပြန်လည်အခြေချနေထိုင်သူ ဖြစ်သည်။



သူ အခြေချပြီးနောက် စံပယ်ကျေးရွာလည်း နာမည်ကြီးလာရလေသည်။

သိုင်းလောက၏နာမည်ကျော် တံငါသိုင်းသမားတစ်ဦး နေထိုင်ရာဖြစ်၍ တံငါသည်သိုင်းသမား၏နာမည်နှင့်အတူ စံပယ်ကျေးရွာသည်လည်း ထင်ရှားကျော်ကြားလာရခြင်း ဖြစ်ပေသည်။

* * *

www.burmeseclassic.com

www.burmeseclassic.com



စံပယ်စံအိမ်...။

စံပယ်ကျေးရွာ၏ မင်းလမ်းအလယ်လောက်တွင် စံပယ်စံအိမ်တည်ရှိသည်။

ဂေဟာမှာ သေးငယ်သော်လည်း ခြံဝင်းမှာ အတန်ငယ်ကျယ်ဝန်းသည်။

ထိုခြံဝင်းထဲတွင် စံပယ်ပင်များကို စီတန်းကာ စိုက်ပျိုးထားသည်။

ထိုခြံဝင်းအနီးမှ ဖြတ်သွားသူတိုင်း မွှေးပျံ့သော စံပယ်နံ့ကြောင့် ရင်ထဲအေးမြသွားရလေ့ရှိသည်။

ထို့အတူ စံပယ်စံအိမ်တွင် နေထိုင်သော တံငါသည်သိုင်းသမား ဝမ်းထင်းသည်လည်း တံငါသည်များ၏ အခက်အခဲကို အမြဲတစေ ဖြေရှင်းပေးတတ်သည့်အတွက် တံငါသည်များ၏ဘဝကို အေးချမ်းစေခဲ့သည်။

ထို့ကြောင့်လည်း စံပယ်ကျေးရွာရှိ တံငါသည်များသည် စံပယ်စံအိမ်မှ ဖြတ်ကျော်သွားသည့်အခါတိုင်း တံငါသည်ဝမ်းထင်းအတွက် အမြဲတစေ ဆုမွန်ကောင်းများ တောင်းပေးလေ့ရှိကြလေသည်။

* * *



ယနေ့အဖို့ ရာသီဥတု ကြည်လင်သာယာနေ၏။

စံပယ်ကျေးရွာမှ တံငါသည်များသည် ငါးဖမ်းထွက်ရန် မြစ်ဆင်ကာ ကမ်းခြေသို့ဆင်းလာကြသည်။

ကမ်းခြေသို့ရောက်သည့်အခါ ကမ်းစပ်သဲသောင်ပြင်မှ ပြန်တက်လာသော ဝမ်းထင်းကို တွေ့လိုက်ရသည်။

တံငါသည်အားလုံးက ဦးညွှတ်အရိုအသေပြုကာ နှုတ်ဆက်ကြသည်။

ဝမ်းထင်းကလည်း ပြန်လည်နှုတ်ဆက်ပြီး ရွာထဲသို့ဝင်လာခဲ့သည်။

ဝမ်းထင်းသည် နေ့စဉ်လိုလိုပင် နံနက်စောစောအချိန်၌ သဲသောင်ပြင်တွင် သိုင်းပညာလေ့ကျင့်လေ့ရှိပေသည်။

ထိုအခါမျိုးတွင် သူ၏သား ဝမ်းလုံပါ အတူလိုက်ပါလေ့ရှိ၏။

တစ်နေ့တွင် ဝမ်းလုံမှာ အိပ်မောကျနေသဖြင့် မခေါ်ဘဲ သူတစ်ဦးတည်း ထွက်လာခဲ့ခြင်းဖြစ်သည်။

ဝမ်းထင်းသည် နေ့စဉ်တွေ့မြင်နေကြ ရှုခင်းများကို တောင်ငေးမြောက်ငေး ကြည့်ရှုယင်း စံပယ်စံအိမ်သို့ ရောက်မှန်းမသိ ပြန်ရောက်လာခဲ့သည်။

ထိုအခိုက် သူ၏ကျောဘက်၌ စစ်ခနဲဖြစ်သွားသဖြင့် နောက်လှည့်ကြည့်လိုက်မိသည်။

မည်သူ့ကိုမျှ မတွေ့ရပါ။

ဝမ်းထင်း မျက်မှောင်ကြုတ်သွားသည်။

မည်သူတစ်ဦးတစ်ယောက်၏ လက်ချက်မှမဟုတ်ဘဲ

www.burmeseclassic.com

www.burmeseclassic.com



အဘယ်ကြောင့် နောက်ကျော စစ်ခနဲ ဖြစ်သွားရပါသနည်း။

ဝမ်းထင်း နားမလည်နိုင်အောင် ဖြစ်သွားရသည်။

ထိုစဉ်မှာပင် စံပယ်ပင်များကြားမှ အရာဝတ္ထုတစ်ခု လှုပ်ရှားသွားသည်ကို အမှတ်မထင် တွေ့လိုက်ရသည်။

ဝမ်းထင်း သေချာစွာ စူးစိုက်ကြည့်လိုက်မိသည်။

သို့သော် ဘာမျှထူးခြားသည်ကို မတွေ့ရပါ။

ဝမ်းထင်း မကျေမနပ် ဖြစ်သွားသည်။

ပတ်ဝန်းကျင်တစ်ခုလုံးကို သေချာစွာ ကြည့်လိုက်မိသည်။

တစ်စုံတစ်ရာ ထူးခြားသည်ကို မတွေ့ရဘဲရှိသည်။

ဝမ်းထင်း သက်ပြင်းချလိုက်ယင်း..

"အင်း..အသက်နည်းနည်းကြီးလာတာနဲ့ မျက်စိလည်း မကောင်းတော့ဘူးထင်ပါရဲ့"

ခပ်ညည်းညည်း ရေရွတ်ကာ အိမ်ထဲသို့ ဝင်ရောက်သွားလေသည်။

ထူးခြားသော အဖြစ်အပျက်ကိုလည်း စိတ်ထဲက ယုန်ထင်ကြောင်ထင် ထင်မိခြင်းသာဖြစ်သည်ဟု တွေးကာ ခပ်ပေါ့ပေါ့နေလိုက်လေသည်။

* * *



ရက်သတ္တ တစ်ပတ်ခန့်အကြာ...

တစ်ခုသော နံနက်ခင်းအချိန်တွင် ဖြစ်သည်။

ဝမ်းထင်းနှင့်ဝမ်းလုံတို့ သားအဖသည် ထုံးစံအတိုင်း သိုင်းပညာလေ့ကျင့်ရန်အတွက် အိမ်မှထွက်ရန် ပြင်ကြသည်။

ထိုစဉ်...

"သခင်ကြီးဝမ်..သခင်ကြီးဝမ်"

ပျာယီးပျာယာ အော်ခေါ်သံနှင့်အတူ လူတစ်စု သုတ်သီးသုတ်ပျာဝင်ရောက်လာကြ၏။

ထိုလူများကို လှမ်းကြည့်လိုက်သောအခါ ရွာထဲမှတံငါသည်တစ်စု ဖြစ်နေသည်ကို တွေ့ရသည်။

ဝမ်းလုံ မျက်မှောင်ကြုတ်သွားသည်။

"ဘာကိစ္စလဲခင်ဗျာ"

တံငါသည်တစ်ယောက်က ရှေ့တိုးလာပြီး..

"သခင်လေးတို့ ခြံဝမှာ စာတစ်စောင်ချိတ်ထားတာတွေ့လို့ လာပေးတာပါ"

ထိုသို့ပြောယင်း စာတစ်စောင်ကို တရိုတသေ ကမ်းပေးလိုက်လေသည်။

ဝမ်းလုံက စာကိုကြည့်လိုက်သည်။

တံငါသည်များက နှုတ်ဆက်ကာ ပြန်ထွက်သွားကြလေသည်။

"သား..ဘယ်ကစာလဲ"

ဝမ်းထင်းက သားဖြစ်သူဝမ်းလုံးကို လှမ်းမေးလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ဝမ်းလုံက…

"ဖေဖေ့အတွက်"

ဟုပြောယင်း စာကို ကမ်းပေးလိုက်၏။

ဝမ်းထင်းက လှမ်းမယူဘဲ…

"သားပဲဖတ်ပြစမ်းပါ၊ ထူးထူးခြားခြား ဘယ်သူ့ဆီကလဲလို့"

ဝမ်းလုံက ကိုဖွင့်ဖတ်ပြလိုက်သည်။

"တံငါသည်မားသမား…

သင်၏အသက် ဆယ်ရက်နေ့တွင်ယူမည်။"

စာဖတ်ပြီးသည်နှင့် ဝမ်းလုံ၏မျက်နှာ ရုတ်တရက် တင်းမာသွား၏။

"တောက်"

ခံပြင်းစွာ တောက်တစ်ချက် ခေါက်လိုက်သည်။

"ဘယ်သူ့ဆီကလဲ"

ဝမ်းထင်းက တည်ငြိမ်စွာ လှမ်းမေးသည်။

ဝမ်းလုံက စာရွက်ကို သေချာစွာ ကြည့်လိုက်၏။

"ဘာမှရေးမထားဘူး၊ ဒါပေမယ့် အရိုးခေါင်းပုံဆွဲထားတာတော့ တွေ့တယ်"

"ဟင်"

ဝမ်းထင်း၏နှုတ်မှ လွှတ်ခနဲ ထွက်သွား၏။

မျက်နှာလည်း ကွက်ခနဲပျက်သွားသည်။

"အမုန်းမိစ္ဆာ..မင်းပဲလား"

ဝမ်းထင်း ခေါင်းကို ဖြည်းညင်းစွာ ခါယမ်းယင်း တီးတိုးရေရွတ်လိုက်သည်။



သူ၏စကားကြောင့် သားဖြစ်သူဝမ်းလုံ ထိတ်ခနဲ ဖြစ်သွားသည်။

"ဟင်..အမုန်းမိစ္ဆာ ဟုတ်လား ဖေဖေ"

ဝမ်းထင်း သက်ပြင်းချလိုက်သည်။

"ဟုတ်ချင်မှလည်း ဟုတ်မှာပါ၊ သူနဲ့ဖေဖေတွေ့မှ မတွေ့ဖူးဘဲ၊ ပြီးတော့ သူဇာတ်မြုပ်သွားတာလည်း ကြာလှပြီပဲ၊ တစ်ယောက်ယောက်က နောက်တာနေမှာပါ၊ အင်း ဒီနေ့တော့ မသွားတော့ပါဘူး၊ သား လှေကျင့်ချင်ယင် တစ်ယောက်တည်းသွားတော့"

ပြောပြောဆိုဆိုဖြင့် ဝမ်းထင်းသည် အိမ်ထဲသို့ ပြန်လည်လှည့်ဝင်သွားလေသည်။

* * *

www.burmeseclassic.com

www.burmeseclassic.com



"ဖေဖေ…ဒီကိစ္စဟာ နောက်ပြောင်တာများ ဖြစ်မလား"

ဝမ်းလုံက မယုံကြည်နိုင်သောလေသံဖြင့် ဖခင်ဖြစ်သူကို မေးသည်။

ဖခင်ဖြစ်သူ ဝမ်းထင်းက သိပ်အလေးအနက် မထားဟန်ဖြင့် ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ်၊ ဖေဖေတော့ နောက်ပြောင်တာလို့ ယူဆတယ်"

"ဖေဖေ သိုင်းလောကမှာ ကျက်စားခဲ့တာ ကြာပြီပဲ၊ ဘယ်သူနဲ့မှရန်ငြိုးရှိခဲ့တာမှ မဟုတ်ဘဲလေ"

"ဖေဖေ့အနေနဲ့ ရန်ငြိုးမရှိဘူးလို့ ထင်ပေမယ့် အခြားဘက်ကရန်ငြိုးရှိချင်ရှိနေမှာပေါ့၊ ပြီးတော့ ဟိုးလက ကို့ရှမ်းသတင်းကို ဖေဖေလည်း ကြားခဲ့တယ်မဟုတ်လား၊ ဖေဖေဟာ ကို့ရှမ်းလို မိတ်ဆွေမပေါ်နိုင်ပါဘူး"

ဝမ်းထင်း ပြုံးလိုက်သည်။

"သားက တွေးပြီးပူနေတာကိုး၊ အမုန်းမိစ္ဆာလာစမ်းပါစေ၊ ဖေဖေ ရင်ဆိုင်နိုင်ပါတယ်"

ဝမ်းထင်းအနေဖြင့် မည်သို့ပင် နှစ်သိမ့်စေကာမူ သားဖြစ်သူ ဝမ်းလုံမှာ ဖခင်ဝမ်းထင်းအတွက် သူစိတ်မချနိုင်ချေ။

"စာထဲမှာ ဆယ်ရက်နေ့ဆိုတော့ လေးရက်လောက်လိုသေးတာပဲ၊ သားဦးလေးကို သွားခေါ်မယ်"

"နေပါစေ၊ သူ့ကိုသွားပြီး ဒုက္ခမပေးပါနဲ့"

ဝမ်းထင်းက လက်ကာပြယင်း ပြန်ပြောသည်။



ဝမ်းလုံ ထိုင်ရာမှထလိုက်၏။

"ဒီမှာဖေဖေ သားငယ်ငယ်ကတည်းက မေမေဆုံးပါးသွားထဲ့တယ်၊ အခု ဖေဖေ့ကိုတော့ ထပ်ပြီး အဆုံးရှုံးမခံနိုင်ဘူး၊ လေးရက်အတွင်း သားမိတ်ဆွေနဲ့ဦးလေးကိုခေါ်ပြီး အရောက်ပြန်လာမယ်၊ အမုန်းမိစ္ဆာကို ရင်ဆိုင်မယ်"

ပြောပြောဆိုဆိုဖြင့် ဝမ်းလုံ ထွက်သွားသည်။

ဝမ်းထင်းက လှမ်း၍ဟန့်တားလိုက်သေးသော်လည်း ဝမ်းလုံ အရေးမစိုက်တော့ပါ။

အိမ်သားများကို ဖခင်အား စောင့်ရှောက်ရန် သေချာစွာမှာကြားပြီးနောက် မြင်းပေါ်တက်ကာ ဒုန်းစိုင်းမောင်းနှင်သွားလေတော့သည်။

* * *

www.burmeseclassic.com

www.burmeseclassic.com



ဝမ်းထင်းမှာ ပျင်းရိနေ၏။

သားဖြစ်သူ၏ မှာကြားမှုကြောင့် အိမ်သားငါးဦးခန့်သည် သူ့အနီးတွင် အမြဲတစေ ရှိနေလေသည်။

ဝမ်းထင်းမှာ စိတ်ရှုပ်လာပြီး သူတို့ကို မောင်းနှင်ထုတ်သည်။

သို့သော် မည်သို့ပင် မောင်းထုတ်စေကာမူ သူ့အနီးမှ ထွက်ခွာသွားကြခြင်း မရှိပေ။

ထို့အပြင် သူ့ကိုလည်း အိမ်ပြင်ထွက်ခွင့်မပေးကြချေ။

အနေအထိုင် ကျဉ်းကျပ်သွားသဖြင့် ဝမ်းထင်းမှာ သားဖြစ်သူကို ဒေါပွမိသည်။

သို့ရာတွင် သားဖြစ်သူ၏စေတနာနှင့်မေတ္တာကိုမူ ကြည်နူးစွာခံစားရလေသည်။

သူ့အား ယခုကဲ့သို့ စောင့်ကြပ်နေကြခြင်းသည် သားဖြစ်သူ၏ အစီအမံများသာဖြစ်သည်။

ဝမ်းထင်းမှာ အိမ်ပြင်မထွက်ရသဖြင့် လွန်စွာ ပျင်းရိငြီးငွေ့ကာ သားဖြစ်သူ အမြန်ပြန်လာရန်ကိုသာ စောင့်မျှော်နေမိလေတော့သည်။

* * *



ကိုးရက်နေ့ နံနက်..။

စံပယ်ကျေးရွာထဲသို့ မြင်းခြောက်ကောင် ရင်ဘောင်တန်းလျှက် အပြင်းဝင်ရောက်လာ၏။

ထိုမြင်းများကြောင့် လမ်းသွားလမ်းလာများ ကမန်းကတန်း ရှောင်တိမ်းလိုက်ကြရသည်။

အချို့မှာ အပြေးအလွှား ရှောင်ရသဖြင့် လဲကျကုန်၏။

စိတ်တိုတတ်သော တံငါသည်တစ်ယောက်က ရမ်းကားလှသော မြင်းစီးသမားများကို လှမ်း၍ကျိန်ဆဲရန် ဟန်ပြင်မိလေသည်။

သို့သော် သူ မကျိန်ဆဲဖြစ်ပါ။

ဦးဆောင်ဝင်ရောက်လာသူကို မြင်လိုက်သောကြောင့် ဖြစ်လေသည်။

မကျေမနပ်သောအသွင်မှ ရုတ်ခြည်းပင် အံ့ဩသောအသွင်သို့ ကူးပြောင်းသွားသည်။

"ဟင်..ဘာများ အရေးကြီးနေပါလိမ့်"

ကျိန်ဆဲမည့်စကားလုံးအစား တအံ့တဩရေရွတ်သံသာ ထွက်ပေါ်လာလေသည်။

* * *

www.burmeseclassic.com

www.burmeseclassic.com



မြင်းခွာသံများ ကြားလိုက်ရသောကြောင့် ဝမ်းထင်း မျက်မှောင်ကြုတ်သွား၏။

ထိုစဉ် အိမ်သားတစ်ဦး ရောက်ရှိလာပြီး..

"သခင်ကြီး..သခင်လေးတို့ ပြန်လာပါပြီ"

ဝမ်းသာအားရ သတင်းလာပို့မှုကြောင့် ဝမ်းထင်းသည် ချက်ချင်းပင် အိမ်ပြင်သို့ထွက်ကာ ကြိုဆိုလိုက်၏။

ဝမ်းလုံမှာ ရှေ့ဆုံးမှ ဝင်ရောက်လာ၏။

သူ၏နောက်တွင် ဝမ်းထင်း၏ ညီအစ်ကိုတော်သူ ဝမ်းထုံ လိုက်ပါလာသည်။

ဝမ်းထင်းသည် ဝမ်းထုံကို တွေ့လိုက်ရသောအခါ ဝမ်းသာအားတက်သွားပြီး..

"ဟင်..ညီလေးဝမ်းထုံပါလား၊ လာ လာ မတွေ့ရတာ အတော်တောင်ကြာပြီပဲ"

ဝမ်းထုံက ရယ်မောလိုက်ပြီး..

"အစ်ကိုကြီးက သိုင်းလောကထဲကို ပြန်မှမလာတော့တာကိုး"

"မင်းတူကတော့ကွာ သက်သက်မဲ့ မင်းတို့ကို ဒုက္ခပေးတာပဲ"

ဝမ်းထင်းက အားတုံ့အားနာသံဖြင့် ဝမ်းလုံကို ပြစ်တင်ပြောဆိုလိုက်သည်။

ဝမ်းထုံ ခေါင်းခါယမ်းလိုက်သည်။

"သူ့ကို အပြစ်မတင်နဲ့ အစ်ကိုကြီး၊ သူ့ဘက်ကလည်း



စဉ်းစားမှပေါ့၊ ကျွန်တော်တို့ကလည်း အစ်ကိုကြီးကို လာတွေ့ယင်း အမုန်းမိစ္ဆာကို ကြည့်ချင်လို့ပါ"

"ကဲ နောက်ကပါလာတဲ့လူတွေနဲ့ မိတ်ဆက်ပေးပါဦး"

ဝမ်းထင်းက နောက်မှလိုက်ပါလာသူများကို တစ်ချက်ငေ့ကြည့်ရင်း ပြောသည်။

ဝမ်းထုံ ခေါင်းညိတ်ပြပြီး..

"သူတို့က ဂူတန်ဓားသမား၊ သူက ထင်းစန်းဂိုဏ်းကပုဝီးနဲ့ သူတို့နှစ်ယောက်ကတော့ ဗျိုင်းညီနောင်တို့ပါပဲ"

တစ်ဦးချင်းကို ဝမ်းထုံက မိတ်ဆက်ပေးလိုက်၏။

ထိုလူများ၏အမည်ကို ကြားရသောအခါ ဝမ်းထင်း မျက်လုံးပြူးသွားပြီး..

"ဟာ..တကယ့်နာမည်ကျော်တွေပါလား၊ တွေ့ရတာ ဝမ်းသာပါတယ်၊ ပြီးတော့ ခင်ဗျားတို့ကို ဒုက္ခပေးမိတာကိုလည်း ခွင့်လွှတ်ကြပါဗျာ"

ဝမ်းထင်းက ပျာပျာသလဲ ဦးညွှတ်ယင်း လှမ်းပြောသည်။

ထင်းစန်းဂိုဏ်းမှပုဝီးက ပြန်လည်အရိုအသေပြုယင်း..

"ဦးကလည်း နာမည်ကျော်တစ်ဦးပဲ၊ ကျွန်တော်တို့လည်း ဦးနဲ့သိကျွမ်းချင်တာ ကြာပါပြီ၊ အခုလို မမျှော်လင့်ဘဲ တွေ့ဆုံခွင့်ရတာကို ဝမ်းသာပါတယ်၊ ပြီးတော့ အမုန်းမိစ္ဆာကို ကျွန်တော်တို့ မြင်ဖူးချင်နေတာလည်း နှစ်မနည်းတော့ပါဘူး၊ ဒုက္ခ အပိုလို့ မယူဆနိုင်ပါဘူးခင်ဗျ"

ရည်မွန်စွာ ပြန်လည်ပြောဆိုလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ဖေဖေ..ဧည့်သည်တွေကို ဒီလို အပြင်မှာပဲ ဧည့်ခံတော့မှာလား"

ဝမ်းလုံ၏စကားကြားမှ ဝမ်းထင်း သတိဝင်လာသည်

ဖျာဖျာသလဲ ကြိုဆိုလိုက်၏။

"ဟုတ်သားပဲ၊ ကဲ အထဲကိုကြွပါ"

* * *

ဆယ်ရက်နေ့...။

ရာသီဥတုမှာ အလွန်ကြည်လင်သာယာနေ၏။

ကောင်းကင်တွင် တိမ်သားဟူ၍ လုံးဝမရှိပါ။

ပကတိပြာလဲ့ ကြည်စင်နေသည်။

နေရောင်ခြည်သည် စံပယ်ပင်များကြားမှ စံပယ်စံအိမ်သို့ ထိုးကျလာ၏။

ထိုအချိန်တွင် ဂူတန်ဓားသမားသည် စံပယ်ပင်များကြားမှ ထွက်လာသည်။

ထို့နောက် အင်္ကျီအဝတ်အစားများကို ဆွဲဆန့်ကာ သပ်သပ်ရပ်ရပ်ပြုပြင်ပြီး စံပယ်စံအိမ်ဆီသို့ လျှောက်လာခဲ့သည်။

အိမ်တံခါးဝတွင် ထိုင်နေသော ထင်းစန်းဂိုဏ်းမှပုဝီးက ပြုံး၍နှုတ်ဆက်ယင်း..

"ဘယ်လိုလဲ အခြေအနေ"

ဟုမေးလိုက်၏။



ဂူတန်ဓားသမားက ခေါင်းခါယမ်းပြသည်။

"ညက တစ်ညလုံး ဘာမှမထူးပါဘူး၊ ခင်ဗျားကော"

"ကျုပ်လည်း ဘာမှမတွေ့ဘူး၊ ဒီနေ့မှလာမယ်ထင်တယ်၊ ကဲ အထဲဝင်ရအောင်"

ပြောပြောဆိုဆိုဖြင့် ဂူတန်ဓားသမားနှင့် ပုဝီးတို့သည် အိမ်ထဲသို့ ဝင်ရောက်လာခဲ့ကြသည်။

အိမ်ထဲတွင် ဝမ်းထုံ၊ ဝမ်းလုံနှင့် ဖျိုင်းညီနောင်တို့ကို တွေ့ရသည်။

သူတို့အားလုံး သက်တောင့်သက်သာထိုင်ကာ နံနက်စာစားနေကြသည်ကို တွေ့ရသည်။

"တစ်ညတော့ အေးအေးချမ်းချမ်းနဲ့ ကုန်သွားပြီ၊ ဒီနေ့ တို့ ပိုပြီးသတိရှိမှဖြစ်မယ်"

ဝမ်းထုံက အိမ်ထဲဝင်လာသည့် ဂူတန်ဓားသမားနှင့်ပုဝီးတို့ကို ဆီး၍ဆော်ဩလိုက်၏။

ဂူတန်ဓားသမားက...

"စိတ်ချပါဗျာ၊ ဒါထက် ခင်ဗျားအစ်ကိုကော"

ဝမ်းထုံအစား ဝမ်းလုံက ကြားဖြတ်၍ အဖြေပေးလိုက်၏။

"ဖေဖေလည်း ညက တစ်ညလုံး စကားထိုင်ပြောနေပြီး မနက်အရုဏ်တက်လောက်မှ အိပ်ချင်တယ်ဆိုပြီး အခန်း ထဲဝင်သွားတယ်၊ ကဲ ဦးလေးတို့လည်း လာစားကြပါဦး၊ တစ်ညလုံး ပင်ပန်းထားကြတယ် မဟုတ်လား"

ဂူတန်ဓားသမားနှင့် ပုဝီးတို့ စားသောက်ဝိုင်းထဲသို့ ဝင်လာ

www.burmeseclassic.com

www.burmeseclassic.com



ကြသည်။

"ဒီနေ့ ကျုပ် အစီအစဉ်တစ်ခု လုပ်မလို့စဉ်းစားထားတယ်ဗျ"

ပုတန်ဓားသမားက စားသောက်ယင်း လှမ်းပြောရာ အားလုံး စိတ်ဝင်စားသွားကြသည်။

စိတ်အဝင်စားဆုံးမှ ဝမ်းလုံဖြစ်သည်။

"ဘာအစီအစဉ်များလဲ"

"တို့ ဒီကိုရောက်လာတာကို အမုန်းမိစ္ဆာက မသိဘဲနေမှာ မဟုတ်ဘူး၊ တို့ရှိနေတော့ သူလာဝံ့ပါ့မလား၊ ဒီတော့တို့ ဒီက ထွက်သွားပြီး တံငါသည်ဟန်ဆောင်ပြီး ချက်ချင်းပြန်လာကြမယ်၊ ဘယ့်နှယ်လဲ"

ပုတန်ဓားသမားက သူ၏အစီအစဉ်ကို တင်ပြလိုက်သည်။

ဗျိုင်းညီနောင်က...

"ခင်ဗျားအကြံက မဆိုးပါဘူး၊ ဒါပေမယ့် ကျုပ်တို့ထွက်သွားတာ အမုန်းမိစ္ဆာက မသိဘဲနေမှာမဟုတ်ဘူး၊ တို့ရှိနေတော့ သူ မလာဘဲ တို့ထွက်သွားမှ လာရင်ကော"

ပုတန်ဓားသမား ပခုံးတွန့်လိုက်သည်။

ဤသို့ဖြစ်လာပါက ဘာမျှ မတတ်နိုင်ဟူသော သဘောပင်ဖြစ်ပါသည်။

"ဒီလိုလုပ်ရအောင်"

ဝမ်းထုံက စကားစလိုက်သည်။

ပုတန်ဓားသမားက...



"ဘယ်လိုလဲ"

"ဒီက အိမ်သားတွေကို ကျုပ်တို့ပုံစံအတိုင်း ရုပ်ဖျက်ပေးပြီး မြင်းနဲ့ အမြန်ထွက်သွားခိုင်းရင်ကော သူတို့ ပြန်လာစရာမလိုဘူးလေ၊ ဘယ့်နှယ်လဲ"

ဝမ်းထုံက သူ့အကြံကို ပြောလိုက်သည်။

ထိုစကားကို ကြားရသောအခါ ပုဗီးသည် သဘောကျသွားဟန်ဖြင့် စားပွဲခုံကို လက်ဖြင့်ပုတ်လိုက်သည်။

"ဟာ..သိပ်ကောင်းတဲ့ အကြံပေါ့"

အားလုံးကလည်း ထောက်ခံလိုက်ကြသည်။

အားလုံးက လက်ခံသဘောတူလိုက်ကြသဖြင့် ဝမ်းထုံက တူဖြစ်သူဝမ်းလုံဘက်လှည့်ကာ...

"ကဲ ဝမ်းလုံ အစ်ကိုကြီးကို နှိုးလိုက်ဦး"

ဝမ်းလုံသည် ထိုင်ရာမှထကာ နောက်ကျောနား မလှမ်းမကမ်းရှိ အခန်းတံခါးကို ခေါက်လိုက်၏။

"ခေါက်...ခေါက်"

အခန်းတွင်း၌ ငြိမ်သက်နေဆဲပင်။

ဝမ်းလုံ စိတ်မရှည်နိုင်တော့ပါ။

တုန့်ပြန်သံ လုံးဝထွက်ပေါ်မလာချေ။

ဝမ်းလုံ မျက်မှောင်ကြုတ်ပြီး ထပ်ခေါက်လိုက်၏။

"ခေါက်..ခေါက်"

"ဖေဖေ..ဖေဖေ"

အသံကျယ်ကျယ်ဖြင့် လှမ်းခေါ်လိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



သို့တိုင်အောင် အတွင်းမှ မည်သည့်တုန့်ပြန်သံမျှ ထွက်ပေါ်မလာပါ။

ဝမ်းလုံ စိတ်ပူသွားသည်။

သူ့နည်းတူပင် ဝမ်းထုံမှာလည်း စိတ်ပူသွားမိသည်။

"ဖေဖေ တစ်ခုခုများ ဖြစ်နေပြီလား မသိဘူး"

ဝမ်းလုံသည် စိုးရိမ်စိတ်ဖြင့် ရေရွတ်ယင်း တံခါးကို လက်ဝါးဖြင့် ရိုက်ချလိုက်သည်။

"ဝုန်း"

ပြင်းထန်သော လက်ဝါးချက်ကြောင့် တံခါးရွက်ပြုတ်ထွက်သွားသည်။

ဝမ်းလုံ၊ ဝမ်းထုံနှင့် ဂူတန်ဓားသမားတို့ အခန်းထဲသို့ ရုတ်ခြည်း ပြေးဝင်သွားကြ၏။

အခန်းပြတင်းပေါက်မှာ ပွင့်နေသည်။

အခန်းထောင့်တစ်နေရာတွင်မူ ဝမ်းထင်းမှာ လဲကျနေ၏။

"ဖေဖေ"

ဝမ်းလုံသည် စိုးရိမ်တကြီး အော်ခေါ်ယင်း ဖခင်ဖြစ်သူ ဝမ်းထင်းအား ပြေး၍ပွေ့ထူလိုက်သည်။

ဝမ်းထင်း၏တစ်ကိုယ်လုံး အေးစက်တောင့်တင်းနေသည်။

ခန္ဓာကိုယ်တစ်ခုလုံး အပြာရောင်သန်းနေပေသည်။

"မင်း လက်ဦးသွားပြီကိုး"

ဂူတန်ဓားသမားက မချိတင်ကဲ ရေရွတ်လိုက်သည်။

ဝမ်းလုံ စိတ်ထဲ နင့်ခနဲဖြစ်သွား၏။



သို့သော် မျက်ရည်မကျပါ။

အံကိုသာ တင်းတင်းကြိတ်ထားသည်။

ဖခင် အလောင်းကို ခုတင်ပေါ်တင်ပြီးနောက် ဒူးထောက် ဂါရဝပြုလိုက်သည်။

ထို့နောက် အခန်းအပြင်သို့ တရှိန်ထိုး ပြေးထွက်သွားလေတော့သည်။

ဝမ်းလုံ၏ အပြုအမူကြောင့် ဝမ်ထုံကို့လူစုမှာ ကြောင်အမ်းအမ်းဖြစ်သွား၏။

အတန်ကြာမှ ဝမ်းထုံ သတိဝင်လာပြီး...

"သူ သိပ်စိတ်ထိခိုက်သွားပြီ၊ သူ့နောက် အမြန်လိုက်မှ"

ပျာပျာသလဲ ရေရွတ်ပြီး နောက်မှပြေးလိုက်ရန် ဟန်ပြင်လိုက်လေသည်။

ပုဝီးက လှမ်း၍ဟန့်တားလိုက်၏။

"ခင်ဗျား ဒီမှာနေခဲ့ပါ၊ ကျုပ်နဲ့ဂူတန်ဓားသမားလိုက်သွားပါ့မယ်"

ယင်းသို့ ပြောပြီးနောက် ပုဝီးသည် ဂူတန်ဓားသမားကို လက်ယပ်ခေါ်ပြီး အခန်းထဲမှ ကမန်းကတန်း ထွက်ခွာသွားလေသည်။

* * *

www.burmeseclassic.com

www.burmeseclassic.com



ဝမ်းလုံသည် ဓားကို တင်းကျပ်စွာ ဆုပ်ကိုင်ယင်း မင်းလမ်းအတိုင်း ပြေးထွက်လာ၏။

သူ၏မျက်လုံးအစုံမှာ နီရဲနေသည်။

ရင်ထဲတွင် ဒေါသများ ကြိတ်မနိုင်ခဲမရ ဖြစ်နေ၏။

အမုန်းမီးစွာသည် မည်သူနည်း။

ဝမ်းလုံ လုံးဝမသိပါ။

သို့သော် အမုန်းမီးစွာကို ဖြစ်သည့်နည်းဖြင့် သုတ်သင်ရန် သန္နိဋ္ဌာန်ချလိုက်သည်။

သူ့ခြေလှမ်းများ ဦးတည်ရာမရှိ တရစပ် ပြေးနေသည်။

မကြာမီ သောင်ပြင်စပ်သို့ ရောက်ရှိလာ၏။

ဤတွင် သောင်ပြင်အစပ်၌ လူတစ်ဦးလျှောက်လာနေသည်ကို တွေ့လိုက်ရသည်။

ထိုလူသည် တံငါသည်တစ်ယောက် မဟုတ်ပါ။

အနီးပတ်ဝန်းကျင်မှလည်းမဟုတ်ပါ။

တစ်ကြိမ်တစ်ခါမျှ မတွေ့ဖူးသောလူစိမ်းတစ်ဦးဖြစ်ကြောင်း ရိပ်မိလိုက်၏။

ချက်ချင်းပင် သံသယစိတ်များ ကြီးထွားလာသည်။

ထို့ပြင် ထိုလူသည် အဆင့်မြင့်သိုင်းသမားတစ်ဦးပုံ ပေါက်နေသည်ကို တွေ့ရခြင်းကြောင့် ဝမ်းလုံ သံသယစိတ်များ ပို၍နိုင်မာလာသည်။

ဘာမျှစဉ်းစားတွေးတောမနေတော့ဘဲ ချက်ချင်းပင် ထိုလူရှိရာသို့ ပြေးလွှားသွားလေတော့သည်။



သောင်ပြင်စပ်မှလူသည် မိမိထံ လူတစ်ဦး ဂမူးရှူးထိုး ပြေးလာသည်ကိုမြင်သောအခါ ကြောင်အမ်းအမ်းဖြစ်သွားသည်။

အန္တရာယ်အငွေ့အသက်ကို ခံစားလာရ၏။

သူ့ထံသို့ ပြေးလွှားလာသူမှာ ဝမ်းလုံဖြစ်သည်။

ဝမ်းလုံသည် ထိုသူ့အနီးသို့ ရောက်သည်နှင့်တဆက်တည်း တိုက်ခိုက်လိုက်လေသည်။

ထိုလူ ထိတ်လန့်တကြား ရှောင်တိမ်းလိုက်သည်။

"ဟေ့..မင်းနဲ့ငါ မသိဘဲ ဘာဖြစ်လို့ အရမ်းတိုက်ခိုက်နေရတာလဲ"

ထိုလူက ပျာယီးပျာယာဖြင့် လှမ်းမေးသည်။

ဝမ်းလုံ ပြန်မဖြေပါ။

အံကို တင်းတင်းကြိတ်ပြီး ဆက်လက်တိုက်ခိုက်လိုက်လေသည်။ သူ၏တိုက်ခိုက်မှုမှာ ပြင်းထန်၏။

ရက်စက်ကြမ်းကြုတ်၏။

သူသေကိုယ်သေ တိုက်ကွက်မျိုးပင် ဖြစ်ပါသည်။

ထိုလူက နောက်သို့ အလျင်အမြန် ဆုတ်ခွာရှောင်လိုက်ရလေသည်။

ဝမ်းလုံက အလွတ်မပေးချေ။

တရကြမ်းပင် လိုက်လံတိုက်ခိုက်၏။

ထိုလူမှာ နှာခေါင်းရှုံ့ပြီး...

"ဟေ့..မင်းသေချင်နေသလား၊ နောက်မှ ငါ့အဆိုးမဆိုနဲ့၊ ရပ်စမ်း"

www.burmeseclassic.com

www.burmeseclassic.com



ထပ်မံ ဟန့်တားလိုက်သည်။

သို့သော် ဝမ်းလုံက သူ၏စကားကို လုံးဝအရေးမစိုက်ချေ။ အတင်းပင် တိုက်ခိုက်၏။

ထို့ကြောင့် ထိုလူ အနည်းငယ် စိတ်တိုလာပုံရ၏။

သို့သော် ဒေါသကို ချုပ်တည်းပြီး ကိုယ်ဖော့ပညာကို အသုံးပြုကာ ခုန်ကျော်ထွက်သွားသည်။

လေထဲတွင်ပင် နှစ်ဆင့်ထပ်၍ ခုန်သွားသဖြင့် အတော်ဝေးဝေးသို့ ရောက်သွားလေသည်။

ဝမ်းလုံမှာ ပို၍ဒေါသထွက်သွားသည်။

ထိုလူဘက်သို့ လိုက်လံကာ တိုက်ခိုက်မည်အပြုတွင် ဂူတန်ဓားသမားနှင့် ပုဝီးတို့ရောက်လာကြပြီးထိုလူအား လေးလေးစားစား နှုတ်ဆက်ကြသည်ကို တွေ့မြင်လိုက်ရလေသည်။

ဂူတန်ဓားသမားက ကြောင်အမ်းအမ်းဖြစ်သွားသော ဝမ်းလုံဘက်လှည့်ကာ..

"သူဟာ နေပြည်တော်က 'သံမဏိအာဏာသားလုံခွမ်း' ပဲ၊ ငါ သူ့ဆီ အကြောင်းကြားလိုက်လို့ ရောက်လာတာ"

ထိုစကားကြားလိုက်ရသောအခါ ဝမ်းလုံ မျက်နှာ ကွက်ခနဲ ပျက်သွားသည်။

မဆင်မခြင် ဆင်ကန်းတောတိုး လုပ်ခဲ့မိသည့်အတွက် ကိုယ့်ကိုကိုယ်လည်း ရှက်သွား၏။

ချက်ချင်းပင် သံမဏိအာဏာသားလုံခွမ်းရှေ့တွင် ဒူးထောက်ချလိုက်ပြီး...



"ဖေဖေ့အတွက် စိတ်ထိခိုက်နေတာမို့ ကျွန်တော် မဆင်မခြင်ပြုမိတာကို တောင်းပန်ပါတယ်ခင်ဗျာ"

သံမဏိအာဏာသားလုံခွမ်းက ပြုံးလိုက်ပြီး..

"ရပါတယ်၊ ကိစ္စမရှိပါဘူး၊ ဦးကတောင် မင်းကို တောင်းပန်ရဦးမှာပါ"

"ခင်ဗျာ ဘာဖြစ်လို့ပါလိမ့်"

လုံခွမ်းက...

"ဘာလို့လဲဆိုတော့ ဦးအနေနဲ့ အချိန်မီရောက်သင့်ပါလျက်နဲ့ နောက်ကျသွားခဲ့ရလို့ပေါ့၊ ခုတော့.."

စကားဆက်မပြောရက်တော့ဘဲ တစ်ဝက်တစ်ပျက်နှင့်ရပ်တန့်လိုက်၏။

"ကဲ..ကဲ..အိမ်ရောက်မှ အေးအေးဆေးဆေး စကားပြောကြတာပေါ့"

ဂူတန်ဓားသမားက ယင်းသို့ပြောပြီး ရှေ့မှဦးဆောင် ထွက်ခွာသွားလေတော့သည်။

* * *

www.burmeseclassic.com

www.burmeseclassic.com



လုံခွမ်းသည် ဝမ်းထင်း၏အလောင်းကို သေချာစွာ စစ်ဆေးကြည့်ရှုလိုက်သည်။

အတန်ကြာ စစ်ဆေးပြီးမှ အလောင်းအနီးမှထကာ စားပွဲတွင် ဝင်ရောက်ထိုင်လိုက်၏။

"ဘာများ တွေ့သလဲ"

ဝမ်းထုံက မျှော်လင့်တကြီး လှမ်းမေးလိုက်သည်။

လုံခွမ်း သက်ပြင်းချပြီး...

"သိပ်ကြောက်စရာကောင်းတဲ့ အဆိပ်ပဲ"

"ဘယ်လိုလုပ်ကြံသွားသလဲ၊ ကျွန်တော်တို့လည်း မျက်ခြည်မပြတ်စောင့်ကြည့်နေတာပါ၊ ဒီကြားထဲက ဘယ်လိုများ လုပ်ကြံသွားတာလဲ မသိဘူး"

လုံခွမ်းသည် မျက်မှောင်ကြုတ်၍ တွေးတောစဉ်းစားနေရာမှ...

"ဘာဒဏ်ရာမှ ရှာမတွေ့တာဟာ ထူးဆန်းတယ်၊ ကျုပ်အရက်ပုလင်းကိုလည်း စစ်ဆေးပြီးပြီ၊ ဘာမှမတွေ့ဘူး၊ ဘယ်လိုလုပ်ကြံသွားတယ်ဆိုတာ ပြောရခက်ခက်ပဲ၊ ဒါပေမယ့် အဆိပ်လက်နက်ထိတဲ့နေရာဟာ ကျောဘက်ဖြစ်ရမယ်၊ အဲဒီဘက်ကို ဗိုပြီး အဆိပ်ပြန့်နေတယ်၊ ဒါပေမယ့် အဆိပ်နဲ့လုပ်ကြံတဲ့ လက်နက်ကိုလည်း ရှာမတွေ့ဘူး၊ ကျုပ်တစ်သက်မှာ အထူးဆန်းဆုံးနဲ့ အရှုပ်ဆုံးအမှုပါပဲ၊ အမုန်းမိစ္ဆာဟာ ဟိုတုန်းကလည်း တစ်ကြိမ်ပေါ်လာခဲ့တယ်၊ သူဟာ အခုလိုပဲ ထိပ်သီးသိုင်းသမားတွေကို လုပ်ကြံခဲ့ဖူးတယ်၊ အဲဒီတုန်းကလည်း သူ့ကိုမမိခဲ့ဘူး၊ အခုတစ်ကြိမ်မှာတော့ သူ့ကို အလွတ်ပေးလို့



မဖြစ်တော့ဘူး"

လုံခွမ်းက မခံချိမခံသာလေသံဖြင့် ပြောသည်။

အားလုံးသည် သူ၏စကားကို စိတ်ဝင်စားစွာပင် နားစွင့်နေကြလေသည်။

လုံခွမ်း စကားဆက်လိုက်ပြန်၏။

"ကျုပ် ဒီကိုရောက်ရောက်ချင်း တံငါသည်တွေနဲ့တွေ့ပြီး စုံစမ်းကြည့်ခဲ့တယ်"

လုံခွမ်း၏စကားကို ဝမ်းထုံ စိတ်ဝင်စားသွားသည်။

"သူတို့က ဘာပြောသလဲ"

"လွန်ခဲ့တဲ့ ငါးရက်လောက်က လူစိမ်းတစ်ယောက်ကိုတွေ့လိုက်ရတယ်တဲ့"

"ဟုတ်လား"

"ဟုတ်တယ်၊ အဲဒီလူ ဘယ်သူလဲဆိုတာတော့ ဘယ်သူမှ သဲသဲကွဲကွဲ မပြောနိုင်ကြဘူး၊ ကျုပ်ကလည်း အဲဒီအချိန်မှာ ဝမ်းထင်း လုပ်ကြံခံလိုက်ရပြီလို့သိမှ မသိရသေးဘဲကိုး"

"ဒီနေ့ကော မသင်္ကာစရာလူတစ်ယောက်ယောက်များ တွေ့ခဲ့မိသေးသလား"

ဝမ်းလုံက ကြားဖြတ်မေးခြင်း ဖြစ်သည်။

လုံခွမ်းက တွေးတွေးဆဆဖြင့်...

"ငါလည်း တံငါသည်အုပ်စုတွေပဲ တွေ့ခဲ့တယ်၊ တကယ်လို့ လူသတ်သမားဟာ ဒီအုပ်စုထဲမှာ ပါနေမယ်ဆိုယင် ငါလည်း သတိထားမိမှာ မဟုတ်ဘူး"

www.burmeseclassic.com

www.burmeseclassic.com



ဝူတန်ဓားသမားသည် စိတ်မသက်မသာဖြင့် သက်ပြင်းတစ်ချက်ချလိုက်၏။

"အင်း..အရေးကြီးတာက ဒီအဆိပ်ဟာ ဘာအဆိပ်လည်းဆိုတာ သိဖို့လိုတယ်၊ ဒါမှဖြေဆေးကို ကြိုပြီးဆောင်ထားနိုင်မှာ"

ဝူတန်ဓားသမား၏ အကြံပြုချက်ကို လုံခွမ်းက ထောက်ခံလိုက်သည်။

"ဟုတ်တယ်၊ ကျုပ်လည်း ဒီအချက်ကို တွေးမိပါတယ်၊ ဒါကြောင့် ဘဝသစ်တောင်ကြားက ရွှေလက် သမားတော်ကို အကြောင်းကြားထားပါတယ်၊ နောက်လလောက်မှ သူအားမယ်တဲ့၊ အဲဒီအခါကျရင် သူလည်းကျုပ်နဲ့အတူ အမုန်းမိစ္ဆာကို ဖြိုခွင်းဖို့ ပါဝင်ပါလိမ့်မယ်၊ ခင်ဗျားတို့အနေနဲ့လည်း အမုန်းမိစ္ဆာရဲ့သတင်းရယင် ကျုပ်ဆီကို အကြောင်းကြားဖို့ မမေ့ကြပါနဲ့၊ ကဲ ကျုပ်ကို သွားခွင့်ပြုပါဦး"

ဟုပြောရင်း အားလုံးကို နှုတ်ဆက်ထွက်ခွာသွားလေသည်။

ဝမ်းတုံ ဦးဆောင်ပြီး ဝမ်းထင်း၏အသုဘကိစ္စကို ဝိုင်းဝန်းစီစဉ်လိုက်ကြ၏။

ဝမ်းလုံမှာ အသုဘကိစ္စပြီးသည်နှင့် ဝမ်းထုံနှင့်အတူ သိုင်းလောကအတွင်း အမုန်းမိစ္ဆာကို ရှာဖွေရန် ဆုံးဖြတ်လိုက်လေတော့သည်။

* * *



လူတစ်ယောက်။

စားပွဲတစ်လုံး။

အရက်တစ်အိုး။

ထိုလူသည် စားပွဲတွင်ထိုင်ကာ အရက်သောက်နေ၏။

အရက် မည်မျှအထိ သောက်ထားသည်မသိ။

မျက်နှာတစ်ခုလုံး နီရဲကာ အဆီပြန်နေလေသည်။

သူ၏ မီးခိုးရောင်ဝတ်စုံမှာလည်း အတော်ပင် အရောင်လွင့်နေပြီဖြစ်၏။

သူသောက်နေသည့် အရက်မှာလည်း အလွန်ညံ့သောအရက် ဖြစ်သည်။

ထိုင်နေသည့် စားပွဲသည်လည်း ခနော်နီခနော်နဲ့နှင့် ဖြစ်ကတတ်ဆန်းနိုင်လှပေသည်။

ဆိုင်ရှင်အဘိုးအိုသည် ထိုသူအား မကြာခဏ ကွက်ကြည့်ကွက်ကြည့် ကြည့်နေ၏။

ထိုသူကား ပတ်ဝန်းကျင်ကို လုံးဝဂရုစိုက်ပုံမရချေ။

အရက်ကိုသာ တွင်တွင်သောက်နေသည်။

သိပ်မကြာလိုက်ပေ။

အရက်တစ်အိုး ကုန်သွား၏။

ထိုလူသည် ပေကျံနေသော နှုတ်ခမ်းထောင့်စွန်းကို လက်ခုံဖြင့် ပွတ်သပ်သုတ်ပြီးနောက် အရက်အိုးကို ဆိုင်ထောင့်သို့ လွှင့်ပစ်လိုက်သည်။

နှုတ်မှလည်း...

www.burmeseclassic.com

www.burmeseclassic.com



"အရက်တစ်အိုး ယူခဲ့"

ခပ်ကြမ်းကြမ်း အော်ဟစ်လိုက်၏။

ဆိုင်လုလင်က ဆိုင်ရှင်အဘိုးအိုကို ကြည့်လိုက်သည်။

အဘိုးအိုက မျက်မှောင်ကြုတ်ပြလိုက်၏။

ထပ်ပေးရန်မလိုကြောင်း မျက်ရိပ်ပြလိုက်ခြင်း ဖြစ်သည်။

ဆိုင်လုလင်သည် ခေါင်းကုပ်ပြီး ထိုလူထံလျှောက်သွားလိုက်သည်။

"အရက်အိုးယူခဲ့လို့ ပြောနေတာ မကြားဘူးလား"

ထိုလူက ဆိုင်လုလင်အား ဆီး၍ ငေါက်ငမ်းလိုက်သည်။

ဆိုင်လုလင်က ချိုသာစွာ ပြုံးပြယင်း...

"ကျွန်တော်တို့ဆိုင်မှာ ကျသင့်ငွေကို အရင်ပေးရပါတယ်ခင်ဗျာ"

ဆိုင်လုလင်၏စကားကို ကြားသည့်အခါ ထိုလူ၏မျက်နှာသည် ရုတ်တရက် တင်းမာခက်ထန်သွားပြီး...

"ဘာလဲ ငါမပေးနိုင်ဘူးလို့ ထင်လား"

ပြောပြောဆိုဆိုဖြင့် အိတ်ထဲသို့ လက်နှိုက်လိုက်၏။

ထိုစဉ်ခဏအတွင်း ထိုလူ၏မျက်နှာမှာ သိသိသာသာ ပျက်သွားလေ၏။

သို့သော်...

ချက်ချင်း ဣန္ဒြေဆည်ကာ ဆိုင်လုလင်ကို ပြုံးပြသည်။

"အရက်သာ ယူခဲ့ပါကွာ"

ဆိုင်လုလင် ဘာမျှပြန်မပြောဘဲ လက်ဖြန့်လိုက်သည်။



ထိုလူ၏မျက်နှာပေါ်မှ အပြုံးရိပ် ပျောက်ကွယ်သွားလေသည်။

အေးစက်ခက်ထန်သော အကြည့်သည် စူးစူးရှရှ ထွက်ပေါ်လာ၏။

"မင်းကို ငါပြောနေတယ်၊ အရက်ယူလာခဲ့"

လေသံက တင်းနေသည်။

အချိန်မရွေး ပေါက်ကွဲနိုင်သည့် ယမ်းအိုးတစ်အိုးကဲ့သို့ ထိုသူ၏မျက်နှာသည် ခက်ထန်နေ၏။

ဆိုင်လုလင်သည် ထိုလူ၏အမူအရာကို တွေ့မြင်ရသည့်အခါ ထိတ်လန့်တုန်လှုပ်သွားသည်။

နောက်သို့ နှစ်လှမ်းသုံးလှမ်းမျှဆုတ်ပြီး ဆိုင်ရှင်အဘိုးအိုဘက်သို့ ပြန်ကြည့်လိုက်သည်။

"မင်းကို ယူခိုင်းနေတာ မကြားဘူးလား"

စားပွဲမှလူသည် ပို၍ဒေါသထွက်လာကာ စားပွဲခုံကို ရိုက်ချလိုက်သည်။

"ဝုန်း"

နဂိုကပင် ခနော်နီနော်နဲ့နိုင်လှသော စားပွဲခုံသည် အစိတ်စိတ်အမွှာမွှာ ပြိုကွဲပျက်စီးသွားလေတော့သည်။

ဆိုင်လုလင်သည် ပို၍ထိတ်လန့်ကာ နောက်သို့ ကမန်းကတန်းဆုတ်ခွာသွားသည်။

ဤတွင် ဆိုင်ရှင်အဘိုးအိုက ရှေ့သို့ထွက်လာပြီး...

"မိတ်ဆွေ အခုလိုရမ်းကားတာ မကောင်းပါဘူး"

www.burmeseclassic.com

www.burmeseclassic.com



စားပွဲမှလူသည် ဆိုင်ရှင်အဘိုးအိုကို အေးတိအေးစက် လှမ်းကြည့်၏။

"ကျုပ်မှာတဲ့ အရက်မရောက်သေးဘူး"

"ကျုပ်တို့က လက်ငင်းရောင်းတာပါ၊ မိတ်ဆွေ မပေးနိုင်ဘူး ဆိုယင်တော့ ပထမသောက်ထားတဲ့ အရက်ဖိုးကို မယူတော့ပါဘူး၊ အေးအေးဆေးဆေးသာ ထွက်သွားပါတော့"

ဆိုင်ရှင်အဘိုးအိုက အေးအေးဆေးဆေးဖြင့် ပြန်ပြောလိုက်၏။

ထိုစကားကြောင့် စားပွဲမှလူသည် ပို၍ဒေါသထွက်လာပြီးဝုန်းခနဲ ထရပ်လိုက်သည်။

ထို့နောက် အဘိုးအိုကို လျှင်မြန်စွာ ဖမ်းချုပ်လိုက်ပြီး..

"ဒီမှာ ကျုပ်အတွက် အရက်နဲ့စားစရာ အကောင်းဆုံးစီမံပြီး ယူလာခဲ့၊ နို့မဟုတ်ယင် ခင်ဗျားရဲ့ဆိုင်တစ်ခုလုံး တစ်စစီဖြစ်အောင် ဖြိုပစ်ရလိမ့်မယ်"

ထိုလူသည် ယင်းသို့ပြောပြီးနောက် အဘိုးအိုအား နောက်သို့တွန်းထုတ်ကာ ပြန်ထိုင်ချလိုက်သည်။

ထိုစဉ်မှာပင် လက်ခုပ်တီးသံများ ရုတ်တရက် ထွက်ပေါ်လာလေသည်။

"ဖျောင်း..ဖျောင်း"

လက်ခုပ်သံနှင့်အတူ ကြည်လင်ပီသသော စကားသံပါ တဆက်တည်း ထွက်လာ၏။

"ရှင်သတ္တိကောင်းသားပဲ၊ ဘာမှရန်မလုပ်နိုင်တဲ့ အဘိုးအိုကို



သတ္တိပြနေတာကိုး"

ထိုစကားကြားသည့်အခါ စားပွဲမှလူသည် ထောင်းခနဲ ဒေါသထွက်ကာ အသံလာရာဆီသို့ လှည့်ကြည့်လိုက်၏။

ဆိုင်ဝတွင် အဖြူရောင်ဝတ်စုံရှည်ကို ဝတ်ဆင်ထားသော မိန်းကလေးတစ်ဦး ရပ်နေသည်ကို တွေ့မြင်လိုက်ရ၏။

သူမ၏ခါးတွင် အနီရောင်ခါးစည်းကြိုးကို ချည်နှောင်ထားသည်။

ထို့ကြောင့် သေးသွယ်သော ခါးအလှ ပေါ်လွင်နေပေသည်။

သို့သော် လှပနုနယ်သော မိန်းကလေးနှင့် မအပ်စပ်သော ဓားတိုတစ်ချောင်းသည်လည်း ခါးတွင်ချိတ်ဆွဲလျက်ရှိသည်။

ထိုမျှမက လက်ထဲတွင်လည်း ရွှေအနားကွပ်ဖြင့် ပြုလုပ်ထားသော ပလွေတစ်ချောင်းကို ကိုင်ဆောင်ထားသည်။

စားပွဲမှလူသည် မိန်းကလေးကို တွေ့မြင်လိုက်ရသည်နှင့် မျက်နှာပျက်သွားပြီး...

"နတ်မိမယ်"

နှုတ်မှ ရေရွတ်လိုက်သည်။

မိန်းကလေးက ရယ်မောလိုက်ပြီး...

"ဟုတ်တယ်၊ ကျွန်မဟာ ကြူးယွင်ပဲ၊ ဘာလဲ ကြောက်နေပြီလား ယက္ခကြီးရဲ့"

စားပွဲမှလူသည် သိုင်းသမားဆိုးယက္ခကြီးပင် ဖြစ်သည်။

ယက္ခကြီးသည် နတ်မိမယ်ကြူးယွင်ကို တွေ့မြင်လိုက်ရ၏

www.burmeseclassic.com

www.burmeseclassic.com



ဖြင့် ထိတ်လန့်တုန်လှုပ်သွားမိသော်လည်း ဣန္ဒြေဆည်လိုက်လေသည်။

"မင်း ငါ့နောက်က နောက်ယောင်ခံလိုက်နေတာ ငါသိသားပဲ"

နတ်မိမယ်ကြူးယွင်က...

"ရှင်လွတ်အောင် ပြေးပေမယ့် အခုမလွတ်နိုင်တော့ဘူးမဟုတ်လား"

ယက္ခကြီး မဲ့ပြုံးပြုံးလိုက်ပြီး...

"မင်းကို မသတ်ချင်လို့ ရှောင်နေတာကို မင်းက မင်းကိုယ်မင်းဟုတ်လှပြီ ထင်နေတာကိုးကွ၊ အခု မင်းရောက်လာတာဟာ မင်းသင်္ချိုင်းမင်းလာရှာတာပဲလို့ မှတ်လိုက်တော့"

ပြောပြောဆိုဆိုဖြင့် ယက္ခကြီး၏ လက်တစ်ဘက် လှုပ်ရှားသွား၏။

အလင်းတန်းသည် ကြူးယွင်ကိုယ်ပေါ်သို့ စုပြုံတိုးဝင်ကျရောက်လာသည်။

သို့သော် ကြူးယွင်မှာ ထိတ်လန့်တကြားဖြစ်သွားခြင်း မရှိချေ။

အေးစက်တည်ငြိမ်စွာဖြင့် လက်ထဲမှ ပလွေဖြင့် လက်နက်ပုန်းများကို ရိုက်ထုတ်ဖယ်ရှားလိုက်၏။

"တူ..တူ"

လေတိုးသံကြောင့် ပလွေသံစဉ်တချို့ ထွက်လာပြီး လက်နက်ပုန်းများ အောက်သို့ပြုတ်ကျကုန်သည်။



ကြူးယွင် မဲ့ပြုံးပြုံးလိုက်ပြီး...

"ရှင့်လက်နက်ပုန်းတွေ မကုန်သေးဘူးလား"

ယက္ခကြီး မျက်နှာပျက်သွားသည်။

ကြူးယွင်က အေးစက်စွာ ပြုံးယင်း ရှေ့သို့တစ်လှမ်းချင်း တိုးလာ၏။

ဆိုင်တွင်းမှ အရက်သောက်နေသူများမှာ ဖြစ်ပေါ်လာသော အခြေအနေကြောင့် ချက်ချင်းပင် ဆိုင်ပြင်သို့ ပြေးလွှားရှောင်တိမ်းသွားကြသည်။

ဆိုင်ရှင်အဘိုးအိုမှာလည်း ကောင်တာနောက်သို့ ကမန်းကတန်း ပြေးဝင်ပုန်းကွယ်ကာ အခြေအနေကို အကဲခတ်သည်။

စိတ်တွင်းမှလည်း အပျက်အစီး မများပါစေနဲ့ဟု ဆုတောင်းနေမိလေသည်။

* * *

www.burmeseclassic.com

www.burmeseclassic.com



ယက္ခကြီးသည် အံကို တင်းတင်းကြိတ်လိုက်သည်။

နုနယ်သော မိန်းကလေးတစ်ဦးကို ကြောက်ရွံ့ရန်မလိုဟုလည်း ကိုယ့်ကိုကိုယ် အားပေးသည်။

ထို့နောက် ထိုင်ရာမှချက်ချင်းထကာ ကြူးယွင်အား တိုက်ခိုက်လိုက်သည်။

သူသည် သိုင်းလောက၏စည်းကမ်းများကို အရေးထားသူ တစ်ဦး မဟုတ်ချေ။

ကိုယ့်အသက်ကိုကိုယ် အရေးထားသူပီပီ မည်သည့်စည်းကမ်းကိုမျှ အရေးမစိုက်ပေ။

ကိုယ့်အသက် ရှင်သန်ရေးအတွက်ဆိုလျှင် မည်သည့်စည်းကမ်းဥပဒေကိုမဆို ချိုးဖောက်ပုံ့သူဖြစ်လေသည်။

ယခုလည်း သူသည် ကြူးယွင်၏ရင်ဝသို့ပင် ဦးတည်တိုက်ခိုက်ခြင်း ဖြစ်၏။

ထို့အတူ လက်နက်ပုန်းအချို့ကိုလည်း တပြိုင်နက်ပစ်လွှင့်လိုက်သည်။

ကြူးယွင် ရှေ့သို့တိုးလာရာမှ ရုတ်တရက် ပျောက်ကွယ်သွား၏။

ယက္ခကြီးမှာ ကြောင်အမ်းအမ်းဖြစ်သွား၏။

ရင်ထဲ ထိတ်ခနဲဖြစ်ကာ နောက်သို့ အမြန်လှည့်၍လက်ပြန်ရိုက်ချလိုက်သည်။

ကြူးယွင်က ရှောင်တိမ်းပြီးနောက် ချက်ချင်းပင် ပလွေတို့နှင့် တိုက်ခိုက်လေသည်။



သူမသည် ယက္ခကြီးအား လက်နက်ပုန်းအသုံးပြုခွင့်ကို မပေးတော့ပါ။

လက်နက်ပုန်း သုံးခွင့်မရအောင် တရကြမ်း တိုက်ခိုက်လိုက်လေသည်။

ယက္ခကြီးလည်း ပြန်လည်တိုက်ခိုက်လိုက်၏။

ဤတိုက်ပွဲသည် သူ့အတွက် အရေးကြီးကြောင်း နားလည်မိသည့်အတွက် အရက်စက်ဆုံးသော အပြင်းထန်ဆုံးသော တိုက်ကွက်များကို အသုံးပြုကာ တိုက်ခိုက်လိုက်သည်။

ကြူးယွင်မှာ ယက္ခကြီး၏ ပြင်းထန်သော တိုက်ခိုက်မှုများကြောင့် အသာစီးရအောင် တိုက်ခိုက်နိုင်ခြင်း မရှိတော့ချေ။

တိုက်ပွဲမှာ လက်ရည်ညီနေပေသည်။

ယက္ခကြီးမှာ ပို၍အားတက်လာ၏။

မိန်းကလေးသည် မိမိထက်အတွင်းအား နိမ့်ကြောင်းသိလိုက်သည့်အတွက် အတွင်းအားကို အပြည့်အဝသုံးလာတော့သည်။

ဆက်တိုက်ပင် ဖိ၍တိုက်ခိုက်လေတော့သည်။

* * *

www.burmeseclassic.com

www.burmeseclassic.com



စားပွဲကုလားထိုင်များ ကျိုးပဲ့လွင့်စဉ်ကုန်သည်။

ဆိုင်ရှင်အဘိုးအိုသည် ကောင်တာနောက်တွင် ပုန်းနေရင်းမှ ပေသီးကိုထုတ်ကာ ဆုံးရှုံးမှုများကို အလျင်အမြန် တွက်ချက်နေလေသည်။

ဆိုင်ထဲတွင်မူ တိုက်ခိုက်မှုက ပို၍ပြင်းထန်နေပြီဖြစ်ပါသည်။

ကြူးယွင်မှာ ယက္ခကြီး၏ ပြင်းထန်လှသော အတွင်းအားကို ထိပ်တိုက်ရင်မဆိုင်ဝံ့အောင် ဖြစ်နေသည်။

ထို့ကြောင့် ရှောင်တိမ်းယင်း တိုက်ခိုက်နေရသည်။

ကြာလျှင် ယက္ခကြီး လွတ်မြောက်သွားနိုင်ကြောင်း တွက်ဆမိလာ၏။

ထိုသို့ တွေးမိသည်နှင့် ကြူးယွင်၏မျက်နှာတစ်ခုလုံး ပို၍ အေးစက် တင်းမာလာလေသည်။

တိုက်ခိုက်နေရာမှ ရုတ်တရက် ရပ်လိုက်ပြီး ဆိုင်အမိုး ထုတ်တန်းပေါ်သို့ ခုန်တက်လိုက်၏။

ထို့နောက် ပလွေကို နှုတ်ခမ်းတွင်တေ့ကာ မှုတ်လိုက်လေသည်။

ယက္ခကြီးမှာ ကြူးယွင်ရှောင်တိမ်းသွားသဖြင့် သဘောကျစွာ ရယ်မောလိုက်သည်။

"ဟား..ဟား..ဟား..နောက် ငါ့ကိုသတ်ဖို့ ကြိုးစားယင် မင်းကို သတ်မယ်ဆိုတာ သိထားပါ"

ထိုသို့ပြောပြီးနောက် ယက္ခကြီးသည် ဆိုင်ထဲမှ ထွက်ခွာ



သွားရန် ဟန်ပြင်လိုက်သည်။

သို့သော်...

ကြူးယွင်၏ ထူးခြားသော အပြုအမူနှင့် ချိုလွင်သော ပလွေသံကြောင့် စိတ်ထဲတွင် ထင့်ခနဲဖြစ်သွား၏။

ကြူးယွင်သည် သူ့အားမနိုင်သည့်အတွက် အကူအညီခေါ်နေခြင်းလားဟု တွေးမိသည်။

ထိုခဏတွင် ကြူးယွင်၏ပလွေသံကို အာရုံပြုမိသွားသည်။

ပလွေသံသည် သံရှည်ဆွဲပြီး ငိုညည်းသံလို ပေါ်လာသည်။

ယက္ခကြီး၏ရင်ထဲတွင် လွမ်းသံလို ဆွေးသလိုဖြစ်သွား၏။

သို့သော် ယက္ခကြီးမှာ အတွင်းအားကောင်းသူဖြစ်သည့်အလျောက် ချက်ချင်းပင် အာရုံကို ပြန်လည်စုစည်းနိုင်လိုက်လေသည်။

သို့ရာတွင် များစွာ နောက်ကျသွားပြီဖြစ်ပါသည်။

ရုတ်တရက် ထွက်ပေါ်လာသော အလင်းတန်းတစ်ခုကို တွေ့မြင်လိုက်ရပြီး မရှောင်နိုင်မီမှာပင် သူ၏ရင်ဝ၌စူးရှနာကျင်မှုကို ခံစားလိုက်ရလေသည်။

ယက္ခကြီး၏ခန္ဓာကိုယ်သည် မြေပေါ်သို့ ယိုင်လဲကျသွား၏။

ကြူးယွင်က ထုတ်တန်းပေါ်မှ အောက်သို့ ပြန်လည်ခုန်ချလိုက်သည်။

ထိုစဉ် အသံတစ်သံ ရုတ်တရက် ထွက်ပေါ်လာသည်။

လွန်စွာအေးစက်လှသောအသံပင် ဖြစ်ပေသည်။

"အင်း...လှသလောက် အတော်ရက်စက်ပါလား"

www.burmeseclassic.com

www.burmeseclassic.com



ထိုအသံကြောင့် ကြူးယွင် ထိတ်လန့်သွား၏။

ချက်ချင်းပင် အသံလာရာ ဆိုင်ပြင်သို့ ခုန်ထွက်လိုက်သည်။

ဆိုင်ပြင်တွင် မည်သူမျှမရှိပါ။

ကြူးယွင်က ပတ်ဝန်းကျင်ကို အကဲခတ်လိုက်သည်။

ခပ်လှမ်းလှမ်းအမိုးပေါ်တွင် အနက်ရောင်ဝတ်စုံဆင်တူ ဝတ်ဆင်ထားသော လူနှစ်ယောက် ပြေးလွှားသွားသည်ကို တွေ့လိုက်ရသည်။

ကြူးယွင်သည် အိတ်ထဲသို့ လက်နှိုက်ပြီး ချက်ချင်းပင် နောက်ပြန်ဝှေ့ယမ်းလိုက်ရာ အရာဝတ္ထုတစ်ခုသည် ဆိုင်ထဲသို့ ပစ်လွှင့်သွား၏။

ထို့နောက် သူမသည် ခေါင်မိုးပေါ် ပြေးလွှားသွားသည့် လူနှစ်ယောက်နောက်သို့ ကမန်းကတန်း ပြေးလိုက်သွားလေသည်။

ဆိုင်ရှင်အဘိုးအိုသည် ကောင်တာနောက်မှ ထွက်လာ၏။

ထိုစဉ်မှာပင် ဆိုင်ပြင်မှ အရာဝတ္ထုတစ်ခု ဝင်းလာသည်ကို တွေ့လိုက်ရသဖြင့် ကမန်းကတန်း ပြန်ပုန်းလိုက်သည်။

"ဒုတ်"

အသံနှင့်အတူ အရာဝတ္ထုတစ်ခုက ကောင်တာကို လာရောက်ထိမှန်သည်။

ဆိုင်ရှင်အဘိုးအို ထိတ်လန့်သွား၏။

ကြောက်ကြောက်နှင့် လှမ်းကြည့်လိုက်ရာ ကောင်တာခုံတွင် နစ်မြုပ်ဝင်နေသော ရွှေတုံးကလေးတစ်တုံးကို တွေ့လိုက်ရသည်။



ဆိုင်ရှင်အဘိုးအို ကျေနပ်သွားသည်။

ရွှေတုံးကို တစ်ချက်လှမ်းကြည့်ပြီး သူတွက်ချက်ထားသော ပေသီးကို ကြည့်လိုက်၏။

"အင်း..တော်ပါသေးရဲ့၊ တန်ဖိုးပြန်ရလို့"

အဘိုးအို၏နှုတ်မှ စိတ်သက်သာရာရဟန်ဖြင့် ရေရွတ်လိုက်လေသည်။

သို့သော် ရွှေတုံးကို ထုတ်ယူရန်တွေးမိသောအခါ မျက်စိမျက်နှာ ပျက်သွားရပြန်သည်။

ရွှေတုံးကို ထုတ်ယူပါက ကောင်တာခုံ အနည်းငယ် ပျက်စီးဦးမည် ဖြစ်သည်။

ချက်ချင်းပင် ပေသီးကို တွက်ချက်လိုက်ပြန်သည်။

ဆုံးရှုံးမှု သိပ်မရှိကြောင်းသိရမှ သက်ပြင်းချနိုင်ခဲ့လေသည်။

* * *

www.burmeseclassic.com

www.burmeseclassic.com



ကြူးယွင်သည် ကိုယ်ဖော့ပညာကို အသုံးပြု၍ပြေးလွှားနေသည်။

အတန်ကြာ ပြေးမိသောအခါ မြို့ပြင်သို့ ရောက်ရှိလာ၏။

သို့သော် အနက်ရောင်ဝတ်စုံနှင့် လူနှစ်ယောက်ကို လုံးဝမတွေ့ရတော့ပါ။

ကြူးယွင် မကျေမနပ် ဖြစ်သွားသည်။

ပတ်ဝန်းကျင်အနှံ့ သေချာစွာ လိုက်လံရှာဖွေကြည့်ရှုသည်။

သို့ရာတွင် လူရိပ်လူရောင်မျှပင် မတွေ့ရတော့ချေ။

ကြူးယွင်က စိတ်ပျက်စွာ သက်ပြင်းချပြီး ပလွေကို ခါးကြားသို့ ပြန်လည်ထိုးသွင်းလိုက်သည်။

"အင်း...ရန်သူတစ်ယောက်တော့ ရှင်းသွားပြီ"

ထိုခဏတွင် သူမသည် ထင်းလင်း၏မျက်နှာကို မြင်ယောင်လာသည်။

သူမ၏မျက်နှာထားလည်း တဒင်္ဂမျှ နူးညံ့ပျော့ပျောင်းလာသည်။

သို့သော် ချက်ချင်း ပြန်လည်တင်းမာ ခက်ထန်သွားသည်။

"ထင်းလင်း...ရှင့်ကိုလည်း ကျွန်မ မကျေနပ်ဘူး၊ ရှင်လည်း လွတ်အောင်ပြေးထား"

ကြူးယွင်၏နှုတ်မှကြိတ်၍ ရေရွတ်ကြိမ်းဝါးလိုက်၏။

ထို့နောက် လမ်းမအတိုင်း ထွက်ခွာသွားလေသည်။

သူ ထွက်ခွာသွားပြီးနောက် ချုံနွယ်များကြားမှ လူနှစ်ယောက်ထွက်လာသည်။



လူငယ်တစ်ဦးနှင့် လူကြီးတစ်ဦးတို့ ဖြစ်သည်။

လူငယ်ကလည်း ကျေနပ်စွာပြုံးပြီးနောက် ကြူးယွင်ထွက်ခွာသွားရာသို့ကြည့်ကာ...

"သူလည်း ထင်းလင်းရဲ့ရန်သူပဲ"

လူကြီးက ခေါင်းညိတ်လိုက်သည်။

"အေး...သူတို့အရင်ရှင်းပါစေ၊ တို့ကိစ္စ တို့ဆက်လုပ်ရဦးမယ်၊ နောက်မှ ထင်းလင်းကို ရှင်းတာပေါ့၊ မင်း ငါပြောတာမမေ့နဲ့ဦး၊ ငါ သွားမယ်၊ မင်း ငါပြောတဲ့အတိုင်း ကြိုတင်လုပ်ထားနှင့် ဒီတစ်ခါ နှစ်ယောက်နော်"

ထိုသို့ပြောပြီးနောက် လူကြီး ထွက်ခွာသွား၏။

လူငယ်သည် ပြုံးလိုက်ပြီး ကြူးယွင်ထွက်ခွာသွားရာလမ်းအတိုင်း လိုက်သွားလေတော့သည်။

* * *

www.burmeseclassic.com

www.burmeseclassic.com



## ထောင်ချောက်

BURMESE CLASSIC .com

နောက်တစ်ပတ်ခန့်အကြာတွင် ဖြစ်သည်။

ယန်ကျူးမြို့၏ တစ်ခုသောလမ်းမပေါ်တွင် မိန်းကလေး တစ်ယောက် လမ်းလျှောက်၍ပင်လာ၏။

သူမသည် အဖြူရောင်ဝတ်စုံရှည်ကို ဝတ်ဆင်ထားသည်။

မိန်းကလေးသည် မြို့လယ်သို့ ရောက်လာသောအခါ မျက်မှောင်ကြုတ်သွားသည်။

သူမ ဝင်လာရာလမ်းတလျှောက်တွင် ဆိုင်များ ပိတ်ထားသည်ကိုသာ တွေ့ရပြီး လူတစ်ဦးတစ်ယောက်မျှ မတွေ့ရသည်ကို သတိထားမိခြင်းကြောင့် ဖြစ်ပါသည်။

ထို့မျှမကသေးပါ။

အိမ်တိုင်းလိုလို ပြတင်းပေါက်တံခါးများသည် စေ့ရုံသာစေ့ထားပြီး အတွင်းမှ ချောင်းကြည့်နေသည်ဟု ခံစားရလေသည်။



ထိုတခဏ်အတွင်းတွင် သူမ၏ရင်ထဲတွင် စိုးရိမ်ထိတ်လန့်မှုများ ဝင်ရောက်လာသည်။

ကြောက်မက်ဖွယ်ကောင်းသော ထောင်ချောက်အတွင်းသို့ ဝင်နေမိသည်ကိုလည်း ခံစားရလေသည်။

မိန်းကလေးသည် အံကို တင်းတင်းကြိတ်လိုက်ပြီးပလွေကို ထုတ်ကာ အသင့်ကိုင်ထားလိုက်သည်။

ထိုစဉ် ရှူးရှသော လေချွန်သံတစ်ချက် ထွက်ပေါ်လာသည်ကိုကြားလိုက်ရတော့သည်။

"ရှီး"

လေချွန်သံအဆုံးတွင် လမ်းမတစ်ဘက်ထိပ်မှ လူဆယ်ယောက်ခန့် လက်နက်ကိုယ်စီနှင့် သူမထံသို့ အော်ဟစ်ပြေးလွှားလာနေသည်ကို တွေ့လိုက်ရလေသည်။

"အမုန်းမိန္မာကို မလွှတ်စေနဲ့"

မိန်းကလေးမှာ ပိုဍ်နားမလည်နိုင်အောင် ဖြစ်သွားရလေတော့သည်။

သို့သော် သူမရှေ့မှလူစုသည် သာမန်လူများ မဟုတ်ဘဲ အဆင့်မြင့်သိုင်းသမားများဖြစ်ကြောင်း ရိပ်မိလိုက်၏။

မိန်းကလေး နောက်သို့ပြန်လှည့်လိုက်သည်။

သို့သော် ခြေသုံးလှမ်းမျှပင် မလှမ်းလိုက်ရသေးပါ။

သူမ၏ရှေ့ဘက် ကိုက်တစ်ရာခန့်အကွာတွင် လူသုံးယောက်သည် လက်နက်ကိုယ်စီဖြင့် ပိတ်ဆို့ရပ်တန့်နေသည်ကို တွေ့မြင်လိုက်ရသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုအထဲတွင် ဂူတန်ခားသမားကိုပါ တွေ့လိုက်ရသဖြင့် ရင်ထိတ်သွားလေသည်။

သူမသည် အလွန်ဆိုးရွားသော အခြေအနေအတွင်းသို့ကျရောက်နေပြီ ဖြစ်ကြောင်း နားလည်လာသည်။

အမှန်တော့ ထိုမိန်းကလေးမှာ အမှန်းမိစ္ဆာ မဟုတ်ပါချေ။

သို့သော် လက်ရှိအခြေအနေအရ အမှန်းမိစ္ဆာမဟုတ်ကြောင်းရှင်းပြရန် အချိန်မရှိတော့ပါ။

ထိုစဉ်မှာပင် သူ၏နောက်ဘက်မှ ပြေးလွှားလာနေသူဆယ်ယောက်ခန့်တို့သည် သူမအနားသို့ ရောက်လာကြ၏။

"အမှန်းမိစ္ဆာ မင်းတော်တော် သတ္တိကောင်းနေပါလားကွ"

"အမှန်းမိစ္ဆာ ဒီနေ့ မင်းသေနေ့ပဲ"

"အားလုံး ဝိုင်းတိုက်"

"မလွှတ်စေနဲ့"

တစ်ယောက်တစ်ပေါက် ငေါက်ငမ်းပြောဆိုသံများ ထွက်လာသည်။

ထိုအသံများနှင့်အတူ အဆိုပါလူစုသည် ကြူးယွင်ကို ရင်ဆိုင်တိုက်ခိုက် လိုက်ကြလေသည်။

ကြူးယွင် ထိတ်လန့်သွားသည်။

လူအများ ဝိုင်းဝန်းတိုက်ခိုက်ခြင်းကို ခံလိုက်ရ၍ ဒေါသလည်းထွက်ကာ ချက်ချင်းပင် ပလွေနှင့် ပြန်လည်တိုက်ခိုက်လိုက်သည်။

သို့သော် ထိုလူများက ပြင်းထန်သော တိုက်ကွက်များကို



အသုံးပြုလျှက် သူမအား အသေအကြေ ဝိုင်းအုံတိုက်ခိုက်ကြလေသည်။

ကြူးယွင်မှာ ဆက်လက်တိုက်ခိုက်လျှင်လည်း သူမအဖို့ အရှုံးနှင့်သာ ရင်ဆိုင်ရမည်ကို တွက်ဆမိလေသည်။

ထို့ကြောင့် ဆက်လက်မတိုက်ခိုက်တော့ဘဲ နီးရာအိမ်ခေါင်မိုးပေါ်သို့ ခုန်တက်ကာ ရှောင်တိမ်းထွက်ပြေးသွား၏။

ထိုလူစုကလည်း အလွတ်မပေးဘဲ ထပ်ကြပ်မကွာ နောက်မှဝိုင်းလိုက်လာသည်။

ကြူးယွင် ထိတ်လန့်သွားသည်။

သူမအနေဖြင့် ထိုလူများကို မသိပါ။

ရန်ငြိုးရှိဖို့ဆိုသည်မှာ ဝေလာဝေးပင် ဖြစ်သည်။

သို့ပါလျှက် ထိုလူများသည် အဘယ်ကြောင့် ပြင်းထန်စွာ တိုက်ခိုက်နေရပါသနည်း။

အမှန်းမိစ္ဆာဟု အဘယ်ကြောင့် မိမိအား ထင်ရပါသနည်း။

မေးခွန်းများစွာသည် သူမ၏ဦးနှောက်အတွင်းသို့ ဝရုန်းသုန်းကား ပြေးဝင်လာသည်။

သို့သော် ထိုမေးခွန်းများ၏ အဖြေကို မရှာနိုင်ပါ။

လူရမ်းကားများ၏လက်မှ လွတ်မြောက်ရန်အတွက် အားသွန်ခွန်စိုက် ပြေးလွှားနေရလေသည်။

* * *

www.burmeseclassic.com

www.burmeseclassic.com



ကြူးယွင်သည် ပြေးလွှားယင်း ခေါင်မိုးပေါ်မှတဆင့် လမ်းကြားလေးတစ်ခုအတွင်းသို့ ခုန်ဆင်းလိုက်၏။

အောက်ရောက်သည်နှင့်လ က်တစ်ဘက်သည် ရုတ်တရက် ထွက်ပေါ်လာကာ သူမအား အိမ်ထဲသို့ ရုတ်ခြည်းဆွဲသွင်းလိုက်သည်။

အိမ်တံခါးမှာလည်း ချက်ချင်းပြန်ပိတ်သွား၏။

ကြူးယွင် ထိတ်ခနဲဖြစ်သွားသည်။

"အသံမထွက်နဲ့ ကျုပ်နောက်လိုက်ခဲ့"

သူမအား ရုတ်တရက် အိမ်ထဲဆွဲခေါ်သွားသူက ခပ်ထန်ထန်ငေါက်ငမ်းလိုက်သည်။

ပြီးနောက် ကြမ်းပြင်မှ အံဖုံးတစ်ခုကိုမ,ဖွင့်ပြီး ဆင်းသွားလေသည်။

ကြူးယွင်မှာ ရှည်ရှည်ဝေးဝေး စဉ်းစားမနေနိုင်တော့ချေ။

ထိုလူ၏နောက်မှ အမြန်လိုက်သွားလေသည်။

မြေအောက်ခန်းမှာ မှောင်မည်းနေသည်။

သို့သော် ထိုနေရာသည် မြေအောက်ခန်းမဟုတ်ဘဲ ဥမင်လိုဏ်ခေါင်းတစ်ခု ဖြစ်ကြောင်း ကြူးယွင် သိလိုက်ရလေသည်။

သူမသည် ရှေ့မှခြေသံကို နားစွင့်ကာ သတိကြီးစွာထားလျက် နောက်မှလိုက်သွားလေသည်။

* * *



ဂူတန်ဓားသမားတို့လူစု လမ်းကြားလေးထဲသို့ ရောက်သောအခါ ကြူးယွင်၏ အရိပ်အယောင်မျှပင် မတွေ့ရတော့ချေ။

အားလုံး မကျေမနပ်ဖြစ်သွားကြ၏။

လမ်းကြားထဲရှိ အိမ်များသို့ ဝင်ရောက်ရှာဖွေကြသည်။

သို့သော် လုံးဝမတွေ့ချေ။

ထူးဆန်းစွာ ခြေရာပျောက်သွားပြီဖြစ်သည်။

ဂူတန်ဓားသမားတို့လူစုသည် မချင့်မရဲဖြစ်သွားကြ၏။

သူတို့၏လက်တွင်းမှ လက်မတင်လေး လွတ်မြောက်သွားခြင်းကြောင့် ပို၍မခံချိမခံသာ ဖြစ်သွားရလေသည်။

ဂူတန်ဓားသမားက…

"ကဲ..ခင်ဗျားတို့ သတိဝီရိယနဲ့နေကြပါ၊ ကျုပ် မြို့ပြင်မှာလိုက်ရှာမယ်၊ ခင်ဗျားတို့ အိမ်မှာပဲပြန်နေ၊ နောက်ထပ်သုံးရက်လိုသေးတာပဲ ဘာမှမပူပါနဲ့"

ယင်းသို့ပြောပြီးနောက် ဂူတန်ဓားသမားသည် လူစုခွဲ၍ ပြေးလွှားထွက်ခွာသွားလေသည်။

* * *

www.burmeseclassic.com

www.burmeseclassic.com



ကြူးယွင်သည် ချုံနွယ်များကြားမှ တိုးထွက်လာ၏။

ရှေ့တွင် စိမ်းလန်းသော မြက်ခင်းပြင်ကြီးတစ်ခုရှိနေသည်ကိုတွေ့မြင်လိုက်ရလေသည်။

မြက်ခင်းပြင်အလယ်တွင် အနက်ရောင်ဝတ်စုံဝတ်ဆင်ထားသော လူငယ်တစ်ယောက်က သူမအား ပြုံးကြည့်နေသည်ကိုပါ တွေ့မြင်ရလေသည်။

ကြူးယွင်သည် တစ်စုံတစ်ခုကို ချက်ချင်း ပြန်လည်အမှတ်ရလိုက်၏။

ယက္ခကြီးအား လုပ်ကြံပြီး ဆိုင်ထဲမှ ထွက်လာစဉ် လမ်းမတစ်ဘက်ရှိ ခေါင်မိုးပေါ်၌ ရိပ်ခနဲ ပြေးလွှားပျောက်ကွယ်သွားသည့် လူနှစ်ယောက်အနက်မှ တစ်ယောက်ပင်ဖြစ်သည်။

ကြူးယွင်သည် ပလွေကို အသင့်ပြင်လိုက်ပြီး...

"ရှင်ဘယ်သူလဲ"

ဟု အေးစက်စွာ မေးလိုက်၏။

လူငယ်က သဘောကျစွာ ပြုံးယင်း...

"သဘောကျစရာပဲ၊ ခင်ဗျားအသက်ကိုလည်း ကျုပ်က ကယ်ခဲ့ရသေးတယ်၊ ကျုပ်ကို ခင်ဗျားက တရားခံစစ်သလို ပြန်ပြီး စစ်ဆေးနေပါလား"

ကြူးယွင်သည် လူငယ်ကို အကဲခတ်ကြည့်နေရာမှ နှုတ်ခမ်းမဲ့လိုက်ပြီး...

"ရှင်ဘယ်သူလဲ၊ ကျွန်မရဲ့ရန်သူလား"

"ခင်ဗျားရဲ့ရန်သူဆိုမှဖြင့် ဟိုလူတွေနဲ့ပေါင်းပြီး ခင်ဗျားကို



သတ်လိုက်မှာပေါ့"

"ရှင့်ကို ကျွန်မ မသိဘူး၊ ဒါကြောင့် မိတ်ဆွေမဖြစ်နိုင်ဘူး"

"ဟုတ်တယ်၊ ဒါပေမယ့် ခင်ဗျားနဲ့ကျုပ်က ရည်ရွယ်ချက်ချင်း တူတဲ့လူဆိုတော့ ကျုပ်တို့နှစ်ယောက် မိတ်ဆွေဖြစ်နိုင်တယ်ထင်လို့ပါ"

ကြူးယွင် မျက်မှောင်ကြုတ်သွားပြီး...

"ရှင်က ကျွန်မကို သိလို့လား"

"မသိဘူး"

"မသိဘဲနဲ့ ကျွန်မနဲ့ ရည်ရွယ်ချက်ချင်းတူတယ်လို့ ဘယ်လိုကြောင့်ပြောနိုင်ရတာလဲ၊ ဘာလဲ ရှင်ကကော ကျွန်မကို အမုန်းမိစ္ဆာလို့ ထင်နေတာလား၊ ကျွန်မက အမုန်းမိစ္ဆာမဟုတ်ဘူးရှင့်"

လူငယ်က ပြုံးပြသည်။

"ခင်ဗျားက အမုန်းမိစ္ဆာမဟုတ်ဘူးဆိုတာ ကျုပ်သိပါတယ်ဗျာ"

"ရှင်"

"ပြီးတော့ ခင်ဗျားဟာ ထင်းလင်းကို ယှဉ်ပြိုင်ဖို့လိုက်ရှာနေတယ်ဆိုတာလည်း သိတယ်"

ကြူးယွင်မှာ ပို၍အံ့အားသင့်သွားရသည်။

လူငယ်ကို မျက်လုံးပြူးကာ စိုက်ကြည့်လိုက်ပြီး...

"ရှင် ဘယ်သူလဲ"

ဟုမေးလိုက်သည်။

လူငယ်က...

www.burmeseclassic.com

www.burmeseclassic.com



"ကျုပ်ရဲ့နာမည်က သက်ချွေးဝမ်းဝေရှန်း၊ နဂါးဓားထင်းလင်းကို သတ်မယ့်လူ"

လူငယ်၏စကားကြောင့် ကြူးယွင်မှာ ပါးစပ်အဟောင်းသားဖြစ်သွားရသည်။

လူငယ်(ဝါ) ဝမ်းဝေရှန်းက စကားဆက်လိုက်သည်။

"ကဲ နောက်မှပြောကြတာပေ့ါ၊ ခင်ဗျားလည်း အခုလောက်ဆို ဆာနေလောက်ပြီ၊ ကျုပ်နောက်လိုက်ခဲ့ပါ။ ဒီနေရာဟာ အေးချမ်းတယ်လို့ ယတိပြတ်ယူဆလို့ မရသေးပါဘူး"

ဝမ်းဝေရှန်းသည် ပြောပြောဆိုဆိုဖြင့် ရှေ့မှလျှောက်သွားလေသည်။

ကြူးယွင်မှာ တွေဝေငေးငိုင်နေ၏။

အတန်ကြာမှ သူမသည် သက်ပြင်းတစ်ချက်ချပြီး ဝမ်းဝေရှန်းနောက်သို့ လိုက်သွားလေတော့သည်။

* * *

ကြူးယွင်သည် တူနှစ်ချောင်းကို စားပွဲပေါ် ချလိုက်ပြီး...

"ဒါဆိုယင် ရှင်လည်း ထင်းလင်းနဲ့ရန်ငြိုးရှိတာပေ့ါ"

ဝမ်းဝေရှန်းနှင့်ကြူးယွင်တို့ စားသောက်ဆိုင်တစ်ဆိုင်တွင် ဝင်ရောက်စားသောက်ယင်း ဆွေးနွေးနေကြခြင်း ဖြစ်သည်။

"ဟုတ်တယ်၊ ကျုပ်ရအောင် ရှင်းပစ်ရမှာပဲ၊ သူမရှိမှသိုင်းလောကရဲ့ပထမနေရာကို ကျုပ်ရနိုင်မှာ"



ဝမ်းဝေရှန်းက လက်သီးနှစ်ဘက်ကို ကျစ်ကျစ်ပါအောင် ဆုပ်ယင်း စိတ်အားတက်ကြွသန်စွာ ပြောသည်။

သူ့စကားကြောင့် ကြူးယွင် သက်ပြင်းချလိုက်သည်။

"ကျွန်မလည်း သူ့ကိုမုန်းတယ်၊ ဒါပေမယ့်..."

"ဒါပေမယ့် ဘာဖြစ်သလဲ"

ကြူးယွင်က ဝမ်းဝေရှန်းကို စိုက်ကြည့်လိုက်သည်။

"ရှင် သူ့ကိုနိုင်ပါ့မလား"

ကြူးယွင်၏အမေးကြောင့် ဝမ်းဝေရှန်းမျက်နှာမှာ နီရဲသွားလေသည်။

အတန်ကြာမှ...

"ဘာပဲဖြစ်ဖြစ် သူဟာ ကျုပ်လက်ချက်နဲ့ သေရမယ်"

ဟုပြတ်သားစွာ ပြောလိုက်၏။

ကြူးယွင်က မဲ့လိုက်ပြီး...

"သူသေယင် ရှင်လည်း သေမှာပဲ"

ဝမ်းဝေရှန်း မျက်မှောင်ကြုတ်သွားသည်။

နားမလည်နိုင်ဟန်ဖြင့် ကြူးယွင်ကို လှမ်းကြည့်ကာ...

"ဘာဖြစ်လို့လဲ"

ကြူးယွင်က...

"ရှင့်ကို ကျွန်မက သတ်မှာမို့ပါ"

"ဗျာ"

ဝမ်းဝေရှန်းမှာ ပါးစပ်အဟောင်းသား ဖြစ်သွားရလေသည်။

ကြူးယွင် ထိုင်ရာမှထလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မကို ကယ်တင်တဲ့အတွက်ရယ်၊ အခုလိုကျွေးမွေးတဲ့အတွက်ရယ် ရှင့်ကို ကျွန်မကျေးဇူးတင်ပါတယ်၊ ဒါပေမယ့် ထင်းလင်းကို ရှင်သတ်တယ်ဆိုယင်တော့ ကျွန်မက ရှင့်ကျေးဇူးကိုမေ့ပစ်ပြီး ရှင့်ကို ပြန်သတ်မယ်ဆိုတာ သတိပေးပါရစေ"

ပြောပြီး စားသောက်ဆိုင်မှ ထွက်ခွာသွားလေတော့သည်။

ဝမ်းဝေရှန်းမှာ ဘာပြန်ပြောရမှန်းမသိဘဲ ခေါင်းကိုသာ လေးပင်စွာ ခါယမ်းလိုက်သည်။

ထို့နောက် အရက်အိုးကိုယူကာ ခွက်ထဲသို့ မငှဲ့တော့ဘဲအိုးလိုက်မော့ချလိုက်သည်။

တစ်ကျိုက်မျှ မော့သောက်ပြီးနောက် အရက်အိုးကို စားပွဲပေါ်သို့ ပြန်ချလိုက်သည်။

"အင်း..မိန်းမ..မိန်းမ..တယ်အသိရခက်ပြီး ကြောက်စရာကောင်းပါလား၊ သူပဲ ထင်းလင်းကိုသတ်ဖို့ စိတ်ကူးတယ်၊ ထင်းလင်းကိုသတ်မယ့်လူကျတော့လည်း သူက ပြန်သတ်မယ်တဲ့ ဘာတွေလဲ ဘာမှန်းကိုမသိတော့ဘူး၊ နတ်မိမယ်တဲ့ အမုန်းမိစ္ဆာတဲ့ မင်းတို့ဟာ ဘယ်လိုမိန်းမတွေလဲ"

ဝမ်းဝေရှန်းမှာ စိတ်ရှုပ်ရှုပ်ဖြင့် တစ်ယောက်တည်း ရေရွတ်လိုက် အရက်သောက်လိုက် လုပ်နေရာ အရက်အိုးကုန်သွားသလို လူလည်း စားပွဲပေါ် ခေါင်းငိုက်စိုက်ကျကာ အိပ်ပျော်သွားလေတော့သည်။

* * *



ဝမ်းဝေရှန်းမှာ မည်မျှကြာအောင် အိပ်မောကျသွားသည် မသိပါ။

ပခုံးကို ကြမ်းတမ်းစွာ လှုပ်နှိုးခြင်းခံလိုက်ရမှ အိပ်မှုန်စုံမွှားဖြင့် ထလာသည်။

အရက်ဦး၏အလင်းရောင်ကို ပထမဆုံးမြင်တွေ့လိုက်ရ၏။

ထို့နောက် သူ့အား နှိုးသောသူကို ကြည့်လိုက်ရာ သူ၏ဆရာဖြစ်နေသည်ကို တွေ့ရသည်။

"ဟင်..ဆရာ ဘယ်တုန်းက ရောက်တာလဲ"

ဆရာဖြစ်သူက နှာခေါင်းရှုံ့ပြီး...

"မင်း ဒီလိုသာ မူးပြီးအိပ်နေမယ်ဆိုယင် ရန်သူက မင်းကို အသာလေး ခေါင်းဖြတ်သွားလိမ့်မယ်"

ဝမ်းဝေရှန်းသည် ဆရာဖြစ်သူ၏ကဲ့ရဲ့စကားကို အလေးအနက်ထားခြင်းမရှိဘဲ ပျင်းကြောတစ်ချက် ဆန့်လိုက်၏။

"အင်း..ဟုတ်တယ်၊ ကျွန်တော် တော်တော်မူးသွားတာကိုး"

"မင်းကိစ္စတွေ ပြီးပြီလား"

ဆရာဖြစ်သူ၏အမေးကြောင့် ဝမ်းဝေရှန်း မျက်လုံးပြူးသွားလေသည်။

"ကိစ္စ ဟုတ်လား"

"ဟုတ်တယ်၊ ငါ့ဘက်က အားလုံးပြီးသွားပြီ"

"ဟာ..ဒုက္ခပဲ၊ ဆရာ ဒီနေ့ ဘယ်နှစ်ရက်လဲ"

"သုံးရက်လေကွာ၊ မင်းကို ငါပြောထားခဲ့သားပဲ"

www.burmeseclassic.com

www.burmeseclassic.com



ဝမ်းဝေရှန်း ငိုင်သွားသည်။

ဝမ်းဝေရှန်း၏ မထုံတက်ဘေး အမူအရာကြောင့် ဆရာဖြစ်သူမှာ ဒေါသထွက်သွားပြီး ဝမ်းဝေရှန်းကို ပါးရိုက်ချလိုက်၏။

"ဖြန်း"

ဝမ်းဝေရှန်း၏ပါးပြင်ပေါ်တွင် လက်ငါးချောင်းရာ အထင်းသားပေါ်လွင်သွားသည်။

"တောက်..မင်းကိစ္စကိုတောင် မင်းစိတ်မဝင်စားဘူးဆိုတော့ မလွန်ဘူးလား၊ မင်းဟာ သိုင်းလောကရဲ့ပထမနေရာရအောင် ယူမယ့်လူ၊ တာဝန်တွေကို မေ့နေရအောင် မင်းဘာဖြစ်နေသလဲ ပြောစမ်း"

ဆရာဖြစ်သူက ဒေါသတကြီး အော်ဟစ်ငေါက်ငမ်းလိုက်သည်။

ဝမ်းဝေရှန်းမှာ အပြစ်ရှိသူပီပီ ခေါင်းငုံ့သွားသည်။

သူသည် သူ့တာဝန်ကို သူလုပ်ဆောင်နေယင်း ကြုံးယွင်ကို ကယ်တင်ခဲ့ရာမှ တာဝန်များကို မေ့လျော့သွားခဲ့ခြင်း ဖြစ်သည်။

ဆရာဖြစ်သူက...

"ဒီကနေ့ဆိုယင် နှစ်ရက်ပဲ အချိန်ရတော့တယ်၊ မင်း ဘယ်လိုလုပ်မလဲ၊ ဒီတစ်ကြိမ်ဟာ အရေးအကြီးဆုံးပဲ၊ ဒီတစ်ခါပြီးယင် ငါတို့ရှာတဲ့လူကို ထိုင်စောင့်နေရုံပဲ၊ သူ မနေနိုင်ပါဘူး၊ ထွက်ကိုထွက်လာရတော့မှာ၊ ဒီတစ်ခါလွဲချော်သွားယင် အားလုံး အလဟဿ ဖြစ်ကုန်မယ်"

ဆရာဖြစ်သူက မချင့်မရဲ လေသံဖြင့် ကြိမ်းမောင်းလိုက်၏။



ဝမ်းဝေရှန်း ခေါင်းငုံ့ထားရာမှ အသာအယာ ခေါင်းပြန်မော့ပြီး....

"ကျွန်တော် မဖြစ်မနေ ဆောင်ရွက်ပါ့မယ် ဆရာ"

ဆရာဖြစ်သူက...

"ခုချိန်မှာ မင်းအခွင့်အရေးရှိဦးမှာလား"

"ကျွန်တော် ဖြစ်အောင်လုပ်မှာပါ"

"ကောင်းပြီ ငါသွားမယ်၊ မင်းလည်းအမြန်နားစွင့် သတိရှိရာ ငါခြေရာခံမိတာနဲ့ လာခဲ့မယ်၊ မင်းကို အခုအချိန်ကစပြီးနောက်မှာ လိုက်ကြည့်မနေနိုင်တော့ဘူး၊ မင်းစိတ်ထင်တာတွေကို မင်းဖွတ်လုပ်မနေနဲ့၊ ကြားလား"

"ဟုတ်ကဲ့"

ပြောပြောဆိုဆိုဖြင့် ဆရာဖြစ်သူ ပြန်လည်ထွက်ခွာသွား၏။

ဝမ်းဝေရှန်းသည် ဆရာဖြစ်သူကို ငေးကြည့်ယင်း အံကိုတင်းတင်းကြိတ်လိုက်သည်။

တာဝန်ကို မဖြစ်မနေလုပ်ဆောင်ရမည်ဟုလည်း ဆုံးဖြတ်ချက်ချလိုက်လေသည်။

* * *

www.burmeseclassic.com

www.burmeseclassic.com

## မာယာ

ဟန်ကျူးမြို့…။

ကုန်သည်ချိန်၏ဂေဟာ အပြင်တွင် လုံ့ကိုယ်စီကိုင်ဆောင်ထားသောလူသုံးဆယ်ခန့်သည် သတိဝီရိယကြီးစွာဖြင့် စောင့်ကြပ်ကြည့်ရှုလျှက်ရှိနေကြသည်။

ဂေဟာအတွင်းသို့ ဝင်ရောက်ရာလမ်းတွင်လည်း လက်နက်ကိုယ်စီနှင့် လူနှစ်ဆယ်ခန့်က တင်းကျပ်စွာ စောင့်ကြပ်လျှက်ရှိ၏။

ဂေဟာအဝင် တံခါးဝတွင် လူနှစ်ဦး စောင့်ကြပ်နေသည်။

သူတို့၏ပုံစံကိုကြည့်ရုံဖြင့် သိုင်းသမားများဖြစ်ကြောင်း သိသာထင်ရှားလှသည်။

ဂေဟာသည် အတော်ပင် ကြီးမား၏။



နှစ်ထပ်ဖြစ်ပြီး အခန်းငယ်များစွာရှိသည်။

ဧည့်ခန်းထဲတွင် လူနှစ်ဆယ်ခန့်သည် အသင့်အနေအထားဖြင့် ရပ်နေသည်။

ထိုင်နေသူမှာ လေးယောက်သာရှိသည်။

ထိုလူလေးယောက်မှာ…

ကုန်သည်ကြီးချိန်။

ကလောင်ရှင်ပိုက်ဟို။

စွန်ရဲနှင့်သူ၏လက်ထောက်တို့ ဖြစ်ကြသည်။

စွန်ရဲမှာ ယန်ကျူးမြို့နှင့် ငါးမိုင်ခန့်ကွာဝေးသောနေရာတွင် သိုင်းသင်တန်းကျောင်းတစ်ခု ဖွင့်လှစ်ထားသည့် သိုင်းအကျော်အမော်တစ်ဦး ဖြစ်သည်။

ယခုအချိန်တွင် သူနှင့်သူ၏လူများသည် ကုန်သည်ကြီးချိန်၏ငှားရမ်းမှုကြောင့် လာရောက်စောင့်ရှောက်နေကြခြင်း ဖြစ်သည်။

စွန်ရဲတွင် လက်ထောက်သိုင်းဆရာသုံးဦးရှိပြီး ထိုသုံးယောက်စလုံး သိုင်းပညာအဆင့်မြင့်သူများချည်း ဖြစ်ကြသည်။

"အင်း..စာထဲကအတိုင်းဆိုယင်တော့ မနက်ဖြန်ပဲ"

ကုန်သည်ကြီးချိန်က စိတ်မသက်မသာနှင့် ညည်းညူလိုက်သည်။

စွန်ရဲက လက်ကာပြယင်း…

"သူဌေးကြီး ဘာမှမပူပါနဲ့၊ ကျွန်တော်တို့ မသေသမျှ ကုန်သည်ကြီး ဘာမှမဖြစ်စေရပါဘူး"

စွန်ရဲ၏စကားကို ပိုက်ဟို အနေဖြင့် သိပ်အလေးအနက်

www.burmeseclassic.com

www.burmeseclassic.com



ထားပုံမရပါ။

"ခင်ဗျားတို့ သိုင်းပညာအဆင့်မြင့်တာ မှန်ပါတယ်၊ ဒါပေမယ့် အမုန်းမိစ္ဆာက ပိုပြီး..."

စွန်ရဲက ကြားဖြတ်၍ လက်ကာပြလိုက်သည်။

"အမုန်းမိစ္ဆာက ကြောက်ဖို့ကောင်းတယ်ဆိုတာ မှန်ပါတယ် ဒါပေမယ့် အခုဆိုယင် ကျွန်တော့်ရဲ့လူ နှစ်ရာနီးပါးဟာ ဂေဟာတစ်ခုလုံးကို ဝိုင်းရံပြီးစောင့်ကြပ်နေတယ်၊ သူတို့ရှိနေတယ်ဆိုတာ ဘယ်သူမှ မသိစေရအောင် စီမံထားပါတယ်၊ ဘယ်လောက်အစွမ်းထက်တဲ့လူဖြစ်ပါစေ၊ ဒီဂေဟာထဲကိုဝင်ဖို့ဆိုတာ ကျွန်တော်တို့မသိဘဲ ဖြစ်ကိုမဖြစ်နိုင်ပါဘူး"

စွန်ရဲက ယုံကြည်စိတ်ချမှုအပြည့်ဖြင့် အပိုင်ပြောလိုက်၏။

ထို့နောက် ကုန်သည်ချိန်ဘက်သို့လှည့်ကာ...

"အခုဆိုယင် ဂူတန်ဓားသမားဟာ သူ့မိတ်ဆွေတွေကို သွားခေါ်နေတယ်၊ သူတို့ မနက်ဖြန်ဆိုယင် ရောက်လာမှာပါ၊ အဲဒီအခါကျတော့ ကုန်သည်ချိန်တို့ ပူစရာလိုမှာ မဟုတ်တော့ပါဘူး"

ကုန်သည်ချိန် ခေါင်းတဆတ်ဆတ် ညိတ်လိုက်သည်။

"ခင်ဗျားတို့ဘက်ကသာ တာဝန်ကျေပွန်ယင် ကျုပ်ဘက်ကလည်း ထပ်ပြီးဆုချီးမြှင့်ပါဦးမယ်"

စွန်ရဲက ပြုံးလိုက်သည်။

"ကျွန်တော်တို့ လက်အောက်ငယ်သားတွေရဲ့ စားဝတ်နေရေးကြောင့်သာ အခကြေးငွေ လက်ခံရတာပါ၊ ကုန်သည်ချိန်နဲ့ ဒီကဆရာကြီးတို့အအတွက်ဆိုယင် အခမဲ့ကူညီချင်တာပါ"



ပိုက်ဟို သက်ပြင်းတစ်ချက် ချလိုက်သည်။

"ကျုပ်တို့နှစ်ယောက်စလုံးကို အမုန်းမိစ္ဆာ တစ်ရက်တည်း ချိန်းလိုက်တာ အမှားဖြစ်ပါစေလို့ ကျုပ်ဆုတောင်းမိတယ်၊ ကျုပ်တို့နှစ်ဦး တစ်နေရာတည်းစုနေတော့ သူ့အတွက် ပိုပြီး အကြပ်ရိုက်နေလိမ့်မယ်၊ ဒါကြောင့် သူဟာ ချိန်းတဲ့ရက်ထက်စောပြီး အစီအစဉ်စယင်ကော"

စွန်ရဲက...

"သူ့ရာဇဝင်မှာ နေ့ရက် အတိအကျပဲရှိတယ်၊ စိတ်ချလက်ချနေပါ၊ ဒီနေ့အဖို့ ဘာမှမဖြစ်နိုင်ပါဘူး"

ဟုရဲရဲဝံ့ဝံ့ အာမခံစကား ပြောလိုက်သည်။

အချိန်များ တရွေ့ရွေ့ကုန်ဆုံးသွား၏။

ညအမှောင် စတင်ဝင်ရောက်လာပြီ ဖြစ်သည်။

ယနေ့အဖို့ အရာအားလုံးသည် ခြောက်သွေ့နေသည်ဟု ကုန်သည်ချိန်၏စိတ်ထဲ၌ ခံစားနေရသည်။

ပိုက်ဟိုသည် စာအုပ်ကို သဲသဲမဲမဲ ဖတ်နေသည့်တိုင် စာထဲတွင် စိတ်ဝင်စားနိုင်ခြင်း မရှိခဲ့ပေ။

ထိတ်လန့်မှုများကို စိတ်သက်သာရာရစေရန်သာ ရည်ရွယ်ပြီးစာကို ကြိုးစားဖတ်နေခြင်း ဖြစ်ပေသည်။

သို့သော် သူ့စိတ်ကား တည်ငြိမ်မှု အလျှင်းမရှိချေ။

"ကျွီ"

"ဖုတ်"

တံခါးမကြီး ရုတ်တရက် ပွင့်သွား၏။

www.burmeseclassic.com

www.burmeseclassic.com



ပိုက်ဟိုမှာ ထိတ်လန့်သွားပြီး လက်ထဲမှ စာအုပ်ပင် လွတ်ကျသွားသည်။

စွန်ရဲက ဓားကို လျှပ်တပြက်ဆွဲထုတ်ပြီး လှမ်းကြည့်လိုက်သည်။

လိုအပ်ပါက တိုက်ခိုက်ရန်လည်း အသင့်ပြင်ထားလိုက်၏။

သို့သော်...

အခန်းထဲသို့ ဝင်ရောက်လာသူမှာ သူ၏လက်ထောက်သင်တန်းဆရာတစ်ဦးဖြစ်နေသည့်အတွက် စိတ်ကို လျှော့လိုက်၏။

သင်တန်းဆရာက...

"ဆရာ အပြင်မှာ လူတစ်ယောက် ရောက်နေပါတယ်၊ သံမဏိအာဏာသားလုံခွမ်းရဲ့ အမိန့်နဲ့ရောက်လာတာလို့ ပြောပါတယ်"

ထိုစကားကြောင့် စွန်ရဲ၊ ကုန်သည်ချိန်နှင့် ပိုက်ဟိုတို့ ဝမ်းသာသွားကြ၏။

"သူ့ကိုခေါ်ခဲ့ပါ"

စွန်ရဲ ဘာမှပြန်မပြောနိုင်မီ ကုန်သည်ချိန်က အလောတကြီးဝင်ပြောလိုက်သည်။

သင်တန်းဆရာသည် ချက်ချင်း ပြန်ထွက်သွားလေသည်။

* * *



အာဏာသားလူငယ်သည် ကုန်သည်ချိန်ကို အကဲခတ်သလို တစ်ချက်လှမ်းကြည့်သည်။

"ကုန်သည်ချိန်မှာ ရန်ငြိုးရှိတဲ့လူ ဘယ်နှစ်ယောက်လောက်ရှိပါသလဲ"

ဟုမေးလိုက်၏။

ကုန်သည်ချိန်က သက်ပြင်းချယင်း...

"ကျုပ်ဟာ ဘယ်သူနဲ့မှ ရန်ဖြစ်ဖူးတဲ့လူ မဟုတ်သလို ဘယ်သူ့အပေါ်မှလည်း မတရားမလုပ်ခဲ့ဘူး၊ ဒါကြောင့် စဉ်းစားရခက်နေတာ"

"အမုန်းမိစ္ဆာကော သိသလား"

"မသိပါဘူး"

အာဏာသားလူငယ်က ပိုက်ဟိုဘက်သို့ လှည့်လိုက်သည်။

"ဒီက ဆရာကြီးကော"

ပိုက်ဟိုက ခေါင်းကိုလေးပင်စွာ ခါယမ်းပြသည်။

"ကျုပ် သူနဲ့မသိဘူး၊ ပြီးတော့ ကျုပ်တို့နှစ်ယောက်စလုံးဟာလည်း သိုင်းလောကနဲ့ ပတ်သက်တဲ့လူတွေ မဟုတ်ဘူး"

အာဏာသားလူငယ်က ခေါင်းညိတ်လိုက်သည်။

ပြီးနောက်...

"ဟုတ်ကဲ့ ဒါကြောင့်လည်း ဆရာလုံခွမ်းက ကျွန်တော့်ကို ကာကွယ်ဖို့ အရင်လွှတ်လိုက်တာပါ၊ မနက်ဆိုယင် သူဒီကိုရောက်လာပါလိမ့်မယ်၊ ပြီးတော့ ကျုပ်တစ်ခုပြောချင်တယ်၊ ဒီကိစ္စဟာ အမုန်းမိစ္ဆာနဲ့ မပတ်သက်နိုင်ပါဘူး"

www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်ဘူး၊ အမုန်းမိစ္ဆာရဲ့လက်ချက်အစစ်ပဲ"

စွန်ရဲက ကြားဖြတ်ဝင်ပြောလိုက်ခြင်း ဖြစ်သည်။

အာဏာသားလူငယ်က စွန်ရဲဘက်လှည့်လိုက်ပြီး...

"ခင်ဗျားက ဘာကြောင့် ဒီလိုအတပ်ပြောနိုင်ရတာလဲ"

စွန်ရဲက...

"စာရပြီးတဲ့နောက်နေ့မှာ အမုန်းမိစ္ဆာကို ကျုပ်တို့တွေ့လိုက်တယ်၊ သူ့ကို ဝိုင်းဖမ်းဖို့ကြိုးစားပေမယ့် လွတ်မြောက်သွားခဲ့တယ်"

ဟုပြောလိုက်သည်။

အာဏာသားလူငယ် မျက်မှောင်ကြုတ်သွားသည်။

"အမုန်းမိစ္ဆာကို ခင်ဗျားတွေ့ဖူးလို့လား"

စွန်ရဲတစ်ချက် ကြောင်သွားသည်။

ပြီးမှ အသာအယာ ခေါင်းခါယမ်းပြယင်း...

"မတွေ့ဖူးပါဘူး"

လူငယ်က ပြုံးလိုက်သည်။

"ဒါဆို ခင်ဗျားတွေ့ခဲ့တယ်ဆိုတဲ့လူကို ဘယ်လိုကြောင့် အမုန်းမိစ္ဆာလို့ ပြောနိုင်ရတာလဲ"

စွန်ရဲမှာ ပါးစပ်ပိတ်သွားရလေသည်။

အတန်ကြာမှ...

"သူဟာ မိန်းကလေးတစ်ယောက် ဖြစ်တယ်၊ ပြီးတော့ သိုင်းပညာလည်း အဆင့်မြင့်ပုံရတယ်၊ ပလွေကို ကိုင်ဆောင်တယ်၊ ဒါကို ဆက်စပ်ကြည့်တဲ့အခါ သူဟာ အမုန်းမိစ္ဆာလို့ ယူဆရတာပေါ့"



အာဏာသားလူငယ် ခေါင်းတွင်တွင် ခါယမ်းလိုက်သည်။

"ခင်ဗျားတို့ မှားသွားပြီ"

"ဘာဖြစ်လို့လဲ"

အာဏာသားလူငယ်က သက်ပြင်းချယင်း...

"သူ့ကိုသာ ပြေပြေလည်လည်ဆက်ဆံယင် ခင်ဗျားတို့အတွက်အကူအညီတောင် ရဦးမယ်၊ သူဟာ အမုန်းမိစ္ဆာမဟုတ်ဘူး၊ အခုတလော သိုင်းလောကမှာ နာမည်ထွက်လာတဲ့ နတ်မိမယ်ကြူးယွင်ဆိုတာပဲ"

"ဗျာ"

အာဏာသားလူငယ်၏စကားကြောင့် အားလုံးမှာ အံ့အားသင့်ပြီး ပါးစပ်အဟောင်းသား ဖြစ်သွားကြသည်။

အာဏာသားလူငယ်က စကားစလိုက်သည်။

"အမုန်းမိစ္ဆာဟာ အမျိုးသမီးတစ်ယောက်ဆိုတာ မှန်ပါတယ်၊ ဒါပေမယ့် သူ့အသက်က ငါးဆယ်ပတ်ဝန်းကျင်လောက် ရှိနေပြီ၊ ခင်ဗျားတို့တွေ့ခဲ့တာ တော်တော်ငယ်သေးတယ် မဟုတ်လား"

စွန်ရဲ ခေါင်းညိတ်လိုက်သည်။

ထိုစဉ် သင်တန်းဆရာတစ်ဦး ဝင်လာပြီး...

"သူဌေးကြီးခင်ဗျာ...သူဌေးကြီးရဲ့မိတ်ဆွေသုံးယောက်ရောက်ရှိလာပါတယ်"

ဟု သတင်းပို့လိုက်လေသည်။

ကုန်သည်ချိန် မျက်မှောင်ကြုတ်သွားသည်။

"ဘယ်သူတွေလဲ"

www.burmeseclassic.com

www.burmeseclassic.com



သင်တန်းဆရာက...

"ယိယုံ၊ ကျန်းစုနဲ့ခုံစိမ်းတို့ပါ"

ထိုအမည်များကို ကြားလိုက်ရသည်နှင့် ကုန်သည်ချိန်၏ မျက်နှာသည် ချက်ချင်းပင် ရွှင်ပျသွားသည်။

အကြောင်းမှာ ထိုလူများသည် ကုန်သည်ချိန်နှင့် ရင်း သော သိုင်းလောကမှ ထိပ်သီးသိုင်းသမားများ ဖြစ်ကြခြင်းကြော ပင်။

"သူတို့ကို အထဲမြန်မြန်ခေါ်လာခဲ့ပါ"

ကုန်သည်ချိန်၏ ဝမ်းသာအားရလေသံသည် အခြားသူမျာ ကိုပါ စိတ်ဓာတ် တက်ကြွသွားစေလေသည်။

* * *

ညသည် တိတ်ဆိတ်နေ၏။

ဝန်းကျင်တစ်ခုလုံး အမှောင်ထုက စိုးမိုးနေသည်။

ချိန်ဂေဟာမှာမူ မီးရောင်များ ထိန်ထိန်လင်းနေဆဲဖြစ် သည်။

ညှို့ခန်းထဲတွင် စားသောက်စရာများ၊ အရက်များတည် ထား၏။

ညှို့ခန်းထဲရှိ လူအားလုံးသည် စားသောက်ယင်း စ ပြောနေကြသည်။

အာဏာသားလူငယ်ကမူ စားသောက်နေရာမှ လူအား



ကိုအလွတ်မပေးဘဲ အကဲခတ်လျက် ရှိနေလေသည်။

စားသောက်နေသူအားလုံး ကိုယ့်အတွေးနှင့်ကိုယ် အား တက်နေကြပုံရ၏။

အစောင့်အရှောက်များ ထူထပ်မှုကြောင့် တော်ရုံတန်ရုံ အန္တရာယ်မကျရောက်နိုင်ဟု သူတို့အားလုံး ယူဆထားပုံရလေသည်။

"စားသောက်ပြီးယင် အားလုံး အနားယူကြပါ၊ မနက်ဖြန် ဟာ အရေးအကြီးဆုံးပဲ၊ မနက်ဖြန်အတွက် ရန်သူကို ရင်ဆိုင်ဖို့ သတိ ရှိကြပါ ဒီနေ့အဖို့ စားသောက်တာတွေလျော့ပြီး အနားယူကြဖို့ ကျွန်တော် တောင်းပန်ပါတယ်"

အာဏာသားလူငယ်က အားလုံးကို သတိပေးစကားပြော လိုက်သည်။

ဝိုက်ဟိုက ခေါင်းညိတ်လိုက်ပြီး..

"မင်းပြောတာ မှန်ပါတယ်၊ ကဲ တို့အနားယူကြစို့ မနက်ဖြန် ကျမှ ရန်သူ ဘယ်သူဆိုတာ ကြည့်ကြတာပေါ့"

ယင်းသို့ပြောပြီးနောက် သူ့အတွက်ပေးထားသော အခန်း ဆီသို့လျှောက်သွားလေသည်။

ကျန်လူများသည်လည်း နေရာမှ အသီးသီးထကာ ကိုယ့် အခန်းသို့ ကိုယ်ဝင်၍ သက်တောင့်သက်သာ အနားယူကြလေသည်။

ညှို့သည်များ စားသောက်ခန်းမှ ထွက်သွားကြသည့်အခါ အာဏာသားလူငယ်က စွန်ရဲကို လှမ်းပြောသည်။

"ကဲ..ကျွန်တော်တို့လည်း ကင်းပုန်းတွေ လိုက်စစ်လိုက်ကြ ရအောင်"

www.burmeseclassic.com

www.burmeseclassic.com



ထိုသို့ပြောပြီးနောက် အာဂကာသားလူငယ်နှင့် စွန်ရဲတို့သည် ခြံထဲသို့ ဆင်းသွားကြလေသည်။

* * *

အချိန်နှင့်ဒီရေသည် လူကိုမစောင့်ပေ။

သို့သော်...

အချိန်ကိုစောင့်နေသူအဖို့မှာ အချိန်ဟူသည် လွန်စွာရှည်ကြာလှသည်ဟု ထင်မှတ်ရပေသည်။

စွန်ရဲ၏လူများသည် တစ်ညလုံးလိုလို သတိဝီရိယဖြင့် စောင့်ကြပ်နေခဲ့ကြသည်။

သူတို့အတွက် ညတာသည် အလွန်ရှည်လျားလှသည်ဟု ထင်မှတ်ခံစားကြရသည်။

စွန်ရဲသည် ဂေဟာအဝတွင်ထိုင်လျက်ရှိ၏။

ဂေဟာတံခါးမှာ စေ့ရုံသာစေ့ထားလေသည်။

ဂေဟာဝတွင်ထိုင်ယင်း အခြေအနေကို အကဲခတ်စောင့်ကြည့်နေခဲ့၏။

အချိန်များစွာ ကုန်သွားသည့်တိုင် တစ်စုံတစ်ရာထူးခြားလာခြင်း မရှိချေ။

ကုန်သည်ချိန်နှင့်ပိုက်ဟိုတို့ကို လုပ်ကြံမည်ဆိုသော အမုန်းမိစ္ဆာ၏လှုပ်ရှားမှု အရိပ်အယောင်တစ်စုံတစ်ရာကိုမျှ မြင်တွေ့ရခြင်းမရှိသည့်အတွက် စွန်ရဲ စိတ်သက်သာရာရသွားသည်။



ထို့ကြောင့် တံခါးဘောင်ကိုမှီယင်း စိတ်အေးလက်အေးစောင့်ကြပ်နေလိုက်၏။

အတန်ကြာသော် မျက်လုံးများ မှေးစင်းကာ မှေးခနဲအိပ်ပျော်သွားလေတော့သည်။

* * *

"အား"

စူးရှစွာအော်ဟစ်လိုက်သည့်အသံသည် တိတ်ဆိတ်နေသော ညဥ့်ယံကို ဖောက်ထွင်း၍ ထိတ်လန့်တုန်လှုပ်ဖွယ် ထွက်ပေါ်လာလေသည်။

ထိုအသံကြောင့် ချိန်ဂေဟာတစ်ခုလုံး လှုပ်လှုပ်ရွရွဖြစ်သွားလေသည်။

ဂေဟာထဲရှိ လူအားလုံးလိုလို အသံထွက်ပေါ်ရာဆီသို့ ပြေးသွားကြ၏။

အသံထွက်ပေါ်လာရာနေရာမှာ ပိုက်ဟို၏အခန်းထဲမှ ဖြစ်သည်။

ဂေဟာထဲရှိ လူအားလုံးမှာ ပိုက်ဟို၏အခန်းထဲ ပြေးသွားကြသည်။

ဂေဟာထဲရှိ လူအားလုံးမှာ အိပ်ပျော်ကြခြင်းမရှိသေးပါ။ ထို့ကြောင့် ချက်ချင်း ထွက်လာနိုင်ကြခြင်း ဖြစ်ပေသည်။ ပိုက်ဟိုမှာ သေဆုံးလျက် ရှိနေသည်ကို တွေ့မြင်လိုက်ကြ

www.burmeseclassic.com

www.burmeseclassic.com



ရတော့၏။

"တောက်"

အာဏာသားလူငယ်က မကျေမနပ်ဖြင့် တက်ခေါက်လိုက်လေသည်။

"ဒီည သန်းခေါင်းကျော်တာနဲ့ လူသတ်သမားချိန်းတဲ့နေ့ ရောက်ပြီဆိုတာ ကျုပ်တွေးခဲ့ဖို့ကောင်းတယ်"

အာဏာသားလူငယ်က မချင့်မရဲ ရေရွတ်လိုက်သည်။

ဂေဟာထဲရှိ လူအားလုံးမှာထိတ်လန့်အံ့သြမှုကြောင့် မျက်စိမျက်နှာပျက်ကုန်ကြသည်။

ထိုစဉ် သင်တန်းဆရာ ဝင်ရောက်လာသည်။

"အပြင်ကို သေသေချာချာစစ်ပြီး အမြန်သတင်းပို့ပါ"

အခန်းထဲဝင်လာသည့် သင်တန်းဆရာကို အာဏာသားလူငယ်က ဆီး၍အမိန့်ပေးလိုက်သည်။

သင်တန်းဆရာ ပြန်ထွက်သွား၏။

အာဏာသားလူငယ်က သေဆုံးနေသော ပိုက်ဟိုကိုတစ်ချက်ကြည့်ကာ...

"ကဲ...အားလုံး ဧည့်ခန်းကိုသွားရအောင်"

ယင်းသို့ပြောပြီးနောက် အာဏာသားလူငယ်သည် ရှေ့မှ ဦးဆောင်ထွက်သွားလေသည်။

* * *



လူအားလုံး ဧည့်ခန်းထဲ ရောက်လာခဲ့ကြပြီ ဖြစ်သည်။

အာဏာသားလူငယ်က တစ်ဦးစီကို စိုက်ကြည့်အကဲခတ်လိုက်သည်။

ပြီးမှ အေးစက်တည်ငြိမ်သောလေသံဖြင့်...

"ကဲ..ဂေဟာထဲကို အပြင်လူ ဝင်ရောက်မှုမရှိဘူးလို့ စုံစမ်းသိရှိခဲ့ကြရပြီ"

အားလုံးမှာ သက်ပြင်းပြိုင်တူချမိကြသည်။

အာဏာသားလူငယ်က စကားဆက်ပြန်၏။

"အပြင်လူ ဝင်လာတာ မဟုတ်ဘူးဆိုယင်တော့"

အာဏာသားလူငယ်က စကားကို အဆုံးမသတ်ဘဲ တစ်ဦးချင်းကို စိုက်ကြည့်လိုက်သည်။

"မင်းဆိုလိုတာက လူသတ်သမားဟာ ငါတို့ထဲကပဲပေါ့"

ဧည့်ခန်းထဲရှိလူများထဲမှခုံစိမ်းက အလန့်တကြားမေးလိုက်သည်။

အာဏာသားလူငယ် ခေါင်းညိတ်လိုက်သည်။

"အပြင်မှာချထားတဲ့ ကင်းပုန်းဟာ တကယ့်ကို လုံခြုံမှုပေးနိုင်တယ်ဆိုတာ ကျွန်တော် စစ်ဆေးပြီးပြီ၊ အပြင်လူဝင်ရောက်မှုမရှိတာမို့ အထဲကလူပဲဖြစ်မယ်လို့ ကောက်ချက်ချရတော့မှာပဲ"

"ဒါဆိုယင်တော့ ကျုပ်သတ်တာ မဟုတ်ဘူး"

ဖွန်ရဲက ထိတ်ထိတ်ပျာပျာ ဝင်ပြောသည်။

"ကျုပ်လည်း မသတ်ဘူး"

"ကျုပ်ကတော့ ဘာလို့သတ်ရမှာလဲ"

www.burmeseclassic.com

www.burmeseclassic.com



အခြားသူများထဲမှ ငြင်းဆန်သံများ တစ်ယောက်တစ်ပေါက် ဆက်တိုက်ထွက်လာ၏။

အာဏာသားလူငယ်က...

"အခု ဒီမှာ လူငါးယောက်ပဲကျန်တယ်၊ ခုံစိမ်း၊ ယိုယုံ၊ ကျန်းစု စွန်ရဲနဲ့ ကုန်သည်ချိန်တို့ပဲ"

"ကျုပ်လည်း အသတ်ခံရမယ်ဆိုတဲ့စာရထားတာပဲ၊ ဘာလို့ ကျုပ်ကို လူသတ်သမားစာရင်းထဲ ထည့်ရတာလဲ"

ကုန်သည်ချိန်က မကျေမနပ်ဖြင့် ကမန်းကတန်း ဝင်ပြောလိုက်၏။

အာဏာသားလူငယ်က ပြုံးပြသည်။

"ဒီမှာရှိကြတဲ့လူအားလုံးကို မသင်္ကာစရာလူတွေလို့ပဲ ကျုပ်သတ်မှတ်တယ်၊ ကဲ ကျုပ် တစ်ယောက်ချင်းမေးမယ်၊ ပိုက်ဟိုနဲ့အနီးဆုံးအခန်းမှာ ဘယ်သူနေသလဲ"

ကုန်သည်ချိန်က...

"ကျုပ်ပါ၊ ပြီးတော့ လက်ယာဘက်က အခန်းမှာတော့ ယိုယုံနေပါတယ်"

အာဏာသားလူငယ်က ခေါင်းညိတ်လိုက်ပြီး...

"ကောင်းပြီ ကုန်သည်ကြီး အဲဒီအချိန်မှာ အိပ်ပျော်နေပြီလား"

"မအိပ်သေးပါဘူး"

"ဘာလုပ်နေသလဲ"

ကုန်သည်ကြီး သက်ပြင်းချယင်း...



"ကျုပ်ဓားကို ထုတ်ကြည့်နေပါတယ်"

"ဓား ဟုတ်လား ဘယ်မှာလဲ"

ကုန်သည်ချိန်က အင်္ကျီရင်ဘတ်ကြားမှဓားတိုတစ်ချောင်းကိုထုတ်ပေးလိုက်၏။

အာဏာသားလူငယ်က ကုန်သည်ချိန်ကို စိုက်ကြည့်လိုက်ပြီး...

"ဓားကို ဘာလို့ကြည့်ရတာလဲ"

ကုန်သည်ချိန် သက်ပြင်းချလိုက်ပြန်သည်။

"ရန်သူကို ကာကွယ်ဖို့ပါ၊ ကျုပ် တစ်သက်လုံး ဓားကိုမကိုင်ဖူးပါဘူး၊ အခု ကျုပ်ရဲ့အသက်အန္တရာယ်ကို ကာကွယ်ဖို့ ဆောင်ထားတဲ့ဓားကို ထုတ်ကြည့်ခဲ့တာပါ"

အာဏာသားလူငယ် အနည်းငယ်စဉ်းစားသည်။

ပြီးမှ ယိုယုံဘက်သို့လှည့်ကာ...

"ဒီအချိန်မှာ ခင်ဗျားကကော ဘာလုပ်နေသလဲ"

ယိုယုံက...

"ကျုပ်မူးမူးနဲ့ သီချင်းအော်ဆိုနေတယ်ထင်တယ်"

"ဟုတ်တယ် သူသီချင်းဆိုနေတာကို ကျုပ်လည်းကြားပါတယ်"

ယိုယုံ၏စကားကို ခုံစိမ်းက ဝင်ရောက်ထောက်ခံလိုက်၏။

အာဏာသားလူငယ် မျက်မှောင်ကြုတ်သွားသည်။

ယိုယုံကို ဖျတ်ခနဲ လှမ်းကြည့်ကာ...

"ခင်ဗျားအခန်းက ဘယ်နားမှာလဲ"

www.burmeseclassic.com

www.burmeseclassic.com



ယိယုံက...

"ဝရံတာဘက်က အခန်းပါ"

"ဒါဆို ယိယုံရဲ့သီချင်းသံကို ကြားနိုင်ပါ့မလား"

အာဏာသားး၏ကောက်ကာငင်ကာ ပြောလိုက်သောစကားကြောင့် ခုံစိမ်း မျက်နှာပျက်သွားသည်။

အာဏာသားးလူငယ်က ပြုံးလိုက်ပြီး...

"ခင်ဗျားအခန်းထဲမှာမရှိဘူး အပြင်ရောက်နေတယ် မဟုတ်လား"

ခုံစိမ်း ငိုင်သွားသည်။

သူခိုးလူမိသလို ဖြစ်သွား၏။

သက်ပြင်းတစ်ချက် မသိမသာချလိုက်သည်။

"ဟုတ်ပါတယ်"

အာဏာသားးလူငယ်က ကျေနပ်စွာပြုံးယင်း..

"ခင်ဗျား ဘာထွက်လုပ်တာလဲ"

ခုံစိမ်းက....

"ကျုပ် အိမ်သာသွားတာပါ၊ သွားပြီးပြန်အလာ မီးဖိုဆောင်မှာ ရှိနေပါတယ်"

အာဏာသားးလူငယ်သည် သဘောကျစွာ ပြုံးလိုက်ပြန်၏။

ပြီးနောက် စွန်ရဲဘက်သို့လှည့်ကာ..

"ခင်ဗျားကကော"

"ကျွန်တော် တံခါးဝမှာ ရှိနေပါတယ်"

"ဒါဆို ခုံစိမ်း အပြင်ထွက်တာကိုကော မြင်မိသေးလား"



"မမြင်ပါဘူး"

အာဏာသားးလူငယ်က မျက်မှောင်ကြုတ်သွားသည်။

"ခင်ဗျား တံခါးဝကနေကြည့်နေတယ်ဆို"

"ဟုတ်ပါတယ်"

"ဒါဆို မြင်ကိုမြင်ရမယ်"

စွန်ရဲ ခေါင်းခါပြသည်။

"ကျွန်တော်က အထဲကို သတိထားတာမှမဟုတ်ဘဲ၊ အပြင်ကိုသာ ဂရုစိုက်နေတာပါ"

"ဒါဆို ခင်ဗျား တံခါးဝမှာမရှိတာ သေချာတယ်"

အာဏာသားးလူငယ်က ပိုင်နိုင်စွာ အတပ်ပြောလိုက်သည်။

စွန်ရဲမျက်နှာ ရဲခနဲဖြစ်သွား၏။

"ကျုပ် ဘယ်မှမသွားဘူး၊ ရှိတယ်"

စွန်ရဲက မခံမရပ်နိုင်သောလေသံဖြင့် အော်ပြောလိုက်လေသည်။

အာဏာသားးလူငယ်က...

"ခင်ဗျားဟာ လုံခြုံရေးကို တာဝန်ယူထားရတဲ့လူတစ်ယောက်ပါ၊ ခင်ဗျားအနေနဲ့ အထဲက အော်သံကြားတာနဲ့ ချက်ချင်းရောက်လာသင့်တယ်၊ခင်ဗျားက ဘာလို့နောက်ကျနေရတာလဲ"

အာဏာသားးလူငယ်၏စကားက သဘာဝကျသည်။

စွန်ရဲမှာ မျက်နှာပျက်သွား၏။

ဘာပြန်ပြောရမှန်း မသိအောင် ဖြစ်သွားသည်။

ဤတွင် ကုန်သည်ချိန်က စိတ်မရှည်ဟန်ဖြင့်...

www.burmeseclassic.com

www.burmeseclassic.com



"သူပြောတာ ဟုတ်တယ် စွန်ရဲ၊ ခင်ဗျား ဘယ်သွားနေတာလဲ"

ဟုဝင်မေးလိုက်သည်။

စွန်ရဲ မျက်စိမျက်နှာပျက်လျှက် ရှိနေပေပြီ။

"ကျုပ်…ရှိ…ရှိပါတယ်"

"ခင်ဗျားရှိတယ်ဆိုယင် အရင်ရောက်ရမှာပေါ့၊ အခု ဘာကြောင့်နောက်ကျနေရသလဲ"

ယိယုံက ဝင်မေးသည်။

စွန်ရဲ၏မျက်နှာမှာ ပို၍နီရဲနေ၏။

သူ့အနေနှင့် ကျဉ်းထဲကျပ်ထဲ ရောက်နေပြီဖြစ်သည်။

အမှန်အတိုင်း မဖြေ၍လည်း မဖြစ်တော့ချေ။

စွန်ရဲ ခေါင်းငုံ့ပြီး…

"ကျုပ်…ကျုပ် အိပ်ပျော်သွားလို့ပါ"

"ဘာ"

ကုန်သည်ချိန်မှာ ဒေါသတကြီးဖြင့် ထအော်လိုက်၏။

ထို့နောက် စွန်ရဲကို စေ့စေ့ကြည့်ပြီး…

"တို့ကို စောင့်ရှောက်ဖို့ မင်းကိုငှားထားတာကွ၊ အိပ်ဖို့မဟုတ်ဘူး"

"တော်ပါတော့ သူဌေးမင်း"

အာဏာသားလူငယ်က ဝင်ရောက်ဟန့်တားလိုက်၏။

ထို့နောက် စကားဆက်လိုက်လေသည်။

"ကဲ..နောင်ကြီးကျန်းစုကကော"



ကျန်းစု ပခုံးတွန့်လိုက်ပြီး…

"ကျုပ် အမှန်အတိုင်းပြောရယင် အိပ်ပျော်နေတယ်၊ ဒါကြောင့်လည်း ကျုပ်နောက်ဆုံးမှ အခန်းထဲက ထွက်လာနိုင်တာပါ"

အာဏာသားလူငယ်က ဆက်မမေးတော့ပါ။

မေးစိကို ပွတ်ယင်း တစ်စုံတစ်ရာကို အလေးအနက် စဉ်းစားတွေးတောနေလေသည်။

အားလုံးလည်း ငြိမ်သက်နေကြသည်။

အားလုံး၏စိတ်ထဲတွင် လူသတ်တရားခံ မည်သူဖြစ်နိုင်သည်ကို တွေးတောနေကြပုံရလေသည်။

အတန်ကြာမှ အာဏာသားလူငယ်က…

"အင်း..အားလုံးထဲမှာ လိမ်တဲ့လူတစ်ယောက် ပါနေပြီ"

ကုန်သည်ချိန် မျက်မှောင်ကြုတ်သွားသည်။

"လိမ်တဲ့လူက ဘယ်သူလဲ"

သိလိုစိတ်ပြင်းပြစွာဖြင့် ကုန်သည်ချိန်က မေးလိုက်၏။

အာဏာသားလူငယ်က…

"အဲဒီလူကိုသာသိယင် လူသတ်တရားခံကိုလည်း မိပါပြီ"

ဟုတည်ငြိမ်စွာ ပြောလိုက်လေသည်။

အားလုံးမှာ တစ်ယောက်မျက်နှာ တစ်ယောက် အပြန်အလှန် ကြည့်လိုက်မိကြသည်။

မိမိတို့ထဲမှတစ်ယောက်သည် လူသတ်တရားခံဖြစ်နေပေပြီ။

ထိုသူ မည်သူနည်း။

www.burmeseclassic.com

www.burmeseclassic.com



* * *

## မလိုမ့်တပတ်

အရုဏ်ဦး၏ အလင်းရောင်သည် ယှက်သမ်းစပြုလာပြီ ဖြစ်သည်။

လူခြောက်ယောက်သည် ဧည့်ခန်းထဲ၌ ငြိမ်သက်စွာ ထိုင်နေကြသည်။

အမှန်တော့ ထိုလူများသည် ခန္ဓာကိုယ်ကသာ ငြိမ်နေသော်လည်း စိတ်ကမူ ငြိမ်သက်ခြင်းမရှိကြချေ။

ယောက်ယက်ခတ် နေကြ၏။

အတန်ကြာ တိတ်ဆိတ်ပြီးနောက် အဏာသားလူငယ်က တိတ်ဆိတ်ခြင်းကို စတင်ဖြိုခွဲလိုက်သည်။

"ကျုပ် အခန်းဖွဲ့စည်းပုံကို လေ့လာတဲ့အခါ ဒီအောက်ထပ်မှာ အခန်းရှစ်ခန်းရှိတယ်၊ ပထမဆုံးအခန်းက ဧည့်ခန်းပဲ၊ သူနဲ့တွဲလျက်သုံးခန်းမှာ ယိယုံ၊ ပိုက်ပဟိုနဲ့ကုန်သည်ချိန်တို့ရှိကြတယ်နော်"



အခန်းထဲရှိလူအားလုံး ခေါင်းညိတ်လိုက်ကြသည်။

အဏာသားလူငယ်က စကားဆက်လိုက်သည်။

"နောက်ပြီး စင်္ကြံလမ်းရှိတယ်၊ ဒီအခန်းတွေနဲ့ မျက်နှာချင်းဆိုင် ခပ်လှမ်းလှမ်းမှာ ပထမ မီးဖိုချောင်သွားတဲ့နေရာ၊ ပြီးတော့ အခန်းလွတ်၊ ပြီးတော့ ကျန်းစုရဲ့အခန်း ၊ နောက်မှ ခုံစိမ်းရဲ့အခန်းကိုရောက်တယ် ဟုတ်တယ်မဟုတ်လား"

"စွန်ရဲကတော့ ဧည့်ခန်းရဲ့တစ်ဘက်မှာရှိတယ်၊ ဒီအထဲမှာတော့ ခုံစိမ်းတစ်ယောက်ပဲ အခန်းထဲမှာ မရှိဘူး၊ ဟုတ်တယ်နော်"

အဏာသားလူငယ်၏စကားကို အားလုံးက ခေါင်းညိတ်ဝန်ခံကြသည်။

အဏာသားလူငယ်က စကားဆက်ပြန်သည်။

"ကျုပ်တို့အထဲမှာ လူသတ်သမားရှိနေပြီ၊ ဒီတော့ အားလုံးက ကျွန်တော့်ကို ကူညီဖို့တောင်းပန်ချင်ပါတယ်"

အားလုံးက စိတ်ဝင်တစား ပြန်လည်မေးလိုက်ကြ၏။

"ဘာ ကူညီရမှာလဲ"

အဏာသားလူငယ်က ခေါင်းညိတ်ယင်း...

"ခင်ဗျားတို့ထဲမှာ လိမ်တဲ့လူတစ်ယောက် ရှိနေပြီ၊ ဒါကို ဖော်ထုတ်ရမယ်၊ ဒီတော့ စောစောကပုံစံအတိုင်း ပြန်ပြီးဆောင်ရွက်ပေးဖို့ ကျွန်တော် တောင်းပန်ပါတယ်"

ထိုစကားကြောင့် လူအားလုံး ကြောင်အမ်းအမ်းဖြစ်သွားကြသည်။

အဏာသားလူငယ်က ဆက်၍ရှင်းပြ၏။

www.burmeseclassic.com

www.burmeseclassic.com



"ဒါပေမယ့် ဒီတစ်ခါ ပထမဦးဆုံးနေရာတွေကို ပြောင်းလဲအစားထိုးရမယ်"

ယိယုံ မျက်မှောင်ကြုတ်သွားသည်။

"မင်းပြောတာ ငါနားမလည်ဘူး"

ဟု ဝင်ပြောလိုက်၏။

ကုန်သည်ချိန်ကလည်း...

"ဟုတ်တယ်၊ ငါတို့လည်း မရှင်းဘူး"

အာဏာသားလူငယ်က ပြုံးပြလိုက်သည်။

"ဒီလိုပါ ကုန်သည်ကြီးဟာ ပိုက်ဟိုသေတဲ့အခါမှာ အခန်းထဲမှာဓားကို ထုတ်ကြည့်နေတယ်လို့ဆိုတယ် မဟုတ်လား၊ ဒီတော့ ကုန်သည်ကြီးနေရာကို စွန်ရဲက အစားထိုးဝင်ပါ၊ ကုန်သည်ကြီးပြောတဲ့အတိုင်း ဓားကိုကြည့်နေပေးပါ"

စွန်ရဲက ခေါင်းညိတ်လိုက်သည်။

အာဏာသားလူငယ်က ဆက်၍ရှင်းပြပြန်၏။

"ယိယုံကတော့ ကျန်းစုပြောတဲ့အတိုင်းပဲ သူ့အစား အခန်းထဲဝင် အိပ်နေပေးပါ"

"ကောင်းပြီ"

"နောက်ဆုံး ခုံစိမ်းက ယိယုံအစား သီချင်းဆိုပေးပါ"

"ရပါတယ်"

"နောက် ကုန်သည်ကြီးက မီးဖိုဆောင်ဘက်ကနေ ခုံစိမ်းရဲ့ သီချင်းသံကို နားထောင်ပေးပါ"

ကုန်သည်ချိန်က ခေါင်းညိတ်လိုက်သည်။



"ကျုပ်ကကော ဘာလုပ်ရမှာလဲ"

ကျန်းစုက ခပ်လောလောလေသံဖြင့် ဝင်မေးလိုက်သည်။

အာဏာသားလူငယ်က...

"ခင်ဗျားက အရေးအကြီးဆုံးပဲ၊ သေဆုံးသွားတဲ့ ပိုက်ဟိုရဲ့ အခန်းထဲကနေ အခြေအနေကို နားစွင့်ပေးပါ"

"ကောင်းပါပြီ"

"ကဲ..ဒါဆို အားလုံးနေရာယူကြပါ"

အာဏာသားလူငယ်၏စကား ဆုံးသွားသည်နှင့် အားလုံး ကိုယ့်တာဝန်ကိုယ် ဆောင်ရွက်ရန် ထွက်ခွာသွားကြလေတော့သည်။

* * *

အာဏာသားလူငယ်၏ ညွှန်ကြားချက်အတိုင်း ကျန်းစုသည် ပိုက်ဟို၏အလောင်းအနီးတွင် ထိုင်နေ၏။

အလောင်းကို တစ်ချက်စောင့်ကြည့်ယင်း ခေါင်းကို လေးပင်စွာခါယမ်းလိုက်သည်။

"ဒီတစ်ခါ အမုန်းမိစ္ဆာက ဓားကိုသုံးလိုက်တာပဲ၊ ဘာလို့ အဆိပ်ကို မသုံးရတာပါလိမ့်"

ကျန်းစု၏နှုတ်မှ တစ်ကိုယ်တည်း တီးတိုးရေရွတ်လိုက်သည်။

ထို့နောက် အာဏာသားလူငယ်ပြောသည့်အတိုင်း နားစွင့်နေသည်။

www.burmeseclassic.com

www.burmeseclassic.com



ဓားကိုလည်း အသင့်ပြင် ကိုင်ဆောင်ထားလိုက်လေသည်။

ထိုအချိန်၌ စွန်ရဲသည် ကုန်သည်ချိန်၏အခန်းထဲရှိ ကုလားထိုင်တွင် ထိုင်နေ၏။

ခါးမှဓားကိုလည်း ထုတ်ယူကြည့်ရှုလေသည်။

ရင်ထဲ၌ မကျေနပ်ခြင်းများစွာ ဖြစ်ပေါ်နေသည်။

အကြောင်းမှာ အရေးကြီးချိန်၌ ကိုယ်တိုင်က တာဝန်ပေါ့လျော့ခဲ့မိခြင်းကြောင့် ဖြစ်ပေသည်။

အအိပ်မက်လှသော ကိုယ့်ကိုကိုယ်လည်း ကျိန်ဆဲနေမိ၏။

တကယ့်အရေးကျမှ မိမိသည် အသုံးမကျသူတစ်ယောက်ဖြစ်ခဲ့ရသည် မဟုတ်ပါလား။

ယခုအခါ အာဏာသားလူငယ်ပြောသည့်အတိုင်း ဆောင်ရွက်ရုံဖြင့် အမှုမှန်ပေါ်ပေါက်နိုင်ပါမည်လောဟု တွက်ဆလိုက်၏။

သူ့အနေနှင့် မယုံကြည်ပါ။

သေသေချာချာတွေးလေ မဖြစ်နိုင်လေဟု ထင်မိ၏။

သို့သော် သူ အပြင်ထွက်ကြည့်ရန်လည်း ဇဝေဇဝါ မရေမရာဖြစ်နေရပြန်သည်။

သူ အခန်းပြင်ထွက်လိုက်ပါက လူသတ်သမားကို တွေ့မြင်နိုင်ပါမည်လော။

စွန်ရဲသည် အခန်းပြင်သို့ ထွက်သင့်မသင့် ချီတုံချတုံ ဖြစ်နေလေတော့သည်။

ထိုအချိန်၌ ခုံစိမ်းသည်လည်း အာဏာသားလူငယ်၏စကားအတိုင်း သီချင်းတစ်ပုဒ်ကို အော်ဟစ်သီဆိုလိုက်လေသည်။



အမှန်တော့ သူသည် သီချင်းတစ်ပုဒ်မှ မရပါ။

ဆိုလည်းမဆိုတတ်ပါ။

ထို့အပြင် ထိုသို့ပြောဆိုခြင်းဖြင့် လူသတ်တရားခံကို ဖော်ထုတ်နိုင်မည်ဆိုခြင်းမှာ ဘာမှမဆိုင်ဟု တွေးတောကာ ပြုံးမိလေသည်။ သို့သော် ရှည်ရှည်ဝေးဝေး စဉ်းစားမနေတော့ပါ။

ပါးစပ်ထဲ တွေ့ရာကိုသာ အော်ဟစ်သီဆိုလိုက်ခြင်း ဖြစ်ပေသည်။

* * *

ယိယုံသည် ကျန်းစု၏အခန်းထဲမှ ခုတင်ပေါ်တွင် လဲလျောင်းလိုက်သည်။

အိပ်ရာမှာ အတော်ပင် နူးညံ့ခုလုနိုင်လှသည်။

ခေါင်းရင်းဘက်မှာ နိမ့်နေပြီးခြေရင်းပိုင်းက မြင့်နေ၏။

အိပ်မရနိုင်အောင် ဖြစ်နေခဲ့ရသည်။

ထို့ကြောင့် ခုတင်ခေါင်းရင်းကို တုန်းကလေးဖြင့်ခုပြီးမြှင့်လိုက်သည်။ ထိုစဉ် အတွေးတစ်ချို့ ဝင်လာသည်။

ကျန်းစုသည် အမှန်တကယ် အိပ်ပျော်ခဲ့ပါ၏လော။

အိပ်မပျော်ခဲ့လျှင် သူဘာလုပ်မည်နည်း။

ယိယုံသည် တွေးယင်း ရင်ထဲ၌လေးလံလာ၏။

ယိယုံ၊ ခုံစိမ်းနှင့်ကျန်းစုတို့သည် ကုန်သည်ချိန် ဒုက္ခရောက်နေသည်ကြား၍ ကိုယ့်နေရပ်မှကိုယ် အသီးသီးထွက်ခွာလာခြင်း

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ပါသည်။

အတူတကွ ပူးပေါင်းထွက်ခွာလာခဲ့ကြခြင်း မဟုတ်ပါ။

ကုန်သည်ချိန်၏ဂေဟာသို့ရောက်မှ ဆုံမိကြခြင်းဖြစ်သည်။

ယိယုံမှာ အရက်ပြန်မူးသလို ဖြစ်လာသည်။

ချက်ချင်းပင် အခန်းတွင်းမှ ပြန်ထွက်ရန် စဉ်းစားမိလေတော့သည်။

ထိုအချိန်၌ ကုန်သည်ချိန် မီးဖိုချောင်ထဲမှနေ၍ ခုံစိမ်း၏ သီချင်းဆိုသံကို နားထောင်နေလေသည်။

အတန်ကြာသောအခါ သီချင်းသံသဲ့သဲ့ကို ကြားလိုက်ရလေသည်။

ထိုစဉ် အခန်းထဲသို့ ခြေသံတစ်သံ ဝင်ရောက်လာသည်ကို ကြားလိုက်ရ၏။ ဖျတ်ခနဲ လှည့်ကြည့်လိုက်မိသည်။

ထိုလူအား တွေ့သောအခါ ကုန်သည်ချိန် ပြုံးလိုက်၏။

"ဘယ်လိုလဲ"

စကားပင် မဆုံးသေးပါ။

ထိုလူမှာ ကုန်သည်ချိန်အနီးသို့ လျင်မြန်စွာ ဝင်ရောက်လာပြီး လက်ထဲတွင်ကိုင်ထားသောဓားဖြင့် ရင်ဝသို့ထိုးချလိုက်လေသည်။

ကုန်သည်ချိန်မှာ ထိုလူ၏လျင်မြန်သောဓားချက်ကို ရှောင်တိမ်းနိုင်စွမ်း မရှိခဲ့ချေ။

နာကျင်စူးရှစွာ အော်ဟစ်ယင်း လဲကျသွားလေတော့၏။

"အား"

* * *



ယိယုံသည် ချက်ချင်းပင် မီးဖိုချောင်သို့ အပြေးအလွှား ရောက်ရှိလာသည်။

သူရောက်လာသောအခါ ကုန်သည်ချိန်မှာ ကြမ်းပြင်ပေါ် လဲကျ သေဆုံးနေပြီဖြစ်ပါသည်။

ထိုအချိန်တွင် ကျန်းစု၊ ခုံစိမ်း၊ စွန်ရဲနှင့် အာဏာသား လူငယ်တို့ ပြိုင်တူရောက်လာကြသည်။

ကုန်သည်ချိန် သေဆုံးနေသည်ကို တွေ့သောအခါ အားလုံး ပင် မျက်စိမျက်နှာ ပျက်သွားကြ၏။

ကျန်းစုက အာဏာသားလူငယ်ကို စိုက်ကြည့်လိုက်ပြီး...

"မင်းပြောတော့ လူသတ်တရားခံဖော်ထုတ်မယ်ဆို၊ အခု နောက်တစ်ယောက်တောင် သေသွားပြီ"

ဟုအော်ငေါက်လိုက်၏။

အာဏာသားလူငယ်က...

"ကျုပ်ထက် လူသတ်သမားက လျင်တယ်ဆိုတာ ကျုပ်ဝန် ခံပါတယ်၊ ခင်ဗျားတို့အထဲက လူတစ်ယောက်ယောက်ဟာ ကြောက် စရာကောင်းတဲ့ လူသတ်သမားပဲ၊ ခင်ဗျားတို့အားလုံးကို အခုအချိန် ကစပြီး ဖမ်းမှုဖြစ်တော့မယ်"

ဟု အေးစက်စွာ ပြောလိုက်လေသည်။

စွန်ရဲ ဒေါပွသွားသည်။

"မင်းဖမ်းတိုင်း ခံရမှာလား၊ ငါသတ်တာမှမဟုတ်ဘဲ"

အာဏာသားလူငယ် ပခုံးတွန့်လိုက်သည်။

"ခင်ဗျားသတ်တယ်လို့လည်း ကျုပ်က မစွပ်စွဲပါဘူး၊ ဒါပေ

www.burmeseclassic.com

www.burmeseclassic.com



မယ့် ခင်ဗျားတို့အားလုံးဟာ မသင်္ကာစရာလူတွေပဲ”

ခုံစိမ်းက မဲ့လိုက်ပြီး..

“တို့ကတော့ မသတ်ဘဲနဲ့ အချောင်အဖမ်းမခံနိုင်ဘူး”

“ဟုတ်တယ်”

ကျန်းစုက ဝင်ရောက်ထောက်ခံလိုက်သည်။

အာဏာသားလူငယ်က အားလုံးကို စိုက်ကြည့်လိုက်ပြီး..

“ခင်ဗျားတို့ ဒီကနေထွက်သွားဖို့ မကြိုးစားပါနဲ့၊ ထွက်သွားတဲ့လူကိုတော့ လူသတ်သမားလို့ ကျုပ်သတ်မှတ်ရမှာပဲ၊ ကျုပ်အခု မြို့တော်ဝန်ဆီ သွားအကြောင်းကြားရမယ်”

ပြောပြောဆိုဆိုဖြင့် အာဏာသားလူငယ်သည် ချာခနဲလှည့်ကာခြေလှမ်းကျဲကျဲဖြင့် ထွက်ခွာသွားလေတော့သည်။

* * *

အာဏာသားလူငယ် ထွက်ခွာသွားပြီဖြစ်သည်။

စွန်ရဲ၊ ကျန်းစု၊ ခုံစိမ်းနှင့် ယိယုံတို့သည် ဧည့်ခန်းအတွင်း၌ထိုင်နေကြ၏။

သူတို့၏ရင်ထဲတွင် မကျေမနပ် ဖြစ်နေကြသည်။

တစ်ဦးနှင့်တစ်ဦးလည်း သင်္ကာမကင်းဖြစ်မိကြ၏။

ခုံစိမ်းက ယိယုံကို...

“ခင်ဗျားသတ်တာ မဟုတ်ဘူးဆိုတာ ကျုပ်ယုံတယ်၊ ဘာလို့လဲဆိုတော့ ခင်ဗျားရဲ့သီချင်းသံကို ကျုပ်က တကယ်ကြားခဲ့



ရလို့ပဲ၊ ပြီးတော့ စွန်ရဲဟာလည်း တကယ်ပဲ အိပ်ပျော်နေတာဖြစ်မယ်လို့ ကျုပ်ယုံတယ်”

ဟု လှမ်းပြောလိုက်၏။

ထိုစကားကြားသည့်အခါ ကျန်းစုမှာ မျက်နှာနီရဲသွားပြီး..

“ဘာလဲ..မင်းက ငါ့ကို လူသတ်သမားလို့ စွပ်စွဲတာပေါ့ဟုတ်လား”

ဟု ဒေါသတကြီး မေးလိုက်၏။

ခုံစိမ်းက ခေါင်းခါလိုက်ပြီး..

“မဟုတ်ဘူး၊ ကျုပ်စဉ်းစားမိတာကို ပြောတာ၊ ဒီတော့ခင်ဗျား တကယ်အိပ်ပျော်နေသလားဆိုတာရယ်၊ အာဏာသားကအဲဒီအချိန်မှာ ဘာလုပ်နေတယ်ဆိုတာရယ်ကို စဉ်းစားရမယ် မဟုတ်လား”

ယိယုံ မျက်မှောင်ကြုတ်သွားပြီး..

“အာဏာသား ဟုတ်လား၊ အာဏာသား”

ဟုရေရွတ်ယင်း အလန့်တကြား ထခုန်လိုက်သည်။

ထို့နောက် မျက်နှာတစ်ခုလုံး သွေးဆုတ်သကဲ့သို့ ဖြစ်သွားပြီး...

“ဟုတ်တယ်..ဘုရား..ဘုရား..ကျုပ် သူ့ကိုလုံးဝမေ့နေမိတယ်”

စွန်ရဲက ခေါင်းညိတ်လိုက်ပြီး....

“မေ့မှာပေါ့၊ ဘာလို့လဲဆိုတော့ သူက အာဏာသားကိုး၊ ကျုပ်တို့က သူ့ကို ဘယ်ထည့်စဉ်းစားမိမှာလဲ”

www.burmeseclassic.com

www.burmeseclassic.com



ခုံစိမ်းက...

"သူသာ လူသတ်သမားဆိုယင်"

"သွားပြီ..လွတ်သွားပြီ"

"ကျုပ်တို့ တစ်ယောက်အပေါ် တစ်ယောက် မယုံသင်္ကာဖြစ်ခဲ့ကြလို့ပဲ"

တစ်ယောက်တစ်ပေါက် ပြောဆိုသံများ ဆူညံစွာ ထွက်ပေါ်လာသည်။

ထို့အတူ အားလုံး ခြေမကိုင်မိလက်မကိုင်မိ ဖြစ်ကုန်ကြလေသည်။

* * *

ဂူတန်ခားသမားပုဝီးနှင့် အာဏာသားလုံခွမ်းတို့သည် ကုန်သည်ချိန်၏ဂေဟာသို့ ရောက်ရှိလာ၏။

ထိုအခါ ဂေဟာမှထွက်လာကြသော စွန်ရဲတို့လူစုနှင့် တွေ့ဆုံမိကြသည်။

စွန်ရဲတို့က အဖြစ်အပျက်ကို ရှင်းပြလိုက်သည်။

လုံခွမ်းမှာ မကျေမချမ်းဖြင့် တောက်ခေါက်လိုက်သည်။

"တောက်..လက်ဦးသွားပြန်ပြီ"

ဂူတန်ခားသမားသည်...

"ကျုပ်တို့ သူ့ကိုအမိမဖမ်းနိုင်ယင် လူသတ်မှုတွေ ထပ်ဖြစ်လာဦးမှာပဲ"



ဟုပြောလိုက်၏။

လုံခွမ်းက ခေါင်းညိတ်ယင်း...

"ဟုတ်တယ်၊ ကျုပ် ထင်းလင်းဆီကိုသွားမယ် သူနဲ့အတူ လူသတ်သမားကို မရရအောင်ရှာတော့မယ်"

ပုဝီးသည် ရန်သူလက်ဦးသွားခြင်းကြောင့် အတော်ပင် မခံချိမခံသာဖြစ်နေသည်။

"နောက်ထပ် သတင်းရယင် ချက်ချင်း အကြောင်းကြားမယ်၊ လူကိုယ်တိုင်မလာဘဲ တစ်ယောက်ယောက်လွှတ်မယ်၊ ဘာလို့လဲဆိုတော့ ဂူတန်ခားသမား အချိန်မီရောက်မလာနိုင်တဲ့အတွက် လူသတ်သမားဟာ အာဏာသားအယောင်ဆောင်သွားနိုင်တာပဲ"

လုံခွမ်းက ခေါင်းခါယမ်းလိုက်သည်။

"ဒီလိုပြောလို့မရသေးဘူးလေ၊ ကျုပ်အနေနဲ့ အာဏာသားမလွှတ်ပေမယ့် ဒီမြို့က အာဏာသားအစစ်ဖြစ်နေယင်ကောဗျ"

ထိုစကားကြားသည့်အခါ ပုဝီး၏မျက်လုံးများ အရောင်တောက်သွား၏။

ချက်ချင်းပင် အပြင်သို့ ပြေးထွက်သွားလေတော့သည်။

ထမင်းတစ်အိုးကျက်မျှ အကြာတွင် ပုဝီးပြန်လည်ရောက်လာ၏။

"အာဏာသားဟာ လူသတ်သမားပဲ၊ ဒီမြို့မှာ အာဏာသားသုံးယောက်ရှိတယ်၊ သူတို့ကိုလည်း အခုခေါ်လာတယ်၊ ဒီက လူတွေက အာဏာသားကိုမြင်ယင် မှတ်မိမှာပေါ့"

ပုဝီးနှင့်အတူ အာဏာသားသုံးယောက် လိုက်ပါလာ၏။

www.burmeseclassic.com

www.burmeseclassic.com



ဂေဟာထဲရှိ စွန်ရဲတို့လူစုသည် ပုစီးနှင့်လိုက်ပါလာသည့် အာဏာသားများကို လှမ်းကြည့်လိုက်ကြသည်။

အသက်အရွယ်ကြီးရင့်သော အမှုထမ်းများသာဖြစ်နေသည်ကို တွေ့ရသည်။

ဤမြို့တွင် လူငယ်အာဏာသား လုံးဝမရှိကြောင်း သိရသည်။

ထို့ပြင် အာဏာသားများကလည်း မိမိတို့အား ကုန်သည်ချိန်ကို စောင့်ရှောက်ရန် မည်သူကမျှ တာဝန်ပေးအပ်ခဲ့ခြင်းမရှိကြောင်း ပြောပြသည်။

စွန်ရဲတို့လူစုမှာ ကျောချမှစားပြမှန်းသိကြရပေတော့သည်။

တရားခံသည် သူတို့အား ပိပိရိရိလှည့်စားသွားခဲ့ချေပြီတကား။

* * *

သေးငယ်သော ပန်းဥယျဉ်ကလေးတစ်ခုအတွင်း၌ လှပသောရောင်စုံပန်းများ ဖူးပွင့်နေသည်။

ပန်းဥယျာဉ်အလယ်တွင် သုံးပေခန့်သာကျယ်ဝန်းသော လူသွားလမ်းကလေးရှိ၏။

ထိုလူသွားလမ်းကလေးအဆုံးတွင် သစ်သားဖြင့် ဆောက်လုပ်ထားသော အိမ်ကလေးတစ်လုံး တည်ရှိနေသည်။

ထိုအိမ်ကလေးမှာ သေးငယ်သော်လည်း လှပသေသပ်စွာ



ဆောက်လုပ်ထားသဖြင့် နေချင်စဖွယ်ကောင်းလှ၏။

ထိုအိမ်ကလေး၏တစ်ခုသော ပြတင်းဝတွင် အမျိုးသမီးတစ်ဦး ရပ်လျက်ရှိသည်။

သူမသည် ပြတင်းဝမှတဆင့် အပြင်သို့ ငေးကြည့်နေ၏။

ထိုအမျိုးသမီးမှာ အသက်ငါးဆယ်ခန့်မျှ ရှိပြီဖြစ်သော်လည်း သုံးဆယ်ကျော်ဟု ထင်ရလောက်အောင် အရွယ်တင်နုပျိုလေသည်။

အမျိုးသမီးကြီး၏ နက်မှောင်သောဆံကေသာမှာ ခါးလယ်အထိ ရှည်လျားပြီး လေတွင်လွင့်ဝဲနေ၏။

သူမသည် ပြတင်းပေါက်မှ အပြင်သို့ငေးကြည့်ယင်း တွေးတောနေသည်။

"သခင်မ"

နောက်ဘက်မှ ထွက်ပေါ်လာသောခေါ်သံကြောင့် အမျိုးသမီးကြီးသည် နောက်သို့လှည့်ကြည့်လိုက်၏။

သူမ၏နောက်တွင် ဒူးထောက်နေသည့် အသက်နှစ်ဆယ်ကျော်ရှိ မိန်းကလေးကိုမြင်သည့်အခါ အမျိုးသမီးကြီးက မေးလိုက်သည်။

"စုစု..ညည်းပြန်ရောက်လာပြီလား"

စုစုဆိုသည့် မိန်းကလေးက ခေါင်းညိတ်ယင်း...

"ဟုတ်ကဲ့ အခု သိုင်းလောကရဲ့သတင်းတွေကြောင့် ကျွန်မပြန်လာခဲ့တာပါ သခင်မ"

စုစု၏စကားကြောင့် အမျိုးသမီး သက်ပြင်းချလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ငါ သိုင်းလောကအကြောင်း ဘာကိုမှ မကြားချင်တော့ဘူး"

"ဒီသတင်းတော့ သခင်မ မကြားချင်လို့ မဖြစ်ဘူး"

ထိုစကားကြောင့် အမျိုးသမီးကြီးမှာ ပို၍မျက်မှောင်ကြုတ်သွားသည်။

"ဘာသတင်းများလဲ"

စုစုက...

"အခု သိုင်းလောကမှာ လူသတ်မှုတွေ ဆက်တိုက်ဆိုသလိုထပ်ပြီးဖြစ်နေတယ်"

"အဲဒါ ငါနဲ့ဘာဆိုင်လို့လဲ"

"သိုင်းလောကသားအားလုံးကတော့ လူသတ်တရားခံဟာ အမုန်းမိစ္ဆာလို့ ပြောနေကြတယ်၊ ပြီးတော့ ဒီတစ်ကြိမ်တော့ သခင်မကို မတွေ့မချင်း လိုက်ရှာကြတော့မယ်တဲ့"

"ဘာ"

အမျိုးသမီးကြီး၏အသံ ဟိန်းထွက်လာ၏။

"ငါ့နာမည်ကို ဘယ်သူက အသုံးချနေပါလိမ့်"

အမျိုးသမီး၏မျက်လုံးအစုံသည်လည်း ဒေါသကြောင့် ဝင်းဝင်းတောက်နေ၏။

သူမက စုစုအား စိုက်ကြည့်လိုက်ပြီး...

"ညည်း ဘာစုံစမ်းလို့ရခဲ့သလဲ၊ ဘယ်သူက ငါ့နာမည်ကို အလွဲသုံးစားလုပ်နေတာလဲ"

ဟုမေးလိုက်၏။



စုစုက....

"ကျွန်မ လက်လှမ်းမီသလောက် စုံစမ်းပါသေးတယ်၊ ဒါပေမယ့် လူသတ်သမားကို ခုထိမသိသေးပါဘူး၊ ကျွန်မ တစ်ခုစဉ်းစားမိတာတော့ရှိတယ်၊ သခင်မ ဒီမြို့ကြီးထဲမှာ အေးအေးဆေးဆေး နေမယ်လို့ ဘယ်သူမှ တွက်ဆမိကြမှာမဟုတ်ဘူး၊ ရှာလို့လည်းတွေ့မှာမဟုတ်ဘူး၊ ဒါကြောင့် သခင်မထွက်လာအောင် လုပ်တာလို့ ထင်ပါတယ်"

စုစုက သူမ၏ယူဆချက်ကို ပြောပြလိုက်သည်

အမှန်တော့ ထိုအမျိုးသမီးကြီးမှာ အမုန်းမိစ္ဆာပင်ဖြစ်ပါသည်။

အမုန်းမိစ္ဆာ သက်ပြင်းချလိုက်သည်။

"အင်း..ညည်းပြောတာလဲ ဖြစ်နိုင်တာပဲ၊ ဒါပေမယ့် ငါမထွက်ယင် လူသတ်သမားကိုတွေ့မှာ မဟုတ်ဘူး၊ ငါ့ကို မတွေ့မချင်း သူကလည်း ငါထွက်လာအောင် လူသတ်နေဦးမှာပဲ၊ အဲဒီလိုသာ ဆက်ဖြစ်နေယင်.."

အမုန်းမိစ္ဆာသည် စကားကို မဆက်ဘဲ တစ်ပိုင်းတစ်စဖြင့် ရပ်လိုက်၏။

သူမ၏အာရုံထဲတွင် ဓာမဏီသိုင်းသမားထင်းကျူးလွေ၏ မျက်နှာကို ပြန်လည်မြင်ယောင်လာသည်။

ရင်ထဲ၌လည်း စစ်ခနဲ နာကျင်လာမိသည်။

"ထင်းကျူးလွေ...ရှင်မသေသေးဘူးလား၊ ရှင် ကျွန်မကို လိုက်ရှာနေတာလား၊ ရှင်သာဆိုယင် ကျွန်မပြန်ပြီး အသေခံနိုင်ပါ

www.burmeseclassic.com

www.burmeseclassic.com



တယ်၊ ရှင် ကျွန်မမေတ္တာကို အခုထိ နားမလည်တာတော့ ကျွန်မ သိပ်စိတ်ထိခိုက်တယ်ရှင့်"

အမုန်းမိစ္ဆာ၏နှုတ်မှ တီးတိုးရေရွတ်သည်။

စုစုမှာ မျက်ရည်များဝဲနေသော ဘုမ၏သခင်မကို ကြင်နာစွာငေးကြည့်နေမိသည်။

အမုန်းမိစ္ဆာသည် တစ်စုံတစ်ရာ ဆုံးဖြတ်ချက်ချလိုက်ဟန်ဖြင့် စုစုအားကြည့်ကာ တီးတိုးပြောလိုက်လေတော့သည်။

* * *

လုံ့ခွမ်း..။

ယခု လုံ့ခွမ်းသည် ထင်းလင်း၏အိမ်ထဲသို့ ရောက်နေပြီဖြစ်ပေသည်။

အိမ်ထဲတွင် မုရသေ့လည်း ရှိနေသည်။

"ဒီအတိုင်းဆို အမုန်းမိစ္ဆာ ပြန်ပါလာပြီပေါ့"

လုခွမ်းက ကုန်သည်ချိန်နှင့် ပိုက်ဟိုတို့လုပ်ကြံခံရပုံကို ပြန်လည်ပြောပြအပြီး၌ ထင်းလင်းက မှတ်ချက်ချလိုက်ခြင်း ဖြစ်သည်။

မုရသေ့ကလည်း..

"ဒီတစ်ခါ သူတစ်ယောက်တည်းမဟုတ်နိုင်ဘူး၊ သူ့မှာအဖော်ပါနေပြီ"

ဟု ဝင်ပြောလိုက်၏။

လုံ့ခွမ်းက စိတ်ပျက်စွာ သက်ပြင်းချလိုက်သည်။



ထင်းလင်းက...

"အခု နောက်ထပ် ဘာထူးခြားသေးသလဲ"

ဟုမေးလိုက်သည်။

လုံ့ခွမ်းက ဖိတ်စာတစ်စောင်ကို ဆွဲထုတ်ပေးလိုက်သည်။

"ကျုံးလုယန်..

သင့်အသက်အား နှစ်ရက်နေ့တွင်ယူမည်။"

ဟုရေးသားထားသည်ကို တွေ့ရ၏။

"ကျုံးလုယန်...ကျုံးလုယန်"

မုရသေ့က ဖိတ်စာကို ယူဖတ်ယင်း နှုတ်မှတီးတိုးရေရွတ်လိုက်သည်။

"ကျုံးလုယန်ဆိုတာ ဘယ်သူလဲ"

ထင်းလင်းက လှမ်းမေးလိုက်ခြင်းဖြစ်သည်။

"အရင်တုန်းကတော့ နေပြည်တော်က မှူးမတ်တစ်ယောက်ပါပဲ၊ အခုတော့ အငြိမ်းစားယူပြီး သူဟာ သိုင်းလောကနဲ့ ဘယ်လိုမှပတ်သက်မှု မရှိတော့ဘူး"

"ဒါဆိုယင် အမုန်းမိစ္ဆာဟာ ဘာရည်ရွယ်ချက်နဲ့ လူသတ်နေတာလဲ"

ထင်းလင်းက မျက်မှောင်ကြုတ်၍စဉ်းစားယင်း မေးလိုက်သည်။

လုံ့ခွမ်းက ပါးစပ်ပိတ်ထားလိုက်၏။

သူကိုယ်တိုင်လည်း ထိုအဖြေကို သိချင်နေသည် မဟုတ်ပါလား။

www.burmeseclassic.com

www.burmeseclassic.com



မုရသေ့က…

"ဒီနေ့က စတွက်ယင် ငါးရက်အချိန်ရှိသေးတယ်၊ တို့သွားကြမယ်၊ ထင်းလင်း မင်းရဲ့သိုင်းပညာကို လမ်းမှာပဲ လေ့ကျင့်တော့ ကျေညက်ဖို့ပဲ လိုတော့တာ မဟုတ်လား"

လုံခွမ်းက…

"ဟုတ်တယ်၊ ခင်ဗျားတို့ အဲဒီကို အမြန်ဆုံးသွားပြီးတော့ ကျုံးလုယန်ကို စောင့်ရှောက်ပါ"

ထင်းလင်း မျက်မှောင်ကြုတ်သွားသည်။

လုံခွမ်းကို ကြည့်ကာ…

"ခင်ဗျားကကော"

"ငါလည်း ရှိမှာပါ၊ ဒါပေမယ့် ငါအပြင်မှာပဲ ရှိမယ်၊ လိုအပ်တာနဲ့ ငါရောက်လာမှာပါ"

ဟုပြန်ပြောလိုက်လေသည်။

ထင်းလင်း ခေါင်းညိတ်လိုက်၏။

"ကောင်းပြီ..ကျုပ်တို့ ဒီနေ့ပဲ သွားကြမယ်"

တောလမ်းကျဉ်းလေး တစ်ခုပေါ်တွင် လူနှစ်ယောက် လမ်းလျှောက်လာနေကြသည်။

ထိုလူနှစ်ဦးမှာ ထင်းလင်းနှင့် မုရသေ့တို့ပင်ဖြစ်သည်။

အတော်ကလေး ခရီးပေါက်မိသောအခါ ထင်းလင်းသည် ရှေ့သို့လျှောက်နေယင်းမှ ရုတ်တရက် ခြေလှမ်းရပ်လိုက်သည်။

သူ၏ရင်ထဲ၌ အန္တရာယ်၏အငွေ့အသက်ကို အလိုအလျောက်ခံစားလာရသောကြောင့် ဖြစ်သည်။



ထင်းလင်း ရုတ်တရက် ရပ်သွားသည့်အတွက် မုရသေ့လည်း ရပ်တန့်လိုက်သည်။

ထို့နောက် ထင်းလင်းဘက်သို့ လှည့်ကြည့်လိုက်၏။

ထင်းလင်းသည် လမ်းနံဘေးချုံနွယ်များဆီသို့ အကဲခတ်ကြည့်နေသည်။

မုရသေ့ စိတ်ဝင်စားသွားပြီး ထင်းလင်းကြည့်ရာ ချုံနွယ်များဆီသို့ လိုက်ကြည့်သည်။

ထိုစဉ်..

ချုံနွယ်တစ်ခု လှုပ်ရှားသွားပြီး လူတစ်ယောက် ထွက်လာသည်ကို တွေ့လိုက်ရသည်။

ထိုလူမှာ အနက်ရောင်ဝတ်စုံကို ဝတ်ဆင်ထားပြီး မျက်နှာကို အနက်ရောင်ပဝါဖြင့် မျက်လုံးတစ်ခုသာချန်လှပ်ကာ စည်းနှောင်ထားသည်ကို တွေ့လိုက်ရသည်။

ထိုလူ၏လက်ထဲတွင် လှံရှည်တစ်ချောင်း ကိုင်ဆောင်ထားလေသည်။

ထိုလူသည် ချုံကြားမှထွက်လာသည်နှင့် တဖြိုင်နက် ဘာမှပြောဆိုခြင်းမပြုဘဲ ထင်းလင်းကို ရုတ်တရက် ဝင်ရောက်တိုက်ခိုက်လိုက်လေသည်။

ထင်းလင်းမှာ ထိတ်လန့်သွားပြီး ကပျာကယာ ရှောင်တိမ်းလိုက်ရ၏။

နှုတ်မှလည်း..

"မင်း ဘယ်သူလဲ"

www.burmeseclassic.com

www.burmeseclassic.com



အလောတကြီးလေသံဖြင့် လှမ်းမေးလိုက်သည်။

ဝတ်စုံနက်နှင့်လူက လုံးဝအဖြေမပေးခြင်း မရှိပေ။

လှံ့ရှည်ကိုသာ ဝေ့ယမ်းယင်း တရကြမ်းတိုက်ခိုက်နေလေသည်။

ထင်းလင်းမှာ ရှောင်တိမ်းယင်း ပြန်လည်တိုက်ခိုက်နေလေသည်။

လှံ့ရှည်သမားကလည်း ထင်းလင်းအား မြေပေါ်သို့ လဲကျစေနိုင်သော တိုက်ကွက်များဖြင့်သာ တိုက်ခိုက်ခြင်း ဖြစ်ပေသည်။

ရက်စက်ကြမ်းကြုတ်လှ၏။

ထင်းလင်းမှာ စိတ်တိုလာရတော့သည်။

ရှောင်တိမ်းနေရုံသက်သက်ဖြင့် မဖြစ်နိုင်တော့ကြောင်း နားလည်လာသည်။

ထို့ကြောင့် လှံ့ရှည်သမားကို တရကြမ်း ပြန်လည်ခုခံတိုက်ခိုက်လိုက်လေသည်။

* * *



ထင်းလင်းနှင့်လှံ့ရှည်သမားတို့၏တိုက်ပွဲသည် တစ်စထက်တစ်စ ပို၍ပြင်းထန်လာသည်။

မုရသေ့သည် သူတို့နှစ်ဦး၏တိုက်ပွဲကို နံဘေးမှနေ၍ အခြေအနေကို အကဲခတ်နေ၏။

လှံ့ရှည်ကိုင်သူ၏သိုင်းကွက်များမှာ စုံလင်လှပေသည်။

တချို့သိုင်းကွက်များကို သူသိသော်လည်း တချို့သိုင်းကွက်များကို သူမသိပါ။

ထို့ကြောင့် မုရသေ့သည် မျက်မှောင်ကြုတ်၍စဉ်းစားကြည့်၏။

ထင်းလင်းမှာ တိုက်ခိုက်နေယင်း ရင်ထဲ၌ လှုပ်ရှားသွား၏။

တချို့တိုက်ကွက်များသည် မိမိနှင့် ရင်းနှီးကျွမ်းဝင်သူ ဖြစ်ကြောင်း ထင်ရှားနေပေပြီ။ မည်သူနည်း။

ထင်းလင်းသည် ထိုလူအား ကြည့်လိုက်၏။

ထိုလူနှင့် အကြည့်ချင်းဆုံမိသောအခါ...

ထင်းလင်း၏ရင်ထဲ၌ ပို၍လှုပ်ရှားသွားရလေသည်။

ထိုသူ၏မျက်နှာကို မမြင်တွေ့ရသော်လည်း ထိုသူ မည်သူဖြစ်ကြောင်း ထင်းလင်း ခန့်မှန်းသိရှိနိုင်ခဲ့ပြီဖြစ်သည်။

ထင်းလင်းသည် တိုက်ခိုက်နေရာမှ နောက်သို့ခြေနှစ်လှမ်း မှုဆုတ်လိုက်၏။

ထို့နောက် ဝတ်စုံနက်နှင့်လူကို စိုက်ကြည့်ပြီး..

"မင်း ငါ့ကို ဒီလောက်တောင် မုန်းနေရသလား"

ထင်းလင်း၏လေသံသည် စိတ်ထိခိုက်မှုကြောင့် သိုင်္ငှ

www.burmeseclassic.com

www.burmeseclassic.com



အက်ကွဲနေသည်။

ထင်းလင်းက ဆက်ပြောလိုက်သည်။

"ငါ မင်းကို ဘာမှပြန်မပြောတော့ပါဘူး၊ မင်း ငါ့ကိုသတ်ချင်ယင် သတ်လိုက်ပါ၊ မင်းပေးတဲ့လက်ဆောင်ကို ငါ့ကိုယ်ပေါ်မှာ ထာဝရဝတ်ဆင်ထားတယ်၊ မင်းကိုလည်း ငါ အမြဲသတိရနေတယ်၊ မင်းအပေါ် ငါမကောင်းတာ ဘာများလုပ်မိခဲ့လို့လဲ၊ မင်း ငါ့ကို တကယ်သတ်ရက်တယ်ဆိုယင် သတ်လိုက်ပါ"

ထင်းလင်းက ပြောယင်း ရင်ကော့ပေးလိုက်သည်။

ဝတ်စုံနက်နှင့်လူ ငိုင်ကျသွားလေသည်။

လက်ထဲမှ လှံရှည်လည်း အောက်သို့စိုက်ကျသွား၏။

သို့သော် ရုတ်တရက် လက်မြောက်တက်လာပြီး လှံကိုပစ်လွှင့်လိုက်သည်။

ထင်းလင်းမရှောင်ပါ။

မလှုပ်မယှက် ရပ်နေသည်။

လှံတံကလည်း သူ့ထံသို့ ရောက်မလာပါ။

သူရပ်နေသောနေရာ၏ နောက်ဘက်မှ သစ်ပင်တစ်ပင်သို့ စိုက်ဝင်သွား၏။

ဝတ်စုံနက်နှင့်လူသည် ချက်ချင်းပင် ချာခနဲလှည့်ကာ တောအုပ်ထဲသို့ ပြန်လည် ပြေးဝင်သွားလေသည်။

* * *



ထင်းလင်းသည် ဝတ်စုံနက်နှင့်လူ ပြေးဝင်သွားရာသို့ငေးကြည့်နေလေသည်။

အခြေအနေ အကဲခတ်ကြည့်နေသော မုရသေ့သည် မင်သက်မိနေရာမှ သတိပြန်ဝင်လာ၏။

"တော်တော်ကြောက်စရာကောင်းတဲ့လူပဲ၊ သူက ဘာလို့ဆက်ပြီး မတိုက်ခိုက်တော့တာလဲ"

ထင်းလင်းက ပြန်မဖြေပါ။

မလှုပ်မယှက်ပင် ငေးငိုင်တွေဝေနေဆဲဖြစ်သည်။

မုရသေ့က ဆက်မေးလိုက်၏။

"သူဟာ သိုင်းကွက်အစုံတတ်ထားတယ်ကွ၊ ဒါပေမယ့် အတွင်းအားအနေနဲ့ကတော့ အတော့်ကို နုနယ်သေးတယ်၊ သူအခု ပြေးထွက်သွားတာဟာ ငါ့အထင်တော့ မင်းကိုဆက်ပြီးတိုက် ခိုက်လည်း မနိုင်ဘူးဆိုတာသိလို့ ဖြစ်ရမယ်"

ထင်းလင်းက ခေါင်းခါယမ်းပြလိုက်သည်။

"မဟုတ်ပါဘူး"

မုရသေ့ မျက်မှောင်ကြုတ်သွား၏။

"ဒါဆို ဘာကြောင့်လဲ၊ ဒီလူဘယ်သူလဲ၊ မင်းသူ့ကိုကောင်းကောင်းသိမယ်ထင်တယ်"

ထင်းလင်း ခေါင်းညိတ်လိုက်သည်။

"သူ့ကို ခင်ဗျားလည်း သိပါတယ်"

ထင်းလင်း၏စကားကြောင့် မုရသေ့အံ့ဩသွားရလေသည်။

"ငါလည်း သိတယ် ဟုတ်လား"

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်"

"ငါတော့ စဉ်းစားလို့မရဘူး၊ ကဲ မင်းပဲပြောစမ်းပါ၊ သူက ဘယ်သူလဲ၊ ဘာလို့ မင်းကို တိုက်ခိုက်ရတာလဲ"

ထင်းလင်းသည် စိတ်မသက်မသာဖြင့် သက်ပြင်းချလိုက်သည်။

ပြီးနောက် နှမ်းလျသောလေသံဖြင့်...

"သူဟာ နတ်မိမယ်ကြျူးယွင်ဆိုတဲ့ မိန်းကလေးပါ"

မုရသေ့က ပခုံးတွန့်လိုက်သည်။

"အင်း..ဒီကလေးမကလည်း ရန်ငြိုးမပြေနိုင်ပါလား"

"သူ စိတ်ထိခိုက်နေလို့ပါ၊ တစ်နေ့ ကျွန်တော့်အပေါ် အမြင်ကြည်လင်လာပါစေလို့ ဆုတောင်းရမှာပဲ"

ထင်းလင်းက ခပ်ယွဲ့ယွဲ့လေသံဖြင့်ပြောယင်း ဆက်လက်ထွက်ခွာသွား၏။

မုရသေ့လည်း ဘာမှဆက်မပြောတော့ဘဲ တိတ်ဆိတ်စွာပင်နောက်မှ လိုက်ပါသွားလေတော့သည်။

* * *

## လှည့်ကွက်

ကျုံးလုယန်သည် ခေါက်တုန့်ခေါက်ပြန် လမ်းလျှောက်နေသည်။

သူ၏ခန္ဓာကိုယ် လှုပ်ရှားနေသလို သူ၏အတွေးများသည်လည်း ဟိုသည်ရွေ့ရှား ယောက်ယက်ခတ်နေပေသည်။

သူသည် သိုင်းလောကသားတစ်ဦး မဟုတ်ပါ။

ထို့အပြင် နာမည်ကျော်ကြားသူ တစ်ဦးလည်းမဟုတ်ပါ။

သူသည် ဘုရင့်အမှုထမ်းဟောင်းတစ်ဦးသာ ဖြစ်၏။

မည်သူနှင့်မျှ ရန်ငြိုးမရှိခဲ့ပါချေ။

မင်းမှုထမ်းစဉ် ကာလတလျှောက်လုံး၌လည်း သူသည် မတရားမှုတစ်ခုမျှ လုပ်ကိုင်ခဲ့ဖူးခြင်းမရှိပေ။

www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့်…

ရန်ငြိုးဖွဲ့လောက်စရာမရှိသလို မလိုမုန်းထားမှုလည်း ရှိနိုင်မည်မဟုတ်ဟု ယူဆခဲ့၏။

ယခုမူ အမုန်းမိတ္တာအမည်ဖြင့် သူ့အားလုပ်ကြံရန် ဖိတ်စာပေးပို့ခဲ့ပြီဖြစ်သည်။

သူသည် အမုန်းမိတ္တာကို မသိပါ။

အမည်ကိုလည်း တစ်ခါမျှ မကြားဖူးပါ။

ဖိတ်စာရစဉ်က သူ့အား မိတ်ဆွေတစ်ယောက်ယောက်က ကျီစယ်ခြင်းသာ ဖြစ်မည်ဟု ထင်မှတ်မိခဲ့သေးသည်

သို့သော်…

သူ၏တပည့်ကလေးမှာ စပ်စုသူတစ်ယောက်ပီပီ ထိုဖိတ်စာကို မည်သူကပေးပို့ကြောင်း စုံစမ်းရာမှ အလွန်ကြောက်မယ်ဖွယ်ကောင်းသော သေမင်းဖိတ်စာတစ်ခုဖြစ်ကြောင်း သိခဲ့ရလေသည်။

ထိုအခါမှ ယင်းတပည့်သည် အကြီးအကျယ် ထိတ်လန့်တုန်လှုပ်ကာ သခင်ဖြစ်သူကျုံးလုယန်ကို ပြန်လည်ပြောပြခဲ့သည်။

သို့တိုင်အောင် သူ၏သခင် ကျုံးလုယန်သည် လုံးဝယုံကြည်နိုင်ခြင်းမရှိခဲ့ပေ။

ထိတ်လန့်ကြောက်ရွံ့ခြင်းမရှိသည့်အပြင် ဟားတိုက်၍ပင် ရယ်မောခဲ့၏။

နောက်ဆုံး သံမဏိအာဏားသားလုံခွမ်းကိုယ်တိုင် ရောက်လာသည့်အခါမှ မယုံတစ်ဝက်ယုံတစ်ဝက်ဖြင့် လက်ခံလိုက်ရ၏။



ထို့အတူ…

ဂုတာန်စားသမား ပုဝီး၊ ထင်းလင်း၊ မုရသေ့စသော သိုင်းသမားအကျော်အမော်များသည်လည်း ထိုသတင်းကို ကြားသိရသဖြင့် ကျုံးလုယန်ကို စောင့်ရှောက်ရန် အလျှိုအလျှို ရောက်ရှိလာကြလေသည်။

ထိုအဖြစ်ကြောင့် ကျုံးလုယန်မှာ ရယ်ချင်လာ၏။

သူမင်းမှုထမ်းအဖြစ်နှင့် ရှိစဉ်ကပင် သူ့အားမည်သူကမျှ စောင့်ရှောက်ခဲ့ခြင်း မရှိခဲ့ပေ။

ယခုမူ မင်းမှုထမ်းဘဝမှ အနားယူကာ ငြိမ်းချမ်းစွာဖြင့် အေးအေးလူလူ နေထိုင်သည့်အခါမှ အစောင့်အရှောက်များ ရောက်ရှိလာကြပေသည်။

လောကကြီးသည် အဘယ်မျှ ရယ်စရာကောင်းပါသနည်း။

သို့သော်…

တော်သေးသည်။ ထိုအစောင့်အရှောက်များသည် ကိုယ့်ရိက္ခာကိုယ်စားကာ လာရောက်စောင့်ရှောက်ကြခြင်းဖြစ်ပေသည်။

သို့မဟုတ်ပါက စားရိတ်ထောင်းပြီး နေ့ချင်းညချင်း လှူမွဲဘဝရောက်ရှိသွားပေလိမ့်မည်။

လဆန်းနှစ်ရက်နေ့…။

သာမန်နေ့များကဲ့သို့ပင်ဖြစ်၏။

သို့သော်…

ထင်းလင်းတို့လူစုမှာမူ စိတ်လှုပ်ရှားလျက် ရှိနေပေသည်။

အရာရာကို သတိထားပြီး နေကြရ၏။

www.burmeseclassic.com

www.burmeseclassic.com



အကြောင်းမှာ ကျုံးလုယန်ထံသို့ ပေးပို့သော ဖိတ်စာရက်ချိန်း ပြည့်မြောက်သောနေ့ ဖြစ်သောကြောင့်ပင်တည်း။

ကျုံးလုယန်သည် သတိဝီရိယဖြင့် စောင့်ကြပ်နေသောလူတစ်စုကိုကြည့်ယင်း စိတ်မောလာသည်။

သူ့အနေနှင့် အသက်ကြီးနေပြီဖြစ်သည်။

သူ့အား တကယ်သတ်မည်ဆိုလျှင်လည်း သူမကြောက်ပါ။

ထိုအသက်အရွယ်တိုင်အောင် လူ့လောက၌ နေခဲ့ရပြီဖြစ်၍ သေပျော်ပြီဟု ယုံကြည်မိ၏။

သို့ရာတွင် အာဏာသားလုံခွမ်း၏စကားကို ဖယ်ရှားရန် မသင့်သဖြင့် မိမိအား စောင့်ရှောက်သည်ကို လက်ခံထားရခြင်းဖြစ်ပေသည်။

သူ့အတွက် အပင်ပန်းခံနေမှုကို လုံးဝမလိုလားပါ။

ထို့အတူ မိမိ၏ခြိုးခြံချွေတာနေရသော အခြေအနေကြောင့် ထိုလူစုအား ကောင်းမွန်စွာ ဧည့်မခံနိုင်ခြင်းကို အားနာနေမိလေသည်။

ယနေ့အဖို့ သူအပြင်ထွက် လမ်းလျှောက်ချင်သည်။

သို့သော်...

သူ့အား မည်သူကမျှ လမ်းလျှောက်ခွင့်မပေးကြပါ။

ယနေ့သည် အရေးကြီးဆုံးဟု ပြောနေကြ၏။

ထို့ကြောင့်...

သူသည် စိတ်ပျက်လက်ပျက်ဖြင့် အခန်းထဲဝင်ကာ စာဖတ်နေလိုက်လေသည်။



ဤသည်ပင် အေးချမ်းမှုမရှိပေ။

သူ့အား စောင့်ကြည့်နေသူများသည် သေးငယ်သော အိမ်ကလေး၏တစ်ခုတည်းသော အခန်းကို အပြင်မှ ပတ်ချာလည် ဝိုင်းရံထားလျှက်ရှိလေသည်။

* * *

ည...။

ညအမှောင်သည် ပတ်ဝန်းကျင်တစ်ခုလုံးကို လွှမ်းမိုးစပြုလာသည်။

တိတ်ဆိတ်ငြိမ်သက်မှုက ချောက်ချားဖွယ်ဖြစ်သည်။

သို့သော်...

ထင်းလင်းတို့လူစုမှာ ပို၍တက်ကြွလာကြသည်။

အမုန်းမိစ္ဆာ၏အကြံအစည်သည် ယခုတစ်ကြိမ်၌ အောင်မြင်နိုင်မည်မဟုတ်ဟု သူတို့အားလုံး ယုံကြည်ထားကြလေသည်။

သူတို့လေးဦး၏ သိုင်းပညာအရ မည်မျှတော်သည့်သိုင်းသမားဖြစ်စေကာမူ သူတို့လက်မှလွတ်အောင် ပြေးနိုင်မည်မဟုတ်ဟု ယုံကြည်မိ၏။

ယင်းသို့ ယုံကြည်သည့်အလျောက် သူတို့သည် အမုန်းမိစ္ဆာကိုသာ မျှော်လင့်နေမိလေသည်။

မည်သည့်အချိန်တွင် အမုန်းမိစ္ဆာရောက်လာပါမည်နည်း။

သူမ ချိန်းဆိုထားချက်အရ ယနေ့ညသန်းခေါင်ကျော်မီ

www.burmeseclassic.com

www.burmeseclassic.com



ရောက်ရှိလာမည်ဟု မျှော်လင့်ရ၏။

ထင်းလင်းက အားလုံးကိုသတိဝီရိယရှိရာ ဆော်ဩသည်။

"အားလုံး သတိရှိကြနော်၊ အမုန်းမိစ္ဆာလာယင် မလွှတ်စေနဲ့"

"စိတ်ချ..တို့လက်ထဲကနေ တို့မသိအောင် လုပ်ကြံသွားတာ မနည်းတော့ဘူး၊ သည်တစ်ကြိမ်တော့ မလွတ်စေရဘူး"

ပုဝီးက ခံပြင်းသံဖြင့် ကြုံးဝါးလိုက်၏။

ဂူတန်ခါးသမားကလည်း..

"ဟုတ်တယ် ငါလည်းရှက်လှပြီ၊ လူရိပ်ကလေးမြင်ရတောင် ကျေနပ်ပါသေးတယ်၊ အခုတော့.."

"ဘာမှမပူနဲ့၊ အဲဒါ ငါတို့မပါလို့"

မုရသေ့က ကြားဖြတ်၍ဝင့်ကြွားစွာ ပြောသည်။

ဂူတန်ခါးသမားနှာခေါင်းရှုံ့ပြလိုက်၏။

ထိုစဉ် အိပ်ခန်းတွင်းမှ....

"ဝုန်း"

ဟူသောအသံကို ကြားလိုက်ရလေသည်။

ရုတ်ခြည်းပင် သူတို့အားလုံး ဆတ်ခနဲ ခုန်ထလိုက်မိကြလေသည်။

ထို့နောက်...

အိမ်တစ်အိမ်လုံး ပိတ်ဆို့ထားလိုက်ကြသည်။

ထင်းလင်းက အိမ်အပြင်သို့ ခုန်ထွက်ကာ ရန်သူကိုကြည့်သည်။



ညအမှောင်ကို အကာအကွယ်ပြု၍ လူရိပ်တစ်ရိပ်ပြေးသွားသည်ကို တွေ့လိုက်ရလေသည်။

ချက်ချင်းပင် ထင်းလင်းလည်း ကိုယ်ဖော့ပညာကို အသုံးပြုလျှက် ထိုလူရိပ်နောက်သို့ ပြေးလိုက်သွားလေသည်။

* * *

ဂူတန်ခါးသမားတို့မှာ အခန်းထဲသို့ ခုန်ဝင်လိုက်ကြသည်။

အခန်းထဲတွင် လဲကျနေသော ကျုံးလုယန်ကို တွေ့ရသည်။

ပုဝီးသည် ကမန်းကတန်းပြေးလွှားသွားကာ စမ်းသပ်ကြည့်ရှုလဘုက်၏။

အသက်မရှိတော့ပါ။

"တောက်"

မုရသေ့ မကျေမနပ် တောက်ခေါက်လိုက်၏။

ပြီးနောက် ရုတ်ခြည်းဆိုသလို အိမ်ပြင်ဘက်သို့ ပြေးထွက်သွား၏။

အပြင်တွင် မှောင်မည်းနေ၏။

မည်သည်ကိုမျှ မတွေ့ရပါ။

အတန်ကြာ ရှာဖွေကြည့်ရှုပါသော်လည်း မည်သည့်ထူးခြားမှုကိုမျှ မတွေ့ရသဖြင့် မုရသေ့မှာ မကျေမနပ်ဖြစ်ပြီး အထဲသို့ ပြန်ဝင်ခဲ့လေသည်။

ပုဝီး သက်ပြင်းချယင်း...

www.burmeseclassic.com

www.burmeseclassic.com



"ခင်ဗျား ရှိလဲ သည်လိုပဲ မဟုတ်လား"

ပုဝိုးက မုရသေ့ကို ပြက်ရယ်ပြုသလို လှမ်းပြောလိုက်လေသည်။

မုရသေ့က မဲ့လိုက်ပြီး...

"ဒါပေမယ့် ထင်းလင်း ရှိပါသေးတယ်"

ဟုပြန်ပြောလိုက်၏။

ထိုအခါမှ သူတို့အားလုံးသည် ထင်းလင်းကို သတိရလာကြသည်။

သူတို့လူစုထဲတွင် ထင်းလင်း မရှိတော့ပါ။

"ဘာပဲပြောပြော ထင်းလင်းဟာ ရန်သူကို တွေ့သွားပြီနဲ့တူတယ်၊ သူပြန်လာတဲ့အထိ ထိုင်စောင့်ကြတာပေါ့"

မုရသေ့မှာ ပြောယင်း ကုလားထိုင်တွင် ဝင်ထိုင်လိုက်၏။

ပုဝိုး မျက်မှောင်ကြုတ်သွား၏။

မုရသေ့ကို မကျေမနပ် လှမ်းကြည့်ပြီး...

"သူက ရန်သူနဲ့ ရင်ဆိုင်နေရပြီး ကျုပ်တို့က အေးအေးဆေးဆေး ထိုင်နေလို့ ဖြစ်မလား"

ဟုပြောလိုက်၏။

မုရသေ့က ပခုံးတွန့်ကာ...

"အေးအေးဆေးဆေး မနေလို့ ဘာလုပ်မလဲ"

"တို့လိုက်သွားဖို့ ကောင်းတာပေါ့"

"ဘယ်ကို လိုက်မှာလဲ"

မုရသေ့၏ကောက်ကာငင်ကာ အမေးကြောင့် ပုဝိုး ပါးစပ်



ပိတ်သွား၏။

မှန်ပါသည်။

ဘယ်လိုက်ရမှန်း မသိပါ။

"ဟုတ်တယ်၊ အပြင်မှာ လုံခွမ်းလဲ ရှိနေတာပဲ၊ သူတို့နှစ်ယောက်ဆို လုံလောက်ပါပြီ"

ဂူတန်ဓားသမားက ပြောရင်း သူကိုယ်တိုင်ပါ ခြေပစ်လက်ပစ် ထိုင်ချလိုက်လေသည်။

* * *

ထင်းလင်းသည် လူရိပ်နောက်သို့ ထက်ကြပ်မကွာ ပြေးလိုက်သွားရာ မကြာမီမှာပင် မီလုမိခင် အခြေအနေသို့ ရောက်လာ၏။

ထင်းလင်းမှာ ပိုအားတက်လာပြီး ကိုယ်ဖော့ပညာကို အစွမ်းကုန် ထုတ်သုံးလိုက်သည်။

နှုတ်မှလည်း လှမ်းအော်ဟန့်တား၏။

"ဟေ့ ရပ်စမ်း၊ မပြေးနဲ့"

သို့သော်...

ထိုလူရိပ်မှာ ရပ်တန့်ခြင်း မရှိပါ။

အားကုန်ပြေးလွှားသွားသည်။

တဖြောင့်တည်း ပြေးခြင်း မဟုတ်ပေ။

ကွေ့ကာကောက်ကာဖြင့် မြွေလိမ်မြွေကောက် ပြေးသည်။

www.burmeseclassic.com

www.burmeseclassic.com



ထင်းလင်းသည် ထိုလူရိပ်နောက်သို့ မျက်ခြည်မပြတ် ပြေးလိုက်၏။

ယင်းသို့ ပြေးလိုက်ယင်းမှ ထိုလူရိပ်၏ပုံသဏ္ဌာန်ကို လှမ်း၍ အကဲခတ်လေသည်။

ထိုလူ၏ဆံပင်မှာ လေတွင် လွင့်ပျံနေ၏။

ဆံပင်နှင့် ခန္ဓာကိုယ် အချိုးအစားအရ အမျိုးသမီးတစ်ဦးဖြစ်ကြောင်း ရိပ်မိလိုက်၏။

အမုန်းမိစ္ဆာဟူသော အသိက သူ့အား အားသစ်လောင်းပေးလိုက်သလို ဖြစ်သွားလေသည်။

ထိုလူရိပ်သည် အမုန်းမိစ္ဆာသာ ဖြစ်မည်ဟု ခန့်မှန်းယူဆလိုက်၏။

အတန်ကြာသော် သူတို့နှစ်ယောက်၏ အကွာအဝေးသည် ဝါးတစ်ရိုက် မရှိတစ်ရှိခန့်အထိ နီးကပ်လာလေသည်။

ရှေ့မှ လူရိပ်သည် ပြေး၍ မလွတ်နိုင်ကြောင်း ရိပ်စားမိသွားပုံရသည်။

ချက်ချင်းပင် ကိုယ်တစ်ပတ်လှည့်ကာ လက်နက်ပုန်းများ ပစ်လွှင့်လိုက်လေသည်။

လူရိပ်၏ ရုတ်တရက် တိုက်ခိုက်မှုမှာ ကြောက်မက်ဖွယ်ကောင်းလှပေသည်။

ထင်းလင်းမှာ လက်နက်ပုန်းလေး များစွာကို တွေ့သောအခါ ကမန်းကတန်း နောက်ကျွမ်းထိုးကာ ရှောင်တိမ်းလိုက်ရသည်။

တဆက်တည်းပင် ဓားကို ဆွဲထုတ်၍ ဝှေ့ယမ်းကာကွယ်



လိုက်ရ၏။ ကာကွယ်သည့်ကြားမှပင် လက်နက်ပုန်းအပ်တစ်ခုသည် ထင်းလင်း၏ရင်ဝသို့ တည့်တည့်မတ်မတ်ပင် လာရောက်ထိမှန်လေသည်။ ထင်းလင်း မြေပေါ်သို့ လဲကျသွား၏။

သို့သော် သတိလွတ်သွားခြင်းကား မရှိပေ။

ချက်ချင်းပင် ခေါင်းထောင်ကြည့်၏။

ထိုအမျိုးသမီးကို လုံးဝမတွေ့ရတော့ပေ။

ထင်းလင်း မကျေမနပ် ဖြစ်သွားပြီး တောက်တစ်ချက် ခေါက်လိုက်သည်။

ထို့နောက် ရင်ဝတွင် ငြိတွယ်နေသော လက်နက်ပုန်းကို ထုတ်ယူလိုက်၏။

ကြူးယွင် ပေးထားသော နဂါးကြေးခွံကိုယ်ကြပ်အင်္ကျီကြောင့်သာ လက်နက်ပုန်းသည် သူ၏ရင်ဝသို့ စူးနစ်ဝင်ရောက်မသွားခြင်း ဖြစ်သည်။

ထင်းလင်းသည် လက်နက်ပုန်းကို သေချာစွာ အကဲခတ်ကြည့်လိုက်သည်။

လက်နက်ပုန်းအပ်ကလေးမှာ အစိမ်းရောင်သမ်းနေသဖြင့် အလွန်ပြင်းထန်သော အဆိပ်သုတ်လိမ်းထားကြောင်း သိသာနိုင်သည်။

ထင်းလင်းသည် လက်နက်ပုန်းအပ်ကလေးကို သိမ်းဆည်းပြီး နောက်ကြောင်းပြန်လှည့်လာခဲ့လေတော့သည်။

* * *

www.burmeseclassic.com

www.burmeseclassic.com



ထင်းလင်း အိမ်ထဲသို့ ဝင်လိုက်သောအခါ ပုဝိ၊ ဂူတန်ဓား သမား မုရသေ့နှင့် လုံခွမ်းတို့ ထိုင်နေသည်ကို တွေ့လိုက်ရလေ၏။

မုရသေ့က ထင်းလင်း ဝင်လာသည်ကို တွေ့သည်နှင့် အား တက်သရော လှမ်းမေးလိုက်၏။

"ရန်သူကော တွေ့လား"

ထင်းလင်းက အိတ်ထဲမှ လက်နက်ပုန်းငယ်ကို စားပွဲပေါ် သို့ ပစ်တင်ပြီး ကုလားထိုင်တွင် ခြေပစ်လက်ပစ် ထိုင်ချလိုက်လေ၏။

မုရသေ့က ထိုလက်နက်ပုန်းအပ်ကလေးကို သေချာစွာ စစ် ဆေးကြည့်ရှုသည်။

"ဒါဟာ အမုန်းမိစ္ဆာရဲ့ လက်နက်ပုန်းအစစ်ပဲ"

အဆိပ်အပ်ကို သေချာစွာ စစ်ဆေးပြီးနောက် မုရသေ့က မှတ်ချက်ချလိုက်၏။

အဏာသားလုံခွမ်းက...

"ဟုတ်တယ်၊ မင်း သူ့ကို လွှတ်လိုက်ရတယ် ထင်တယ်"

ထင်းလင်း ခေါင်းညိတ်လိုက်သည်။

"အင်း သူ ကျွန်တော့်လက်က မလွတ်နိုင်ဘူး၊ ကျွန်တော် ညံ့လို့ သူ ရုတ်တရက် တိုက်ခိုက်နိုင်ခဲ့တာ၊ ကျွန်တော် သူ့ကို တစ် ချိန်လုံး သတိထားခဲ့တာပါ၊ ဒါပေမယ့် မိခါနီးတော့ ဝမ်းသာပြီး မေ့ သွားတယ်လေ"

မုရသေ့က...

"ဒါဆို သူက မင်းကို အလစ်တိုက်ခိုက်ပြီး မင်းရှောင်နေရ တုန်း ကိုယ်ရောင်ပျောက်သွားတာပေါ့"



ဟုမေးလိုက်၏။

ထင်းလင်းမှာ မျက်နှာနီရဲစွာဖြင့်ပင် ခေါင်းညိတ်ဝန်ခံလိုက် ရလေသည်။

လုံခွမ်းက...

"မင်းရှက်စရာ မလိုပါဘူး၊ ဘာလို့လဲဆိုတော့ မင်းက အမုန်းမိစ္ဆာကို မိလုမိခင်ကနေ လွတ်သွားတာ၊ ငါကတော့ မိန်းက လေးတစ်ယောက်ကို မိတော့မလိုကနေ လွတ်သွားတာ"

"ဟင်...ဘယ်လို"

လုံခွမ်း၏စကားသံကြောင့် အားလုံး အံ့အားသင့်သွားကုန် ကြ၏။

လုံခွမ်းက ပြုံးပြရင်း...

"သည်လိုကွ၊ ငါလဲ အပြင်မှာ ရောက်နေတာ ကြာပြီ၊ သည် အချိန်မှာ မိန်းကလေးတစ်ယောက်ကို တွေ့လိုက်လို့ ငါက ဆီးကြိုပြီး တိုက်ခိုက်တယ်၊ မိန်းကလေးက ထွက်ပြေးသွားတယ်၊ ငါလဲ ဘယ်မှာ နေမှာလဲ၊ နောက်က လိုက်တာပေါ့၊ ရွာပြင်လဲ ရောက်ကော မိန်းက လေးက မပြေးတော့ဘဲ ငါ့ကို ခံတိုက်တယ်၊ ဒါပေမယ့် သိုင်းကွက် ဆယ်ကွက်အတွင်းပဲ မိန်းကလေးကို အနိုင်ရခဲ့တယ်၊ ဒါပေမယ့် မျက် နှာဖုံးစွပ်ထားတဲ့ လူတစ်ယောက် ဝင်ပြီး ကယ်တင်သွားတာ ခံလိုက် ရတယ်"

မုရသေ့ မျက်မှောင်ကြုတ်သွား၏။

"သည်လူ့နောက်ကို မလိုက်ဘူးလား"

လုံခွမ်းက...

www.burmeseclassic.com

www.burmeseclassic.com



"လိုက်တာပေါ့၊ ဒါပေမယ့် တစ်ခဏအတွင်းပဲ ပျောက်သွားတယ်"

ထင်းလင်းက...

"ဒါဆို သူတို့ လူများတာပဲ"

"ဟုတ်တယ်"

"ဒါထက် အလောင်းကို စစ်ဆေးပြီးပြီလား"

"စစ်ဆေးပြီးပြီ အဆိပ်ပဲ"

"အဆိပ်အပ်ကော တွေ့သလား"

"အဲဒါ ထူးဆန်းတာ အဆိပ်လက်နက်ပုန်းကို ရှာမတွေ့ဘူး"

"ပြန်ယူသွားလို့လား"

"ဒါလဲ ဖြစ်နိုင်ဖို့ အလားအလာ မရှိဘူး၊ ဒါပေမယ့် ဖြစ်ကောင်း ဖြစ်နိုင်ပါလိမ့်မယ်"

မုရသေ့ သက်ပြင်းချလိုက်သည်။

"ဘာပဲဖြစ်ဖြစ်၊ သည်တစ်ခါလဲ ကျုပ်တို့ ရှုံးသွားပြန်ပြီ"

ကျန်လူအားလုံးသည် ညှိုးငယ်သော မျက်နှာဖြင့် ခေါင်းငုံ့ထားလိုက်ကြသည်။

* * *



အေးချမ်းမည်ဟု အချိန်ယူနေသော သိုင်းလောကတွင် အမုန်းမိစ္ဆာ၏ သတင်းကြောင့် ပြန်လည်အုံကြွလှုပ်ရှားလာ၏။

မတည်မငြိမ် ပြန်လည်ဖြစ်လာခဲ့၏။

စိုးရိမ်ပူပန်မှုများ သိုင်းလောက၌ ကြီးစိုးလာသည်။

ကျရောက်လာမည့် အန္တရာယ်ကို ကာကွယ်နိုင်ရန် သိုင်းလောကရှိ ဂိုဏ်းအသီးသီး ပြန်လည်စုစည်းလာကြသည်။

အမုန်းမိစ္ဆာအား လိုက်လံရှာဖွေရန် ဆွေးနွေးလာကြလေသည်။

ထိုအချိန်တွင်ပင်...

အိမ်ကလေးတစ်လုံးထဲ၌...

ထင်းလင်း။

လုံခွမ်း။

ဝူတန်မားသမား။

ပုဝီး။

ဘဝသစ်တောင်ကြားမှ ရွှေလက်သမားတော်တို့ တိုင်ပင်ဆွေးနွေးနေကြသည်။

ရွှေလက်သမားတော်က သူ၏စူးစမ်း တွေ့ရှိချက်ကို တင်ပြသည်။

"ကျုပ်စမ်းသပ်ချက်အရ သေလူတွေ အားလုံးရဲ့ အဆိပ်ဟာ တူညီနေတယ်"

"ဟုတ်ကဲ့ ဆက်ပြောပါဦး"

ထင်းလင်းက စကားထောက်ပေးသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဒါပေမယ့် သည့်အဆိပ်ဟာ အမုန်းမိစ္ဆာလက်နက်မျိုးက အဆိပ်နဲ့တော့ မတူပြန်ဘူး"

ထင်းလင်း မျက်မှောင်ကုပ်သွားသည်။

"ဘယ်လို မတူတာလဲ"

"အာနိသင်အရ တော်တော်ကွာခြားတယ်၊ အမုန်းမိစ္ဆာရဲ့ အဆိပ်ဟာ ထိတာနဲ့ သေနိုင်တယ်၊ သည့်အဆိပ်ကျတော့ သိပ်ပြင်း ထန်လွန်းတယ်၊ အဆိပ်ကို အသုံးပြုတဲ့လူဟာ အဆိပ်ပညာ သိပ် တော်လွန်းတယ်၊ အဆိပ်ကို ထိန်းချုပ်နိုင်သလိုပဲ၊ ကျုပ်ရဲ့ အဆိပ် ဖြေဆေးနဲ့ စမ်းကြည့်ပြီးပြီ၊ သိပ်တော့ မလွယ်သေးဘူး"

အာဏာသားလုံခွမ်းက သက်ပြင်းချလိုက်သည်။

"ဟိုတုန်းက အဆိပ်ရာဇာလို လူမျိုးပဲလား"

ရွှေလက်သမားတော် ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ်၊ ဒါပေမယ့် အလျှင်က အဆိပ်ရာဇာ အသုံးပြု တဲ့ အဆိပ် မဟုတ်ဘူး၊ ဘာပဲဖြစ်ဖြစ်၊ ခုကိစ္စဟာ အဆိပ်ရာဇာရဲ့ လက်ချက် ဖြစ်နိုင်တယ်"

"အမုန်းမိစ္ဆာ မဟုတ်တာ သေချာသလား"

မုရသေ့က ကြားဖြတ်မေးလိုက်၏။

ရွှေလက်သမားတော် ခေါင်းခါလိုက်၏။

"ဒါလဲ အတတ်မပြောနိုင်ဘူး၊ ဘာလို့လဲဆိုတော့ သူဟာ လုပ်ကြံမယ့်လူကို အဆိပ်တစ်မျိုး သုံးချင်လဲ သုံးနိုင်တာပဲ၊ သူလဲ သိုင်းလောကမှာ အဆိပ်နဲ့ နာမည်ကျော်ခဲ့တာပဲ မဟုတ်လား"

မုရသေ့ ခေါင်းညိတ်လိုက်သည်။



"အနှစ်နှစ်ဆယ်ဆိုတော့လဲ အဆိပ်ပညာကို ပိုပြီး ကျွမ်း ကျင်အောင် လေ့ကျင့်ဖို့ လုံလောက်တဲ့ အချိန်ပဲ"

ထင်းလင်း ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ်၊ ကျုပ်တို့ သည်တစ်ခါ သတိထားရမှာကတော့ ဖိတ်စာပိုင်ရှင်ကို ကျုပ်တို့ မျက်စိအောက်ကနေ မပျောက်သွားစေဖို့ ဘဲ"

ထင်းလင်း၏အဆိုပြုချက်ကို အားလုံးက သဘောတူ လက် ခံကြလေသည်။

* * *

"ဒေါက်...ဒေါက်"

တံခါးခေါက်သံ ထွက်ပေါ်လာ၏။

သံမဏိအာဏာသား လုံခွမ်း၏စကားသံ အဆုံးတွင် တံခါး ပွင့်သွားလေ၏။

အခန်းထဲသို့ အာဏာသားတစ်ဦး ဝင်ရောက်လာ၏။

အာဏာသားက လုံခွမ်းကို အရိုအသေ ပြုလိုက်ပြီးနောက် စာတစ်စောင် ကမ်းပေးသည်။

ထို့နောက်...

အရိုအသေပြုကာ ပြန်လည်ထွက်ခွာသွားသည်။

လုံခွမ်းက စာကို ဖတ်လိုက်၏။

စာဖတ်ပြီးသောအခါ သက်ပြင်းတစ်ချက်ချလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



စာကို စားပွဲပေါ်သို့ ပစ်တင်ရင်း...

"လာပြန်ပြီ ဖိတ်စာ"

ဟုစိတ်မသက်မသာနှင့် ညည်းညူလိုက်လေသည်။

လူအားလုံးမှာ စားပွဲပေါ်တွင် လန်ကျနေသော ဖိတ်စာကို ဝိုင်း၍ ဖတ်လိုက်ကြ၏။

"ကျိုထို...

နောက်ထပ် ခုနစ်ရက်မှာ မင်းအသက်ယူမယ်"

အောက်တွင် မှတ်ချက်ကလေး တစ်ခုပါ တွေ့လိုက်ရ၏။

ဖိတ်စာရပြီး နှစ်ရက်အကြာတွင် ပို့လိုက်သည်ဟု ရေးသား ပါရှိသည်။

မုရသေ့က...

"အင်း ဒါဆို ငါးရက်ပဲ ကျန်တော့ပါလား"

ဟုရေရွတ်လိုက်၏။

"အင်း ဒါဆို တို့အားလုံး သွားရမှာပဲ"

လုံခွမ်းက ထိုင်ရာမှ ထရင်း တစ်ကိုယ်တည်း ပြောသလိုဖြင့် အားလုံးကို သတိပေးလိုက်သည်။

ထင်းလင်းက...

"ကျိုထို...ကျိုထိုဆိုတာ ဘယ်သူလဲ"

ဟုမေးလိုက်ရ၏။

မုရသေ့က...

"ကျိုထိုဆိုတာ သက်တန့်ဓားလို့ တစ်ချိန်က နာမည်ကျော် ကြားခဲ့တဲ့လူပဲ"



သက်တန့်ဓားဟူသောအမည်ကြောင့် ထင်းလင်း မျက်မှောင်ကြုတ်သွားသည်။

စိတ်လည်း စိတ်ဝင်စားသွားမိလေသည်။

* * *

သက်တန့်ဓား...

သက်တန့်ဓားကျိုထိုမှာ အသက်ခြောက်ဆယ်ကျော်ခန့် ရှိပြီ ဖြစ်သည်။

ဆံပင်များ ဖွေးဖွေးဖြူနေ၏။

သူ၏နားထင်မှာ ချိုင့်ဝင်နေ၏။

မျက်လုံးအစုံမှာမူ အရွယ်နှင့် မလိုက်အောင် စူးရှတောက်ပ နေဆဲ ဖြစ်လေသည်။

သူ၏ရုပ်သွင်မှာ ကြည့်ပျော်ရှုပျော်ရှိသလို နှစ်လိုဖွယ် လည်း ရှိ၏။

ထင်းလင်းသည် ကျိုထိုကို အကဲခတ်ရင်း လေးစားကြည် ညိုမိသည်။

ကျိုထို အကြောင်းကိုလည်း ပိုသိလာ၏။

ကျိုထိုမှာ ဓားသမားတစ်ဦး ဖြစ်သော်လည်း သူ့တွင် ဓား ကိုင်ထားသည်ကို မတွေ့ရပါ။

သို့သော်...

လိုအပ်လျှင် ဓားသည် သူ့လက်တွင်းသို့ အဆင်သင့်

www.burmeseclassic.com

www.burmeseclassic.com



ရောက်ရှိလာတတ်ပေသည်။

သူသည် ပြိုင်ဘက်အား ဓားဖြင့် တစ်ချက်တည်းသာ ခုတ်၏။

ထိုအချက်ကို ရှောင်တိမ်းနိုင်စွမ်း ရှိလျှင် သူဆက်လက် တိုက်ခိုက်ခြင်း မရှိပါ။

သို့သော် ထိုခေတ် ထိုအခါက မည်သူမျှ ကျိုထို၏ဓားချက်ကို ရှောင်တိမ်းနိုင်စွမ်း မရှိခဲ့ပါချေ။

ကျိုထို၏ဓားချက်အောက်၌ အသက်ပျောက်ရသည်ချည်းသာ ဖြစ်လေသည်။

* * *

ကျိုထိုသည် ဖိတ်စာကို ဖတ်ပြီးနောက် ရယ်မောလိုက်လေသည်။

"အမုန်းမိစ္ဆာကို ကျုပ် မကြောက်ပါဘူး၊ ပြီးတော့ ကျုပ်ကိုယ်တိုင်ပဲ သူ့ကို ရင်ဆိုင်ချင်ပါတယ်"

ကျိုထိုက အေးစက်တည်ငြိမ်သော လေသံနှင့် ပြောသည်။

လုံခွမ်းက ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ်၊ ဦးရဲ့ ဆန္ဒကို တကယ်တမ်း ရင်ဆိုင်ရတဲ့အခါ အကောင်အထည် ဖော်ခွင့်ရမှာ သေချာပါတယ်"

ပုဝီးက ကြားဝင်ပြောဆိုသည်။

"အခုဆိုယင် ဖိတ်စာရတဲ့ လူသုံးယောက်ရှိပြီ၊ အဲသည်



လူတွေဆီ ကျွန်တော်တို့ စောင့်ရှောက်ဖို့ သွားခဲ့တယ်၊ ဒါပေမယ့် ရှက်စရာပါပဲ၊ တစ်ယောက်ကိုမှ မကာကွယ်နိုင်ခဲ့ပါဘူး"

ပုဝီး၏စကားကြောင့် ကျိုထို မျက်မှောင်ကြုတ်သွားသည်။

"ဟုတ်လား"

လုံခွမ်း ခေါင်းညိတ်လိုက်သည်။

"အမှန်ပါပဲ၊ တစ်ကြိမ်ပဲ ရန်သူကို တွေ့ခဲ့ရတယ်၊ မဖမ်းနိုင်ခဲ့ပါဘူး၊ ကျန်တဲ့ အကြိမ်တွေမှာ ရန်သူကို လုံးဝမတွေ့ခဲ့ရပါဘူး"

လုံခွမ်း၏စကားအရဆိုလျှင် ရန်သူသည် အမှန်ပင် ကြောက်မက်ဖွယ်ကောင်းသည်ဟု ဆိုရပေမည်။

ကျိုထို သက်ပြင်းချလိုက်သည်။

"အင်း ဒါဆို ကြောက်စရာပဲ"

ရွှေလက်သမားတော်က...

"ဟုတ်တယ်၊ သူဟာ တစ်ကြိမ်မှာတော့ ထူးထူးခြားခြား ဓားကို အသုံးပြုသွားခဲ့တယ်၊ ရန်သူဟာ ပရိယာယ်လဲ ကျွမ်းကျင်ပုံ ရတယ်၊ သည်တော့ ဦးကို မေတ္တာရပ်ခံပါရစေ၊ သည်တစ်ကြိမ်မှာ ရန်သူ လက်ဦးတာကို ကျွန်တော် မလိုလားပါဘူး၊ ဦးအနေနဲ့ အမြဲတစေ ကျွန်တော်တို့နဲ့အတူ ရှိနေဖို့ပါပဲ"

ဟုရှင်းပြလိုက်၏။

ကျိုထို ခေါင်းညိတ်လိုက်ပြီး...

"ကောင်းပြီလေ၊ ကျုပ် အခုအချိန်ကစပြီး ခင်ဗျားတို့နဲ့ တစ်ဖဝါး မခွာ အတူရှိနေဖို့ ကတိပေးပါတယ်၊ ခင်ဗျားတို့ကလဲ ကျုပ်ကို ကတိတစ်ခုတော့ ပြန်ပေးကြပါ"

www.burmeseclassic.com

www.burmeseclassic.com



လုံခွမ်းက...

"ဟုတ်ကဲ့၊ ကျွန်တော်တို့ ဘာကတိများ ပေးရမလဲဆိုတာကို ပြောပါ"

ဟုပြန်မေးလိုက်သည်။

ကျိုထိုက မေးစေ့ကို တစ်ချက်ပွတ်လိုက်ပြီး...

"ကျုပ်လိုချင်တဲ့ ကတိကတော့ အမုန်းမိစ္ဆာ ရောက်လာတဲ့အခါ ကျုပ်တစ်ယောက်ထဲ အလျှင်ဆုံး ရင်ဆိုင်ပါရစေ၊ ခင်ဗျားတို့ ဝင်မပါကြနဲ့"

လုံခွမ်းတို့လူစုမှာ တစ်ယောက်မျက်နှာကိုတစ်ယောက် ကြည့်လိုက်မိကြသည်။

အတန်ကြာမှ လုံခွမ်း ဆတ်ခနဲ ခေါင်းညိတ်လိုက်ပြီး...

"ဟုတ်ကဲ့ ကတိပေးပါတယ်"

လုံခွမ်း၏ကတိစကားကြောင့် သက်တန့်မားကျိုထို ကျေနပ်သွားလေသည်။

* * *

ယနေ့သည် အမုန်းမိစ္ဆာ၏ ချိန်းဆိုသောနေ့ရက် နေ့ပြီဖြစ်ပါသည်။

ကျိုထို အပါအဝင် လူအားလုံးမှာ တက်ကြွနေကြ၏။

ကျိုထိုသည် ပေးထားသည့်ကတိ၊ သည်ကတိအတိုင်းပင် လုံခွမ်းတို့၏အလယ်တွင် ထိုင်နေ၏။



အားလုံးသည် အသင့်အနေအထားဖြင့် အပြင်သို့သာ ဂရုတစိုက် ကြည့်နေကြသည်။

ဤတစ်ကြိမ်တွင်မူ ကျိုထိုအား လုပ်ကြံရန် မလွယ်ကူဟု အားလုံးက ယုံကြည်ကြလေသည်။

အကြောင်းမှာ ရန်သူသည် ကျိုထိုအား လုပ်ကြံရန်မှာ သူတို့၏မျက်စိရှေ့မှောက်တွင် ဝင်ရောက်လုပ်ကြံမှသာရမည် ဖြစ်ကြောင်းတည်း။

အပြင်မှ လက်နက်ပုန်းနှင့်လည်း ပစ်ရန် မလွယ်ကူသောနေရာတွင် ကျိုထိုကို နေရာပေးထားသည်။

ထို့ကြောင့်...

ဤတစ်ကြိမ်တွင် ရန်သူ၏အကြံအစည်သည် လုံးဝအောင်မြင်နိုင်မည် မဟုတ်ဟု အားလုံးက ယူဆထားကြသည်။

* * *

နေဝင်သွားပြီ ဖြစ်၏။

အမှောင်ထု ကြီးစိုးလာ၏။

ကျိုထိုတို့လူစုသည် အခန်းထဲတွင် ဝိုင်းဖွဲ့ထိုင်နေကြသည်။

သို့သော်...

တစ်ဦးနှင့်တစ်ဦး စကားမပြောဖြစ်ကြချေ။

ထို့ကြောင့် အခန်းထဲ၌ ဝိုင်းဖွဲ့ထိုင်နေကြသော်လည်း တိတ်ဆိတ်ငြိမ်သက်နေပေသည်။

www.burmeseclassic.com

www.burmeseclassic.com



မုရသေ့မှာ နေမထိ ထိုင်မသာ ဖြစ်လာ၏။

သူသည် ယခုကဲ့သို့ တိတ်တိတ်ဆိတ်ဆိတ် ဖြစ်နေခြင်းကို မနှစ်သက်ပါ။

ငြိမ်သက်စွာဖြင့် ပေါ်ပေါက်လာမည့် ရန်သူကို စောင့်မျှော်နေရခြင်းကိုလည်း ညည်းညူလေသည်။

အမုန်းမိစ္ဆာ အမြန်ဆုံး လာရန်ကိုသာ ကြိတ်၍ ဆုတောင်းနေမိလေသည်။

အမုန်းမိစ္ဆာ ရောက်လာရန်ကိုသာ ကြိတ်၍ ဆုတောင်းနေမိလေသည်။

အမုန်းမိစ္ဆာ ရောက်လာလျှင် ပေးထားသော ကတိကို ချိုးဖောက်ကာ ဦးစွာ စတင်တိုက်ခိုက်မည်ဟုလည်း စိတ်ကူးထားလေ၏။

ထိုစဉ်မှာပင် မသဲမကွဲ ညည်းညူသံ ထွက်ပေါ်လာသဖြင့် အားလုံး ရင်ထိတ်သွားကြ၏။

ကျိုထိုကို လှည့်ကြည့်မိလိုက်ကြလေသည်။

ကျိုထို၏ခန္ဓာကိုယ်မှာ ယိမ်းယိုင်ပြီး လဲကျသွားသည်ကို လုံးဝမမျှော်လင့် မထင်မှတ်ဘဲ မြင်တွေ့လိုက်ကြရလေသည်။

ထိုအခြင်းအရာကို မြင်တွေ့လိုက်ရသောအခါ မုရသေ့ အထိတ်တလန့် အော်လိုက်မိသည်။

တဆက်တည်းပင် ကပျာကယာ ပြေး၍ ပွေ့ထူလိုက်လေ၏။

ကျိုထို၏ခန္ဓာကိုယ်မှာ ပြာတက်လာသည်ကို တွေ့လိုက်ရ



လေသည်။

ရွှေလက်သမားတော် ချက်ချင်း ရောက်ရှိလာပြီး ကမန်းကတန်း စမ်းသပ်စစ်ဆေးကြည့်လိုက်၏။

အသက်မှာ ငွေ့ငွေ့သာ ရှိတော့သည်။

ရွှေလက်သမားတော်က အဆိပ်ဖြေဆေးတစ်လုံးကို ယူကာ ကျိုထို၏ပါးစပ်ထဲသို့ ထည့်လိုက်၏။

ထို့နောက်...

အတွင်းအားဖြင့် သွေးလည်ပတ်မှုရအောင် ပြုလုပ်ပေးသည်။

သို့သော် အခြေအနေမှာ ဆိုးလာသည်ကို တွေ့ရ၏။

ရွှေလက်သမားတော် ကြိုးစား၍ ကုသနေဆဲမှာပင် ကျိုထို သေဆုံးသွားလေတော့သည်။

* * *

www.burmeseclassic.com

www.burmeseclassic.com



လုံ့ခွမ်း၏မျက်နှာ နီရဲနေ၏။

ထို့အတူ ကျန်လူများ၏မျက်နှာပေါ်တွင်လည်း မကျေနပ်ခြင်း၊ ခံပြင်းခြင်း စသော အရိပ်အရောင်များ သိသာထင်ရှားစွာ ထွက်ပေါ်နေလေသည်။

ရွှေလက်သမားတော်က ကျိုထို၏အလောင်းကို သေချာစွာ စစ်ဆေးကြည့်သည်။

စစ်ဆေးပြီးနောက် ထရပ်လိုက်၏။

သူ၏မျက်နှာပေါ်တွင် ယူကြုံးမရခြင်း အရိပ်အရောင်များ ပေါ်လွင်နေသည်။

မုရသေ့က ရွှေလက်သမားတော်ကို လှမ်းကြည့်လိုက်ကာ...

"ရန်သူဟာ ဘယ်လိုလုပ်ကြံသွားတာလဲဗျ"

ဟုမေးလိုက်၏။

ရွှေလက်သမားတော် သက်ပြင်းချလိုက်သည်။

"ကျုပ်အသုံးမကျတာပါ၊ ကျုပ်အနေနဲ့ သူ့ကို ကြိုတင်ပြီး စစ်ဆေးဖို့ သင့်တယ်"

ရွှေလက်သမားတော်၏လေသံသည် မချိတင်ကဲ ဖြစ်မှုကြောင့် တိမ်ဝင်နေ၏။

"သူဟာ အဆိပ်ခတ်ခံရတာ ဟုတ်လား"

ပုဝီးက မျက်မှောင်ကြုတ်ရင်း လှမ်းမေးသည်။

ရွှေလက်သမားတော်က ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ်၊ သူဟာ အဆိပ်ကြိုပြီး မိထားတာ၊ အဲ့ဒီ



အဆိပ်က အစွမ်းပြခဲ့တာ"

"ဒါဆိုရင်"

လုံ့ခွမ်း၏စကားမဆုံးမီ ရွှေလက်သမားတော်က ကြားဖြတ်လိုက်သည်။

"လူသတ်သမားဟာ အဆိပ်ကို ထိန်းချုပ်နိုင်တာ သေချာပြီ၊ သူဟာ လုပ်ကြံမယ့်လူကို အဆိပ်နဲ့ လုပ်ကြံခဲ့ပြီးမှ ဇိတ်စာပေးပို့တာပဲ၊ ဒါကြောင့် ကျုပ်တို့က ရန်သူကို မဲနေတဲ့ အချိန်မှာ ရန်သူဟာ တစ်နယ်တစ်ကျေးကိုတောင် ရောက်နေလောက်ပြီ"

ရွှေလက်သမားတော်၏ ရှင်းပြချက်ကို ကြားသိရသည့်အခါ အားလုံး၏ရင်ထဲ၌ လေးလံသွားကြ၏။

ယုတ်မာရက်စက်သော လူသတ်သမားကိုလည်း ပို၍ မုန်းရွံ့လာကြလေသည်။

"ဒါဆိုရင် ဘယ်သူကာကွယ်မလဲ"

မုရသေ့က စိတ်ရှုပ်သည့် လေသံဖြင့် လှမ်းမေးသည်။

ရွှေလက်သမားတော်က...

"မေးသင့်မေးထိုက်တဲ့ မေးခွန်းပဲ၊ ကျုပ်တို့ အဆိပ်ဖြေဆေး ရမှ ဖြစ်မယ်"

"ခင်ဗျားရဲ့ အဆိပ်ဖြေဆေးကကော"

"မလွယ်ဘူး၊ ကျုပ် သည်ထက် ပိုကောင်းတဲ့ ဖြေဆေးကို ပြန်ပြီး ဖော်စပ်မယ်၊ ဇိတ်စာရတဲ့လူ မှန်သမျှကို ကျုပ်ရဲ့ ဘဝသစ်တောင်ကြားကိုသာ ပို့ပေးကြပါ"

လုံ့ခွမ်း ခေါင်းညိတ်လိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



ထင်းလင်းက သက်ပြင်းချရင်း...

"ဒါဆို လူသတ်တရားခံကို ဘယ်လိုဖမ်းကြမလဲ"

ဟုမေးလိုက်၏။

ရွှေလက်သမားတော် ပခုံးတွန့်လိုက်သည်။

"ဒါတော့ ကျုပ်လဲ မပြောတတ်ဘူး"

လုံခွမ်းက...

"တို့လူခွဲရတော့မယ်၊ နေရာအနှံ့ ကျုပ်ရဲ့ထောက်လှမ်းရေး သမားတွေကို လွှတ်ရတော့မယ်"

ရွှေလက်သမားတော်က အားလုံးကို တစ်ချက်ဝေ့ကြည့် လိုက်ပြီး...

"ကဲ ကျုပ်ကို သွားခွင့်ပြုပါဦး"

ပြောပြောဆိုဆိုဖြင့် ရွှေလက်သမားတော်သည် အခန်းထဲ မှ ထွက်ခွာသွားလေသည်။

ထင်းလင်းနှင့် မုရသေ့တို့ကလည်း နောက်မှ လိုက်သွားကြ လေသည်။

* * *

## အမုန်းမိစ္ဆာ

မြို့ငယ်လေးတစ်မြို့...

မြို့ငယ်လေးဟု ဆိုသော်လည်း အတော်ပင် ကျယ်ပန်း သော မြို့ကလေး ဖြစ်၏။

တောင်နှင့် မြောက်တန်းလျက် တည်ရှိပြီး အိမ်ခြေလေးရာ ခန့် ရှိသည်။

မြို့တွင်း၌ လမ်းမကြီးတစ်ခုသာ သွယ်တန်းဖောက်လုပ် ထားပြီး လမ်းကြားလေးပေါင်း မြောက်မြားစွာ ရှိ၏။

တစ်ခုသော လမ်းကြားလေးထဲရှိ တည်းခိုခန်းတစ်ခုတွင် လှပသော အမျိုးသမီးနှစ်ဦး တည်းခိုနေသည်။

ထိုအမျိုးသမီးနှစ်ဦးမှာ အမုန်းမိစ္ဆာနှင့် သူမ၏တပည့် ဖူ တို့ပင် ဖြစ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



အမုန်းမိစ္ဆာသည် ခုတင်ပေါ်တွင် ထိုင်နေ၏။

စုစုမှာ တံခါးဝကို ကျောမှီကာ ရပ်နေလေသည်။

အတန်ကြာသည်အထိ တစ်ဦးနှင့်တစ်ဦး စကားမပြော ဖြစ်ကြဘဲ ရှိနေ၏။

အတန်ကြာလျှင် စုစုက စတင်မေးလိုက်၏။

"သခင်မ ဘာကြောင့် မြို့ထဲကို ညတိုင်းညတိုင်း သွားနေရတာလဲ"

အမုန်းမိစ္ဆာက...

"ငါ့အနေနဲ့ မမြင်ရတဲ့ ရန်သူရဲ့ လုပ်ကြံတာကိုတော့ မခံနိုင်ဘူး၊ သူတို့ကို ရအောင် ရှာမယ်၊ သူဟို့ရဲ့ မမြင်ရတဲ့ ရန်သူဟာ ငါပဲ ဖြစ်ရမယ်"

"ဒါကြောင့် ကျွန်မတို့ ညတိုင်း မြို့ထဲကို သွားနေရတာပေါ့ ဟုတ်လား"

"ဟုတ်တယ်၊ သည်မြို့မှာ နာမည်ကြီး သိုင်းသမား မရှိဘူး၊ ဒါပေမယ့် နာမည်ကြီး သူဌေးတစ်ယောက်တော့ ရှိတယ်၊ သူတို့ ပစ်မှတ်ဟာ သည်သူဌေးကြီးပဲ ဖြစ်ရမယ်"

စုစု မျက်မှောင်ကြုတ်သွားသည်။

"အဲသည် သူဌေးက ဘယ်သူလဲ"

ဟုစိတ်ဝင်တစား မေးလိုက်သည်။

"လော်ဖုံး"

အမုန်းမိစ္ဆာ၏အဖြေက တုံးတိတိပင် ဖြစ်သည်။

သို့သော်...



ပြီးပြည့်စုံသော အဖြေပင် ဖြစ်ပါသည်။

* * *

လော်ဖုံး...

လော်ဖုံးဆိုလျှင် ဤမြို့ကလေး၌ မသိသူ မရှိသလောက်ပင် ဖြစ်သည်။

သူ၏အမည်ကို ကလေးကအစ သိရှိကြသည်။

ဤမြို့ကလေးရှိ ဈေးဆိုင်ပေါင်းများစွာအနက် အားလုံး နီးပါးကို သူက ပိုင်ဆိုင်ထားလေသည်။

ထို့အတူ ဤမြို့ကလေး ပတ်ဝန်းကျင်ရှိ လယ်ယာမြေ အားလုံး နီးပါးသည်လည်း သူဌေးကြီးလော်ဖုံး ပိုင်ဆိုင်သော လယ်ယာများသာ ဖြစ်ကြပေသည်။

ထို့ကြောင့်...

သူဌေးကြီးလော်ဖုံးဆိုလျှင် ဤမြို့ကလေး၌ မော့ကြည့်ဝံ့သူပင် မရှိသလောက် ဖြစ်ပေတော့သည်။

* * *

www.burmeseclassic.com

www.burmeseclassic.com



ည…

ကောင်းကင်တွင် လကွေးလေးသာ ရှိ၏။

"ဒေါင်..ဒေါင်"

အဝေးတစ်နေရာမှ အုန်းမောင်းခေါက်သံနှစ်ချက် ထွက်ပေါ်လာ၏။

မြို့ကလေးအတွင်းရှိ အိမ်များအားလုံးလိုလို မီးများ ပိတ်ထားကြပြီ ဖြစ်သည်။

ထို့အတူ သူဌေးကြီးလော်ဖုံး၏အိမ်မှာလည်း မီးမှိတ်ထားကြပြီ ဖြစ်သည်။

တစ်ခါတစ်ရံ လေတိုး၍ သစ်ကိုင်းများ လှုပ်ရှားသွားသည့်အခါတွင် လရောင်များ ပြိုးပြက်စွာ ကျရောက်လာသည်။

ထိုအခါ သူဌေးကြီးလော်ဖုံး၏ ခြံဝင်းအပြင်ဘက် သစ်ပင်ကြီးပေါ်တွင် လူနှစ်ဦး ရှိနေကြောင်းကို တွေ့ရမည် ဖြစ်သည်။

ခွေးအူသံအချို့ ထွက်ပေါ်လာ၏။

အကာလ ညအမှောင်တွင် ဆွဲဆွဲငင်ငင် အူလိုက်သော ခွေးအူသံမှာ အသည်းငယ်သူများအဖို့ ထိတ်လန့်ဖွယ် ဖြစ်သည်။

ထိုအခိုက် လူရိပ်တစ်ရိပ်သည် အိမ်ခေါင်မိုး အဖျားပေါ်မှ လျှင်မြန်စွာ ပြေးလွှားလာနေ၏။

သူ၏လှုပ်ရှားမှုမှာ လျှင်မြန်လှ၏။

ထိုလူရိပ် ထွက်ပေါ်လာသည်ကို တွေ့သောအခါ သစ်ပင်ပေါ်မှ လူနှစ်ယောက်မှာ လူစု ခွဲလိုက်ကြသည်။

ထိုစဉ် ရှေ့မှ သွားသော လူရိပ်မှာ အိတ်ထဲမှ စာတစ်စောင်



ကို ထုတ်ယူပြီး ခြံဝတွင် ချထားရန် ဟန်ပြင်သည်။

ဤတွင် ရုတ်တရက် လေတိုးသံကြောင့် ကိုယ်ခန္ဓာကို တိမ်းစောင်းကာ ကမန်းကတန်း ရှောင်တိမ်းလိုက်၏။

ဝတ်စုံနက်တစ်ဦးသည် ထိုလူ၏နံဘေးမှ ဖြတ်ကျော်ထွက်သွား၏။

တဆက်တည်းပင် ထိုလူ၏လက်မှ စာကို လုယူသွားသည်။

ထိုလူ ဒေါသထွက်သွားပြီး…

"မင်း ဘယ်သူလဲ သေချင်လို့လား"

ဟုတီးတိုးငေါက်ငမ်းလိုက်၏။

ဝတ်စုံနက်က ရယ်မောလိုက်ပြီး…

"သည်စကားကို ကျွန်မမေးရမှာ၊ ရှင် ဘယ်သူလဲ၊ ဘာလာလုပ်တာလဲ"

ထိုလူ ပို၍ ဒေါသထွက်သွားပြီး…

"မင်းက သူဌေးကြီးလော်ဖုံးနဲ့ ပတ်သက်နေပုံရတယ်၊ နှမြောစရာပဲ"

သူ၏စကားကြောင့် ဝတ်စုံနက်မိန်းကလေးမှာ ရှူးရှူးရှဲရှဲ ဖြစ်သွား၏။

ချက်ချင်းပင် ဓားကို ဆွဲထုတ်ပြီး…

"ရှင် ဘယ်သူလဲ၊ ဘာလို့ အယောင်ဆောင်ရတာလဲ"

ဟုမေးလိုက်၏။

ထိုလူက…

"မင်းက ဘယ်သူလဲ၊ ဘာလို့ ငါ့အလုပ်ကို လာရှုပ်နေတာ

www.burmeseclassic.com

www.burmeseclassic.com



လဲ၊ မင်းလမ်းမင်းသွားပါ”

“ရှင် ဘယ်သူလဲဆိုတာ ပြောပါ၊ ဘာလို့ အမုန်းမိစ္ဆာနာမည်ကို အသုံးပြုနေရတာလဲ”

ဝတ်စုံနက်မိန်းကလေးက အေးစက်စွာ ပြန်မေးသည်။

ထိုလူ ရယ်မောပြီး...

“ဟား..ဟား..ဟား၊ မင်းကို ငါ တစ်ခါကယ်ပြီး ပြန်လွှတ်ပေးတာ မှားတာပဲ၊ မင်းဟာ အမုန်းမိစ္ဆာနဲ့ ပတ်သက်မှုန်းသိယင် အဲသည်တုန်းကတည်းက မင်းကို ဖမ်းသွားတယ်”

ထိုသူသည် ယင်းသို့ ပြောရင်း တရကြမ်း ပြန်လည်တိုက်ခိုက်လိုက်လေသည်။

မိန်းကလေးမှာ ထိတ်လန့်သွား၏။

ထိုလူ၏ကြောက်မက်ဖွယ်ရာ အတွင်းအားကိုလည်း ပို၍စိုးရွံ့သွားလေသည်။

ချက်ချင်းပင် နောက်ဆုတ်ရန် စဉ်းစားလိုက်သည်။

သို့သော်...

နောက်ဆုတ်၍ မရတော့ပါ။

ထိုလူက သဘောကျစွာ ရယ်မောလိုက်ပြီး...

“ဟား..ဟား..ဟား၊ မင်း ငါ့လက်က ဘယ်လိုပြေးနိုင်ဦးမှာလဲ”

ဟုပြောရင်း ရှေ့သို့ တိုးလာ၏။

ထိုစဉ်မှာပင်...

“ရှင် လေသိပ်ကျယ်နေပါလား၊ ကျွန်မတပည့်ကို ထိရဲယင်



ထိကြည့်စမ်းပါ”

လွန်စွာ အေးစက်တည်ငြိမ်လှသောအသံ ရုတ်တရက် ထွက်ပေါ်လာသည်။

ယင်းအသံကြောင့် ထိုလူ ထိတ်လန့်တုန်လှုပ်သွားသည်။

ရှေ့သို့ တိုးနေသော ခြေလှမ်းလည်း ရပ်တန့်သွားလေသည်။

အသံ ထွက်ပေါ်လာရာသို့ ဖျပ်ခနဲ လှည့်ကြည့်လိုက်မိသည်။

သစ်ပင်များကြားမှ ဝတ်စုံနက်ဝတ်ဆင်ထားပြီး မျက်နှာကို ဇာပဝါနှင့် စည်းနှောင်ထားသော အမျိုးသမီးကြီးတစ်ယောက် ထွက်ပေါ်လာသည်ကို တွေ့လိုက်ရလေသည်။

“အမုန်းမိစ္ဆာ”

ထိုလူ၏နှုတ်မှ ထိတ်လန့်တကြား လွှတ်ခနဲ ရေရွတ်လိုက်မိသည်။

အမျိုးသမီးကြီးက ရယ်မောယင်း...

“ဟုတ်တယ်၊ ကျွန်မ အမုန်းမိစ္ဆာပါ”

ပြောပြောဆိုဆိုဖြင့် မျက်နှာတွင် စည်းနှောင်ထားသော ပဝါကို ဖြည်ချလိုက်၏။

လရောင်အောက်တွင် လှပသော မျက်နှာတစ်ခု ပေါ်ထွက်လာ၏။

ထိုသူသည် ယင်းအမျိုးသမီးကြီးကို ငေးစိုက်ကြည့်ရင်း...

“အင်း မင်းဟာ လှသလောက် ရက်စက်ကြမ်းကြုတ်တဲ့

www.burmeseclassic.com

www.burmeseclassic.com



မိန်းမ တစ်ယောက်ပဲ”

ဟုပြောလိုက်၏။

အမုန်းမိစ္ဆာက မဲ့လိုက်ပြီး…

“ကျွန်မက ရက်စက်တယ်၊ ဒါပေမယ့် ရှင်ကတော့ ယုတ်မာတယ်၊ ကောက်ကျစ်တဲ့လူပဲ”

ထိုလူ ခေါင်းခါယမ်းလိုက်သည်။

“ကိစ္စမရှိပါဘူး၊ မင်းကြိုက်သလို ပြောနိုင်တယ်၊ မင်းကို တွေ့ရတာ ဝမ်းအသာဆုံးပဲ”

အမုန်းမိစ္ဆာက မျက်နှာမဲ့လိုက်ပြီး…

“ရှင် ဘာဖြစ်လို့ ကျွန်မ ဟန်ဆောင်ပြီး သည်လို လုပ်ကြံနေရတာလဲ”

ထိုလူက…

“မင်းလုပ်ခဲ့တဲ့ နည်းအတိုင်း ငါပြန်ပြီး အသုံးချတာပါ၊ မင်းတုန်းကလဲ ဓာမဏီသိုင်းသမား ဓာတ်မြှုပ်နေတာကို ရှာတွေ့ဖို့အတွက် လူသတ်ခဲ့တာပဲ မဟုတ်လား၊ မင်းနာမည် ပေ့ကျင်းကျင်းပဲဖြစ်ရမယ်၊ မင်း သည်လိုလုပ်မှ ဓာမဏီသိုင်းသမားတို့ မနေနိုင်ဘဲ ပုန်းနေရာက ထွက်လာမှာ မဟုတ်လား”

“ဒါဆို ရှင်လဲ ကျွန်မကို ထွက်ပေါ်လာအောင် ကျွန်မနာမည်ကို အသုံးပြုပြီး လူသတ်နေတာပေါ့”

အမုန်းမိစ္ဆာက ပြန်မေး၏။

ထိုလူက ခေါင်းညိတ်လိုက်၏။

“ဟုတ်တယ်”

BURMESE CLASSIC .com



“ရှင် ဘာရည်ရွယ်ချက်နဲ့ လုပ်တာလဲ”

“ငါပြောပြီးပြီပဲ၊ မင်းပုန်းနေရာက ထွက်အောင်လို့ပါ”

“ကျွန်မ မယုံဘူး”

“မယုံလဲ မတတ်နိုင်ဘူး”

“ရှင်နဲ့ ကျွန်မ အဆက်အဆံမရှိဘူး၊ ရန်ငြိုးလဲရှိမယ် မထင်ဘူး၊ ရှင် ဘယ်သူလဲ”

“ငါ့နာမည် ပြောလဲ မထူးခြားပါဘူး”

အမုန်းမိစ္ဆာ မျက်မှောင်ကြုတ်သွားသည်။

“ဒါဆို ရှင်နဲ့ ကျွန်မ ရန်ငြိုးရှိနေသလား”

ထိုလူက ရယ်မောလိုက်ပြီး…

“ငါ့မှာ ရန်ငြိုးရှိတဲ့ သူတွေ အများကြီးပဲ၊ ဒါပေမယ့် မင်း မပါဘူး”

အမုန်းမိစ္ဆာ ကြောင်အမ်းအမ်း ဖြစ်သွားသည်။

ထိုသူကို နားမလည်နိုင်ဟန်ဖြင့် စိုက်ကြည့်မိသည်။

“ဒါဆို ရှင် ဘာလုပ်ဖို့ ကျွန်မကို ရန်ရှာနေရတာလဲ”

“လူတစ်ယောက်အတွက်ပဲ”

ထိုလူက သက်ပြင်းမှျင်းမှျင်းချရင်း ပြောသည်။

အမုန်းမိစ္ဆာက…

“အဲသည် လူက ဘယ်သူလဲ”

“မင်း နောက်တော့ သိမှာပေါ့၊ မင်း ငါ့နောက် အေးအေး သက်သာလိုက်ခဲ့ဖို့ပဲ လိုတယ်”

ထိုသူက ယင်းသို့ ပြောယင်း တိုက်ခိုက်ရန် ဟန်ပြင်လိုက်

www.burmeseclassic.com

www.burmeseclassic.com



ပြန်သည်။

အမုန်းမိစ္ဆာက လက်ကာပြပြီး…

"ခဏနေဦး ကျွန်မ မေးပါရစေ"

"ဘာမေးမှာလဲ"

"အဲသည် လူဟာ ကျွန်မအပေါ် ရန်ငြိုး ရှိနေသလား"

ထိုလူ ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ်၊ လောကမှာ မင်းကို အမုန်းတီးဆုံးလူကို ပြပါ ဆိုရင် သူ့ကို ပြရမှာပဲ"

အမုန်းမိစ္ဆာ ခန္ဓာကိုယ်တစ်ချက် တုန်ခါသွားသည်။

"ထင်းကျူးလွှေလား"

ထိုလူက ပြန်မဖြေတော့ပါ။

ရုတ်တရက် စတင်တိုက်ခိုက်လိုက်သည်။

အမုန်းမိစ္ဆာကလည်း ပြင်းထန်စွာ ပြန်လည်တိုက်ခိုက်လိုက်လေသည်။

* * *

တိုက်ပွဲမှာ ပြင်းထန်လှ၏။

အမုန်းမိစ္ဆာမှာ ဓားကို အသုံးပြုရင်း တရကြမ်း တိုက်ခိုက်လျက် ရှိသည်။

အဆင့်မြင့်သိုင်းသမားများ ဖြစ်သည်နှင့်အညီ တဒင် အတွင်း သိုင်းကွက်နှစ်ဆယ်ခန့်မျှ ယှဉ်ပြိုင်မိကြပြီ ဖြစ်၏။



အမုန်းမိစ္ဆာသည် ဓားပညာ တိုးတက်လာရုံမျှမက အတွင်းအားလည်း လွန်စွာတိုးတက်လာကြောင်း ထိုသူ နားလည်လိုက်သည်။

သူ့အနေနှင့် ဆက်၍ တိုက်ခိုက်လျှင် အနိုင်ရမည် မရမည်ကို သေချာတိကျစွာ ခန့်မှန်းမရနိုင်ချေ။

ထိုစဉ်မှာပင် ဝတ်စုံနက်နှင့်မိန်းကလေးကလည်း ဓားကို ဆွဲကာ တိုက်ပွဲ အတွင်းသို့ ဝင်ရောက်လာလေသည်။

ထိုမိန်းကလေးမှာ အမုန်းမိစ္ဆာ၏တပည့်စုစု ဖြစ်သည်။

သူဌေးကြီးလော်ဖုံး၏အစောင့်များသည် ခြံဝမှ တိုက်ပွဲသံကြောင့် နိုးလာကြ၏။

ချက်ချင်း မီးများ ထိန်လင်းစွာ ထွန်းညှိလိုက်ကြသည်။

ထို့နောက် လက်နက်ကိုယ်စီဆွဲကာ ခြံပြင်သို့ ပြေးထွက်လာကြသည်။

အမုန်းမိစ္ဆာမှာ အခြေအနေ ရှုပ်ထွေးလာနိုင်သည်ကို တွက်ဆမိပြီး တိုက်ခိုက်မှု နှေးကွေးသွား၏။

ထိုလူလည်း နောက်သို့ ချက်ချင်းဆုတ်လိုက်ပြီး…

"မြန်မြန်လာကြ၊ အမုန်းမိစ္ဆာ ရောက်နေပြီ"

ဟုအော်ဟစ်လိုက်လေသည်။

သူ၏အော်သံကြောင့် သူဌေးကြီးလော်ဖုံး၏လူများ ပြေးထွက်လာကြကာ တိုက်ခိုက်ရန် ဟန်ပြင်ကြ၏။

အမုန်းမိစ္ဆာမှာ အံကို ကြိတ်လိုက်သည်။

မည်သို့သော အခြေအနေတွင် ဖြစ်စေ…

www.burmeseclassic.com

www.burmeseclassic.com



သူမက နောက်မဆုတ်တမ်း တိုက်ခိုက်တော့မည်ဟု ဆုံးဖြတ်လိုက်ပုံရသည်။

သူမ၏သဘောထားကို ရိပ်မိလိုက်သော စုစုက...

"သခင်မ နောက်မှ တိုက်တော့ လူများလာပြီ၊ ကျွန်မတို့ သွားမှ ဖြစ်မယ်"

ဟုသတိပေးလိုက်၏။

အမုန်းမိစ္ဆာမှာ မချင့်မရဲဖြင့် ဓားကို ပြန်လည်ရုပ်သိမ်းလိုက်လေ၏။

"ရှင်သတိထားပါ၊ နောက်တစ်ကြိမ် တွေ့ရင်တော့ ရှင့်ကို ကျွန်မသတ်ရမှ ကျေနပ်မယ်"

အမုန်းမိစ္ဆာသည် ကြုံးဝါးရင်း အမှောင်ထုအတွင်းသို့ ပြေးဝင်သွားလေတော့သည်။

စုစုလည်း သူမ၏သခင်မနောက်မှ ပြေးလွှားလိုက်ပါသွားလေတော့သည်။

ပထမပိုင်း ပြီး၏။

ဒုတိယပိုင်းဇာတ်သိမ်းတွင် ဆက်လက်ဖတ်ရှုပါရန်။

www.burmeseclassic.com